
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တြိစက္ခ
ကညင်ညီနောင်/တြိစက္ခ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၄၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) တြိစက္ခ

ခွင့်ပြုချက်အမှတ် ၅၀၀၁၈၄၀၂၁၁ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၈၀၂၁၁

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ဖက်ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (ဇူလိုင်လ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၆၀)ကျပ်



www.burmeseclassic.com

www.burmeseclassic.com

# ဒသမနှလက်ဆောင်

➢ လောက၌ လူတို့သည်
ကြီးပွားချမ်းသာဖြစ်ရခြင်းသည်လည်းကောင်း၊
ဆင်းရဲမွဲတေမှုဖြစ်ရခြင်းသည်လည်းကောင်း၊
အခြားသူ ပြုပြင်ခြင်းကြောင့် မဟုတ်ပေ။

BURMESE CLASSIC

➢ မိမိပြုခဲ့သော ကံအကြောင်းတရား
အသုံးချရမည့်ဉာဏ်ကို အသုံးမပြုခြင်း
အသုံးပြုရမည့်ဉာဏ်ကို ကောင်းစွာအသုံးချခြင်း
ဝီရိယတရားကို ဥပေက္ခာပြုထားခြင်း
ထိုဝီရိယတရားကို အစဉ်သဖြင့် အသုံးပြုနေခြင်း
စသောအကြောင်းတရားများ၏
ကွာခြားမှုများကြောင့် ရရှိသောအကျိုးတရား
ရလဒ်များလည်း မတူနိုင်ကြတော့ပေ။

➢ ရှေးအတိတ်ဘဝက ကံကို မပြုပြင်ခဲ့သဖြင့်
ယခု ကံမကောင်းရခြင်းဖြစ်၏။
ယခုတစ်ဖန် ကံကို ကောင်းမွန်အောင် ပြုပြင်မှု မလုပ်လျှင်
နောင်တမလွန်မှာလည်း ကောင်းကျိုးရနိုင်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထု၌ ပါဝင်သော အခန်းများ


အခန်း(၁) မိတ်စက်သံ ကြိုက်သော ပရလောကသားများ

အခန်း(၂) အထိကရ ကျတ်ကုန်း

အခန်း(၃) အစိမ်းသေတို့ရဲ့ တစ္ဆေကုန်း

အခန်း(၄) လှည်းကြုံလိုက်မိသော သဘက်နှစ်ကောင်

အခန်း(၅) ပရလောကသားများနှင့် မိတ်ဆွေဖွဲ့ရခြင်း

အခန်း(၆) ကံကောင်းထောက်မသဖြင့် ရွှေစေတီ ဖူးတွေ့ရသူ

အခန်း(၇) သတို့သား အငှားလိုက်ရသူ

အခန်း(၈) ဂမုန်းဂူမှ သတို့သမီးလောင်း

အခန်း(၉) ဘုမ္မိယတို့၏လျှို့ဝှက်သည့်နေရာ

အခန်း(၁၀) ဂမုန်းနက်ဖြင့် မိစ္ဆာများကို နှင်ထုတ်ရခြင်း

အခန်း(၁၁) ပဌမံကျမ်းနှင့် ပြူစားတတ်သော လက္ခဏာများ


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

## ဝါတ်စက်သံကြိုကြားသော ပရလောကသားများ

ပရလောကဟူ၍ ခေါ်ဝေါ်စေကာမူ လူသားများ နေထိုင်ရာ လူ့လောကနှင့် တဆက်တစပ်တည်း၌ပင် ရှိပေသည်။ လူအပါအဝင် သတ္တဝါဘဝ ရောက်လာပါက ရုပ်နှင့်နာမ်နှစ်ပါးဖြင့် ရုပ်တည်ကြရသည်။

သို့မှသာ အသက်ရှင် နေနိုင်ခွင့်ရပေသည်။

သေဆုံးသွားလျှင်တော့ ရုပ်နှင့်နာမ် ကွဲသွားပေတော့သည်။

ရုပ်မရှိဘဲ နာမ်ချည်းသက်သက် ရှိသောဘဝကို ပရလောကသား သို့မဟုတ် ဝိညာဉ်လောကသားဟု ယေဘုယျ ခေါ်ဝေါ်၍ရနိုင်ပေ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ဖန်ဆင်းသည့်ရုပ် မရှိဘဲ နာမ်ချည်းသက်သက်ရှိသော ဘုံဘဝများ အတော်များပါသည်။

ဗြဟ္မာဘုံများမှာပင် နာမ်ချည်းသက်သက်ရှိသော အဆင့်မြင့်သောဘုံများရှိကြသည်။

လူ့ဘုံထက် အဆင့်နိမ့်သော သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ကျွတ်သော အနိမ့်စား ပရလောကသားများအပါအဝင် ရုက္ခစိုး၊ ဘုမ္မစိုးနှင့်ဘူတသိုက်များကို စောင့်နေရသော ဘုံဘဝများမှာ လူ့ဘဝနှင့် တဆက်တစပ်တည်း ရှိနေကြသည်။

၎င်းတို့၏မတင့်တယ်သော ခန္ဓာကိုယ် ရုပ်ဆင်းသွင်ပြင်တို့ကို လူတို့ တွေ့မြင်ရန် မသင့်သောကြောင့် ကွယ်ပျောက်နေကြခြင်းဖြစ်၏။

ပရလောကသား အတော်များများမှာ ဖန်ဆင်းနိုင်သော တန္မဖိဒ္ဓိတန်ခိုးရှိရာ အချို့က တင့်တယ်လှပသော ရုပ်ဆင်းသွင်ပြင်တို့ကို ဖန်ဆင်းနိုင်ကြသည်။

အချို့က ခြောက်လှန့်လိုသောကြောင့် ကြောက်လန့်ဖွယ်ရာ ရုပ်ဆင်းသွင်ပြင်တို့ကို ဖန်ဆင်းပြသကြသည်။

တစ်ခါက မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ကျောင်းအစ်မကြီး သေဆုံးသွားသဖြင့် ရေစက်ချပြီး ပြန်လာရာ နောက်ဘက်မှ လှမ်းခေါ် သံ ကြားရသည်။

"ဆရာတော်ဘုရား"

ထိုအသံကြားသည်နှင့် ကျောင်းအစ်မကြီး ခေါ်သံမှန်း ဆရာတော်က သိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းအစ်မကြီးအသံ မှတ်တယ်"

"မှန်ပါတယ်ဘုရား"

"အခု ဒကာမကြီးရဲ့ရက်လည်ဆွမ်း ရေစက်ချပြီး လာတာပါ၊ ကျုပ်ပေးတဲ့ အမျှအတမ်းရော ရရဲ့လား"

"ရပါတယ်ဘုရား. . . တပည့်တော် ကွယ်လွန်တော့ အယူစွဲ တစ်ခုကြောင့် ဖုတ်တစ္ဆေဘဝကို ရောက်နေခဲ့ရပါတယ်၊ အခု ဆရာတော် ပေးတဲ့ အမျှအတမ်းကို ရပြီး သာဓုခေါ်နိုင်တော့ မြင့်မြတ်တဲ့ ဘုံဘဝကို သွားရတော့မှာပါ၊ ဒါကြောင့် ဆရာတော်ဘုရားကို လာပြီး နှုတ်ဆက်တာပါ ဘုရား"

ဟု ပြောသည်။ အသံသာ ကြားရသော်လည်း ရုပ်ဆင်းသွင် ပြင်ကိုတော့ မမြင်ရပေ။

"ဒကာမကြီး အခုရောက်နေတဲ့ဘဝကို ကျုပ်ကြည့်လိုတယ်"

"တပည့်တော်မ အခုရောက်နေတဲ့ဘဝက အရှင်ဘုရား ကြည့်လို့မှ မတင့်တယ်တဲ့ဘဝမျိုးပါဘုရား၊ ဒါကြောင့် မကြည့်ချင်ပါနဲ့"

"ကျုပ်က တရားအမှတ်နဲ့ ကြည့်မှာပါ"

"ဒီလိုဖြင့် တပည့်တော်မ တစ်ကိုယ်လုံးကိုတော့ မကြည့်ပါနဲ့ ဘုရား၊ မတင့်မတယ် ရွံရှာဖွယ် ရုပ်ဆင်းသွင်ပြင် ရှိလို့ပါ၊ အရှင်ဘုရား ကြည့်ချင်ရင် တပည့်တော်မရဲ့ လက်ညှိုးတစ်ချောင်းကိုပဲ ပြပါ့မယ်၊ သစ်ပင်အနောက်ဘက်ကို ကြည့်တော်မူပါဘုရား"

ဟု လျှောက်သဖြင့် သစ်ပင်အနောက်ဘက်ကို လှမ်းကြည့် လိုက်သောအခါ ထွန်တုံးအရွယ်အစားခန့်ရှိပြီး အမွေးအမှင်များ ဖုံးလျက် နေသော လက်ညှိုးကြီးတစ်ချောင်းကို တွေ့ရသည်။ အတန်ကြာတော့မှ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

အချို့ပရလောကသားတို့မှာ အကူအညီလို၍ပဲဖြစ်စေ၊ တစ်စုံတစ်ခု ပြောလို မှာကြားလို၍ပဲဖြစ်စေ၊ သက်ဆိုင်သူတို့အား ပုံပန်းသဏ္ဌာန်အမျိုးမျိုးနှင့် လာရောက်ချဉ်းကပ်လေ့ရှိကြသည်။

ထိုအခါ လူတို့က တစ္ဆေသရဲ ခြောက်သည်ဟု ထင်ကာ ကြောက်ရွံ့ထိတ်လန့်ကြသည်။

အချို့က ၎င်းတို့ မကြိုက်တာ လုပ်သဖြင့် ရန်မူသည့်အခါမှာ ကြောက်ရွံ့ဖွယ်ရာ ပုံပန်းသဏ္ဌာန်တို့ကို ဖန်ဆင်းပြကြလေသည်။

အများအားဖြင့်တော့ လူတို့နှင့် တဆက်တစပ်တည်း ရှိနေသော်လည်း အကြောင်းမဲ့ ခြောက်လှန့်မှုတော့ မပြုကြပေ။

အကယ်၍ လူတို့က သူတို့ကို ထိခိုက်နာကျင်၊ သေကျေပျက်စီးအောင် ပြုလုပ်ပါက ကလဲ့စားချေခြင်းများ ပြုလုပ်တတ်ကြပေသည်။

ထိုအဖြစ်အပျက်မျိုး အလယ်ရိုးမဟု ခေါ်သော ပဲခူးရိုးမ အတွင်း၌ ဖြစ်ပျက်ခဲ့ဖူးပေသည်။

ဗြိတိသျှနယ်ချဲ့များ မြန်မာနိုင်ငံကို သိမ်းပိုက်ထားစဉ်ကာလက မြန်မာနိုင်ငံအတွင်းရှိ သစ်တောကြီးများမှာ လူတိုးမပေါက်အောင် ကောင်းလှသည်။

ရှေးအခါက ယခု ရွာများ၊ လယ်ကွက်များ ဖြစ်နေသောနေရာများမှာ သစ်တောများသာဖြစ်ပေသည်။

ကျွန်းညိုကြီး၊ မိန်းမလှကျွန်း အစရှိသော ပျဉ်ဒရယ်သစ်တောများမှာ ရှေးအခါက နေညိုချိန် ရောက်လာသည်နှင့် တောထဲသို့ လူမထွက်ဝံ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ မျက်စိလည်သွားသည်နှင့် မူလနေရာ ရောက်အောင် ပြန်လာဖို့ မလွယ်ကော့ပေ။

ထို့အတူ အထက်ဒေသပိုင်းရှိ သစ်တောကြီးများမှာလည်း လူတိုးမပေါက်အောင် ကောင်းလှပေသည်။

သစ်ထုတ်လုပ်ရေးဝန်ထမ်းများမှာ ထိုသစ်တောများအတွင်းသို့ သွားရောက်လုပ်ကိုင်ကြရာတွင် အန္တရာယ်မျိုးစုံတို့နှင့် ကြုံတွေ့ကြရသည်။

အင်္ဂလိပ်များ အုပ်ချုပ်စဉ်ကာလက ပဲခူးတိုင်း သစ်တောရုံးမှ သစ်တောဝန်ထောက်က ပဲခူးရိုးမအတွင်းသို့ သစ်ထုတ်လုပ်ရန်အတွက် သစ်တောဝန်ထမ်းနှင့်အလုပ်သမားများကို စေလွှတ်လိုက်လေသည်။

၎င်းတို့ စခန်းချသောနေရာမှာ ဆင်သေချောင်းကမ်းပါးနှင့် နီးသောနေရာဖြစ်သည်။

ထို့ပြင် ဒေးစွန်ပါတောင်ရိုးနှင့်လည်း မဝေးလှပေ။ တိတ်ဆိတ်သောအချိန်များတွင် ဒေးစွန်ပါတောင်တန်းပေါ်မှ ဆည်းလည်းသံများ ကြားရသည်။

ဒေးစွန်ပါဘုရား တည်ထားရာတောင်မှာ ရှေးအခါက စကားဝါပင်များ ရှိသောကြောင့် ဒေစွမ္ပာတောင်ဟု ခေါ်ဝေါ်ကြသည်။

မွန်ဘာသာဖြင့် ဒေးမှာ တောင်ဖြစ်၍ စမ္ပာမှာ စကားဝါပင်ဖြစ်သောကြောင့် စကားဝါပင်များ ပေါက်ရောက်ရာတောင်ဟု အဓိပ္ပါယ်ရလေသည်။

သို့ကြောင့် ထိုတောင်ပေါ်တွင် တည်သောစေတီတော်ကိုလည်း ဒေးစွန်ပါ(ဒေးစမ္ပာ)ဘုရားဟု ဘွဲ့အမည်ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်မှာ 'စကားဝါတောင်ဘုရား' ဟု အဓိပ္ပါယ်ရလေသည်။ စေတီတော်၏ဘုရားဒါယကာမှာ အသကုမ္ဘာဘုရင်ဖြစ်သည်။

ဒေးစွန်ပါတောင်နှင့် ပတ်သက်သော ထူးခြားမှုအချို့ ရှိပေသည်။

(၁) မြတ်စွာဘုရား ဆံတော်အစစ် ကိန်းဝပ်တည်ရှိခြင်း၊

(၂) ထိုဒေသတွင် မဟာဂန္ဓာရီ သိဒ္ဓိရှင်ပုဂ္ဂိုလ်တို့၏ နောက်ဆုံးစခန်းဝင်ရာ အောင်မြေဌာန ရှိခြင်း၊

(၃) ဤဒေသတွင် ဘုမ္မိယ ခေါ် သိုက်နန်းရှင် ဥစ္စာစောင့်များ လွန်စွာပေါများခြင်း၊

(၄) ထူးခြား၍ သိဒ္ဓိရှိသောဆေးပင်၊ ဂမုန်းပင်များစွာတို့ ပေါက်ရောက်ကြခြင်း၊

(၅) အရည်အသွေးကောင်းသောရွှေများ ထွက်ရှိခြင်း၊

အစရှိသည်တို့ ဖြစ်သည်။

ထိုတောင်တစိုက်တွင် ရှိသော သိုက်နန်းပေါင်း (၉၉၉၉၉) ကိုးသိန်းကိုးသောင်းကိုးထောင့်ကိုးရာကိုးဆယ့်ကိုးခု ရှိကြောင်း အမှတ်အသားရှိကြလေသည်။

ထိုသိုက်နန်းများနှင့် ပတ်သက်၍ ထူးဆန်းသော အကြောင်းအရာ အဖြစ်အပျက်များစွာတို့လည်း ရှိခဲ့ပေသည်။

နောက်အခန်းများတွင် အလျဉ်းသင့်က ဖော်ပြပေးပါမည်။

ဆင်သေချောင်းအနီးတွင် သစ်တောစခန်းအသစ် ဖွင့်သောအခါ တောအုပ်တောခေါင်းများ နေထိုင်ရန် ဗိုလ်တဲနှစ်လုံး၊ အလုပ်သမားများ နေရန် တန်းလျားများကို အရင်ဆောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆောက်ရာတွင် သစ်၊ ဓနိ၊ ဝါးတို့ အသုံးပြုကာ ဆောက်ကြလေသည်။

ဗိုလ်တဲများကို သစ်တိုင်၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ဓနိမိုးပြီး အလုပ်သမားများ နေသော တန်းလျားများမှာတော့ သစ်တိုင်ထူ၊ ဓနိမိုး၊ ဝါးထရံကာ၍ အခင်းကို ဝါးပိုးဝါးများ ခြမ်း၍ ခင်းပေးထားသည်။

စခန်းဆောက်လုပ်ရန် နေရာရွေးကြရာ ဆင်သေချောင်းနှင့် မနီးမဝေးရှိ တောင်ကုန်းသဖွယ်ဖြစ်နေသော ကွက်လပ်တစ်ခုကို ရွေးချယ်ကြသည်။

ထိုနေရာသည် သစ်ကြီးဝါးကြီးများ သိပ်မရှိဘဲ ကိုင်းတောများသာ ရှိသဖြင့် ရှင်းလင်းရတာ လွယ်ကူသောကြောင့် ရွေးလိုက်ကြခြင်းဖြစ်သည်။

အဆောက်အဦး ဆောက်လုပ်ရန် ကိုင်းတောများ ရှင်းလင်းသောအခါ ကိုင်းတောများအတွင်းမှ မြွေတွန်သံများ အဆက်မပြတ်ကြားရသည်။

အတော်အတန် ရှင်းမိသောအခါ ကိုင်းတောအတွင်းမှ ပျဉ်ကျိုးပျဉ်ဆွေးများနှင့် လူအရိုးစုအချို့ကို တွေ့ကြရသည်။

သို့သော်လည်း အမှုမဲ့ အမှတ်မဲ့နှင့်ပင် ထိုအရိုးများကို ဖယ်ရှားကာ ဆက်လက်ရှင်းလင်းကြသည်။

ထိုသို့ ရှင်းလင်းနေကြစဉ် သစ်တောအုပ်အတွင်းမှ အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် လူတစ်ယောက် ထွက်လာပြီး ဒေါသသံနှင့် ပြောသည်။

"ဒီနေရာမှာ ဘာလုပ်ကြမှာလဲ"

www.burmeseclassic.com

"သစ်တောအလုပ်သမားတွေ နေဖို့ ဗိုလ်တဲနဲ့ အလုပ်သမား တွေ နေဖို့ အလုပ်သမားတန်းလျားတွေ ဆောက်ဖို့ ရှင်းနေတာ"

အလုပ်သမားတစ်ယောက်က ပြန်ပြောလိုက်သည်။

"ဒီနေရာမှာ မဆောက်ပါနဲ့၊ အခြားနေရာမှာ သွားဆောက်ပါ"

"နေစမ်းပါဦး . . . သစ်တောအရာရှိတွေ နေဖို့ ဆောက်မယ့် ရာ လုပ်နေတာပါဆိုမှ လာပြီးတားနေရအောင် ခင်ဗျားက ဘယ်သူ

"ငါက ဒီနေရာမှာ နေတဲ့လူပေါ့"

"ဒီနားမှာ နေတယ်ဆိုလည်း အခြားနေရာ ရွှေ့ပေတော့၊ သစ် တာအရာရှိတွေ ရောက်လာလို့ တွေ့သွားရင် သက်သက် အဖမ်းခံနေ ယ်၊ ငါတို့ကတော့ သူတို့က ခိုင်းတာဆိုတော့ ဆောက်စရာရှိတာ ဆာက်ရမှာပဲ"

"ပြောမရလည်း ဆောက်ပေါ့၊ နောက်တော့မှသာ ငါတို့ အဆိုး တြနဲ့"

ဟု လေသံမာမာနှင့် ပြောဆိုကာ တောထဲ ပြန်ဝင်သွားလေ ည်။

အလုပ်သမားများလည်း ၎င်းပြောဆိုသည်ကို ဂရုမစိုက်ဘဲ းတောရှင်းလင်းခြင်းနှင့် အဆောက်အဦးများ ဆောက်လုပ်ခြင်းကို မြဲလုပ်ကိုင်ကြလေသည်။

နောက်ထပ် ရက်အနည်းငယ်ကြာသောအခါ ဗိုလ်တဲနှစ်လုံး အလုပ်သမားများ နေရန် တဲတန်းလျားနှစ်လုံးကို ဆောက်လုပ်ပြီးပြ သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးများ ပြီးသောအခါ ပဲခူးသစ်တောစခန်းမှ ဆင်သေချောင်း သစ်တောစခန်းသို့ ရွှေ့ပြောင်းမည့် ဝန်ထမ်းမိသားစုများနှင့် အလုပ်သမားများကို သစ်တုံးသယ်သော လော်ရီကားကြီးများနှင့် တောင်ခြေရောက်အောင် လိုက်ပို့ပေးသည်။

ထိုမှတဆင့် သစ်ဆွဲသော ဆင်များပေါ် ပစ္စည်းများ တင်၍ ဆင်သေချောင်းစခန်းသို့ ခရီးဆက်ကြရသည်။

ထိုအဖွဲ့ကို တောအုပ် ကံဆိုင်ဆိုသူက ခေါင်းဆောင်လာပြီး သူ့နောက်မှ တောခေါင်း၊ ဆင်ခေါင်း၊ ကျွဲခေါင်း၊ ဓါးခေါင်း၊ လွှဆိုင်းသမား အပါအဝင် အလုပ်သမားအတော်များများ ပါလာကြသည်။

စခန်းသို့ ရောက်သောအခါ ဗိုလ်တဲတစ်လုံးကို သီးသန့်ထားပြီး ကျန်ဗိုလ်တဲတစ်လုံးပေါ်မှာ တောအုပ်ကံဆိုင်နှင့် တောခေါင်းမောင်စိန်တို့ မိသားစုများက အခန်းခြား၍နေကြလေသည်။

၎င်းတို့တွင် မိန်းမနဲ့ကလေးများ ပါလာကြသည်။

သီးသန့်ထားသောဗိုလ်တဲမှာ မျက်နှာဖြူအရာရှိများ ရောက်လာပါက တည်းခိုရန်အတွက် ထားရခြင်းဖြစ်၏။

ကျန်ဗိုလ်တဲတစ်လုံးမှာ မိသားစုနှစ်စု နေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အဖော်ရလေသည်။

အလုပ်သမားများကတော့ ထုံးစံအတိုင်း ၎င်းတို့အတွက် ထားသော တဲများတွင် သင့်သလို နေထိုင်ကြသည်။

သစ်ဆွဲရန်အတွက် တပါတည်း ပါလာသော ဆင်နှင့်ကျွဲများကိုတော့ ၎င်းတို့ နေသောနေရာနှင့် မနီးမဝေး တောင်ကုန်းခေါင်၌ နေရာချပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်သောအခါ ဗိုလ်တဲပေါ်တွင် ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားပြီး အလုပ်သမားများ၏တဲတန်းလျားရှေ့မှာတော့ မီးပုံကြီးများ ညလုံးပေါက် ဖိုထားလေသည်။

မီးပုံကြီးများ ရှိနေခြင်းကြောင့် အပူငွေ့ ရသလို မီးခိုးငွေ့များကြောင့် ခြင်နှင့် ပိုးလောင်း၊ မှက် စသော သတ္တဝါများ၏ ကိုက်ခဲမှုမှလည်း သက်သာမှု ရစေသည်။

ညဦးပိုင်းအချိန်တွင် တောအုပ်ကံဆိုင်က ရှင်းယူဆောင်လာသော ဓါတ်စက်ကို ဖွင့်ပေးသည်။

ဂရိတ်ဦးဖိုးစိန်၊ ရွှေဘိုထင်မောင်၊ ရွှေကျီးညို၊ အောင်ဗလစသော ဇာတ်သဘင်အဖွဲ့များမှ အသံသွင်းထားသော ဇာတ်ထုပ်များအပြင် ရှေးခေတ်အဆိုတော်ကြီးများ၏သီချင်းဓါတ်ပြားများကို အသံကျယ်ကျယ်ဖြင့် ဖွင့်ပေးရာ ရှင်းတို့ နေသော ဗိုလ်တဲသာမက အလုပ်သမားများ ရှိရာ တဲတန်းလျားများဆီမှပါ အတိုင်းသား ကြားရသည်။

မြို့ရွာနှင့် ဝေးလံလှသော တောထဲတွင် ထိုကဲ့သို့ ကြားရသော ဓါတ်စက်သံမှာ သူတို့အတွက် တစ်ခုတည်းသော အပန်းဖြေစရာ ဖြစ်တော့သည်။

ညအချိန် ထိုကဲ့သို့ ဓါတ်စက်ဖွင့်လိုက်ပြီဆိုတာနှင့် တောထဲမှ အလုပ်သိမ်း၍ ပြန်လာသော အလုပ်သမားများမှာ မိမိတို့ နှစ်သက်သော ဆေးလိပ်၊ ကွမ်း အစရှိသည်တို့ကို ဖွာရင်း ဝါးရင်း စည်းစိမ်ခံလေ့ရှိကြသည်။

ထိုအချိန်တွင် အပြင်ထွက်သူ မရှိသလောက်ပင်။ ထိုကဲ့သို့ ဓါတ်စက်သံ ပေါ်ထွက်လာသည်နှင့် တောစပ်အမှောင်ရိပ်များထဲမှာ

www.burmeseclassic.com



မည်းမည်းသဏ္ဌာန်များ စုရုံးရောက်လာကြကာ ဓါတ်စက်သံလာရောက် နားထောင်ကြသည်။

ထိုမည်းမည်းသဏ္ဌာန်များမှာ ဓါတ်စက်မှ သီချင်းသံ ကြား သောအခါ လိုက်ဆိုသူကဆို၊ ညည်းညူသံ ပေးသူကပေး၊ အချို့က ထ,ကသူက ကကြသည်။

ညဉ့်နက်ချိန် ရောက်၍ ဓါတ်စက်သံ ရပ်သွားတော့မှ ၎င်းတို့ လည်း တောထဲသို့ ပြန်ဝင်သွားကြသည်။

ထိုကဲ့သို့ တောထဲမှ မည်းမည်းသဏ္ဌာန်များ ဓါတ်စက်သံ လာရောက်နားထောင်နေသည်ကို အလုပ်သမားများက မသိမမြင်ကြ ပေ။

တစ်နေ့သ၌ တောအုပ်ကံဆိုင်မှာ ညဦးပိုင်းအချိန် ထုံးစံ အတိုင်း ဓါတ်စက်ဖွင့်တော့မည် လုပ်ကာမှ အပ်ဗူးကုန်နေသည်ကို တွေ့ရသဖြင့် ဓါတ်စက်မဖွင့်ဘဲ ရပ်ထားရလေသည်။

သို့ကြောင့် ခါတိုင်း ညဦးပိုင်းအချိန် ဓါတ်စက်သံဖြင့် ဆူဆူညံညံ ရှိနေသော ဗိုလ်တဲပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ လေသည်။

သို့စေကာမူ ဗိုလ်တဲနှင့် မနီးမဝေးရှိ အမှောင်ရိပ်များအတွင်း မှာတော့ မည်းမည်းသဏ္ဌာန်များက လှုပ်လှုပ်ရွရွနှင့် ရောက်နေကြ သည်။

အတန်ကြာသည်အထိ ဓါတ်စက်သံ ပေါ်မလာသောအခါ တောစပ်မှ အသံတစ်သံ စူးစူးဝါးဝါး ပေါ်ထွက်လာတော့သည်။

"ဓါတ်စက်ဖွင့်ပါတော့ဗျို့၊ ဒီမှာ ကလေးတွေက ငိုလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကို ဗိုလ်တဲအတွင်းမှာ အရက်သောက်နေသော တောအုပ်ကံဆိုင်က ကောင်းစွာကြားလိုက်ရလေသည်။

သို့ကြောင့် ဒေါသဖြင့် ထ,သွားကာ ပြတင်းပေါက်မှ ရပ်ကာ ပြန်အော်လိုက်သည်။

"ဘယ်သူအော်နေတာလဲကွ၊ ဒီမှာ အပ်ကုန်နေလို့ ရပ်ထားတာပေါ့၊ မင်းတို့ နားထောင်ချင်ရင် အပ်ဗူးသွားယူလာခဲ့ကြ"

ဟု စိတ်တိုတိုနှင့် အော်ပြောကာ မူလနေရာ ပြန်လာပြီး အရက်သောက်နေသည်။

ထိုအခါ မလှမ်းမကမ်းမှာ ရှိနေသော မိန်းမက မေးသည်။

"ရှင် ဘယ်သူ့ကို အော်နေတာလဲ"

"မင်းမကြားဘူးလား၊ ဓါတ်စက်မဖွင့်လို့ အလုပ်သမားတွေ အော်ပြောနေတာလေ"

"ကျွန်မတော့ ဘာအသံမှ မကြားမိပါဘူး"

"ဟင်. ."

ထိုအခါ တစ်ဖက်ခန်းမှာ နေကြသော တောအုပ်မောင်စိန်က ဝါ လှမ်းပြောသည်။

"ဟုတ်ပါတယ် တောအုပ်မင်းရဲ့၊ ကျွန်တော်လည်း မအိပ်သေးပါဘူး၊ အပြင်က ဘာအသံမှ မကြားမိပါဘူး"

တောအုပ်ကံဆိုင်မှာ ဇဝေဇဝါဖြစ်သွားလေသည်။

စောစောက အပြင်မှ လှမ်းအော်လိုက်သောအသံကို သူ့နားနှင့် အသေအချာ ကြားလိုက်ရသည်။

သို့သော်လည်း ကျန်တဲ့လူများ မကြားရခြင်းမှာ အတော်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဆန်းသည်။

မိမိများ အရက်မူး၍ နားထဲ ကြားမိကြာရာ ကြားမိလေရော့ သလားဟု ဇဝေဇဝါဖြစ်သွားမိသည်။

ထိုနေ့ညက အိပ်ယာဝင်တော့လည်း အပြင်ဘက်မှ ဆူဆူ ညံညံအသံများကို အတိုင်းသား ကြားနေရသည်။

မသက်သာသဖြင့် ပြတင်းပေါက်တံခါးကို ဖွင့်ကြည့်တော့လည်း တောစပ်မှာ ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်ရိပ်များကို သာ မသဲမကွဲ လှမ်းမြင်ရပြီး အခြားတော့ ဘာမှမတွေ့ရပေ။

နောက်တစ်နေ့ နံနက်လင်းသောအခါ အံ့ဩဖွယ်ရာတစ်ခုကို မြင်တွေ့ရလေသည်။

အခြားမဟုတ်ပေ။

ခါတ်စက်တင်ထားသော စားပွဲပေါ်မှာ ခါတ်စက်ဖွင့်ရာတွင် အသုံးပြုသော အပ်ဖူးအသစ်တစ်ဖူးကို တွေ့မြင်ရသောကြောင့်ပင် ဖြစ် သည်။

တောထဲမှာ အပ်ဖူးအသစ်က ဘယ်သူလာတင်ထားတာလဲ၊ ဘယ်က ရောက်လာလေသလဲ ဟူသောအဖြေကိုတော့ တောအုပ် တံဆိုင်အပါအဝင် ဘယ်သူမှ မသိကြပေ။

သူတို့အတွက်ကတော့ ဆင်သေချောင်းစခန်းမှ ပွဲဦးထွက် တွေ့ရသော ပဟေဠိတစ်ခုပင်ဖြစ်ပေသည်။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

# အထီးကျန်ကရကျေတ်

သစ်တောစခန်းမှာ နံနက်ပိုင်းအချိန်ကတည်းက တောအုပ်ခေါင်းနှင့် အလုပ်သမားများအားလုံးလောက်နီးနီး တောတက်သွားကြသောကြောင့် စခန်းမှာ ယောကျ်ားတစ်ယောက်မှ မကျန်ခဲ့ပေ။ တောအုပ် တောခေါင်းတို့၏မိန်းမနှင့် ကလေးများသာ ဗိုလ်တဲ၌ ကျန်ခဲ့ကြသည်။

ကလေးများက ဗိုလ်တဲရှေ့တွင် ဆော့ကစားနေကြသောအချိန်တွင် မိန်းမများက အိမ်ပေါ်တွင် ထမင်းဟင်းများ ချက်ပြုတ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်အခန်းနှင့် ဒီဘက်အခန်းဖြစ်ပြီး ကြားမှာ နံရံခြားထားသဖြင့် တစ်ဦးနှင့်တစ်ဦး မမြင်ရသော်လည်း စကားပြောလျှင်တော့ ကြားနိုင်ပေသည်။

တောအုပ်မိန်းမ မခင်ယုံသည် နံနက်ပိုင်းအချိန် မီးဖိုထဲမှာ ထမင်းဟင်း ချက်ပြုတ်နေစဉ် သူမနောက်ဘက်မှ စကားပြောသံလိုလို ကြားရသဖြင့် မကြာခဏ လှည့်ကြည့်သော်လည်း မည်သူမျှ မရှိပေ။

တစ်ခါတစ်ရံလည်း အိုးခွက်ပန်းကန်များ တွန်းရွှေ့သံများကို အတိုင်းသား ကြားနေရသည်။

လှည့်ကြည့်တော့လည်း မည်သူမှ မတွေ့ရသဖြင့် အံ့သြနေလေသည်။ ထိုအသံများမှာ တစ်ဖက်ခန်းမှ တောခေါင်းမိန်းမ မာရီ ချက်ပြုတ်နေသောအသံများဖြစ်မည်ဟု ထင်လိုက်မိသည်။

တစ်နေ့တော့ ထမင်းအိုး တည်ထားပြီး အိမ်ရှေ့ထွက်နေစဉ် မီးဖိုထဲမှ အသံတစ်သံ ပေါ်လာသည်။

"ဟဲ့. . . ထမင်းအိုး ဝေကျနေပြီလေ၊ လာကြည့်လှည့်ဦး"

ကရင်စကားသံလိုလို လေသံခပ်ဝဲဝဲဖြင့် လှမ်းပြောလိုက်သဖြင့် တပျာကယာ နောက်ဖေးပြေးဝင်သွားပြီး ကြည့်လိုက်သောအခါ အမှန်ပင် မီးဖိုပေါ်မှ ထမင်းအိုး ဝေကျနေသည်ကို တွေ့ရသဖြင့် ကပျာကယာ ယောင်းမဖြင့် မွှေကာ ငှဲ့ရလေသည်။

ထမင်းအိုး ငှဲ့နေရင်းမှ စိတ်ထဲမှ သတိရသွားသည်။

"စောစောက မီးဖိုထဲက ငါ့ကို ဘယ်သူလှမ်းခေါ်လိုက်တာပါလိမ့်၊ ဟိုဘက်အခန်းက မာရီအသံလည်း မဟုတ်ပါဘူး"

စိတ်ထဲမှာ မသင်္ကာသဖြင့် ထမင်းအိုးငှဲ့နေရင်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မီးဖိုအတွင်းမှာ ဘယ်သူမှ မရှိပေ။

နောက်တစ်နေ့မနက်ပိုင်းတွင် တစ်ဖက်မီးဖိုချောင်အခန်းဘက်မှ ငရုတ်သီးထောင်းသံ ကြားရသည်။

ငရုတ်သီးထောင်းသံမှာ ဆုံသံအတော်ပြင်းသည်။

"ဟဲ့. . . မာရီ၊ ငရုတ်သီးထောင်းသံ ပြင်းလှချည်လား၊ ဘာဟင်းချက်မလို့လဲဟဲ့"

"အမဲသား ချက်မလို့ အစ်မရေ"

တဖက်ခန်းမှ အသံခပ်အုပ်အုပ်ဖြင့် ပြန်ပြောသည်။

"ဟဲ့. . . ဘယ်က အမဲသား ရလို့လဲ"

"မရနေ့က ကိုမောင်စိန် တောထဲက ရလာတာလို့ ပြောတာပဲ၊ ဟင်းချက်ပြီးမှ တစ်ပန်းကန် ပေးလိုက်ပါ့မယ်"

ဟု ပြောကာ အသံတိတ်သွားသည်။

မခင်ယုံလည်း ထပ်မမေးတော့ပေ။

ထမင်းအိုး ဆေးရာမှ ရေများ သွန်ရန် အနောက်ဘက် ပြတင်းပေါက်တံခါး ဖွင့်လိုက်သောအခါ တောစပ်နားတွင် ဆောက်ထားသောအိမ်သာရှိရာဘက်မှ ပြန်လာသော မာရီကို လှမ်းမြင်ရသဖြင့် အံ့ဩသွားသည်။

နေအိမ်နှင့် အိမ်သာရှိသောနေရာမှာ အတန်ငယ် ဝေးသည်။

"ဟင်. . . မာရီက စောစောက ငရုတ်သီး ထောင်းနေရင်းနဲ့ ငါနဲ့ စကားပြောနေသေးတယ်၊ အခု ဟိုတောစပ်ကို ရောက်နေတယ် အံ့ဩစရာပဲ"

ဟု တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ဘက် ထမင်းစားချိန် ရောက်သောအခါ တောအုပ်ကံဆိုင် ပြန်ရောက်လာသောအခါ ထိုအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"ကျွန်မတော့ ဒီမှာနေရတာ ကြောက်လာသလိုပဲ၊ ဟိုတစ်နေ့တလည်း အပ်ဗူးတစ်ဗူး ဘယ်လိုကဘယ်လို ရောက်လာတယ် မသိဘူး"

"ဘယ်ကဘယ်လို ရောက်ရောက်ကွာ၊ ရတော့လည်း ဓါတ်စက်ဖွင့်ရတာပေါ့၊ ငါတော့ ဒါမျိုးတွေ ယုံလည်းမယုံဘူး၊ ကြောက်လည်းမကြောက်ဘူး"

"ရှင်မကြောက်ပေမယ့် ကျွန်မကတော့ ကလေးတွေနဲ့ နေရတော့ ကြောက်တာပေါ့"

"ဟိုဘက်ခန်းမှာ မာရီလည်း ရှိတာပဲကွာ၊ ဘာကြောက်စရာရှိသလဲ၊ ကဲ. . . ဒါတွေထားစမ်းပါ၊ ထမင်းဆာလာပြီ၊ ထမင်းစားကြရအောင်"

ဟု ပြောကာ ထမင်းဝိုင်း သွားသောအခါ ထမင်းစားပွဲပေါ်မှာ အမဲသားဟင်းတစ်ပွဲ ရောက်နေသည်ကို တွေ့ရသည်။

"ဟာ. . . အမဲသားဟင်းပါလား၊ ဘယ်ကလဲ. . . မင်းချက်ထားတာလား"

"မဟုတ်ဘူး. . . မာရီတို့ဘက်က လာပို့ထားတာဖြစ်မယ်"

"ဟန်ကျတာပေါ့. . . တောထဲ စရောက်ကတည်းက အမဲသား မစားရတာ ကြာပြီ"

ဟု ပြောကာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထမင်းဝိုင်းစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခန်းမှ ပို့သော အမဲသားဟင်းကိုတော့ ကံဆိုင်တစ်ယောက်တည်းလိုလို စားပစ်လိုက်သည်။

ထမင်းစားပြီးတော့ ကံဆိုင်က တောပြန်တက်သွားသည်။

ထိုအချိန်မှ မာရီက ချောင်းဘက်မှ ရေချိုးပြီး ပြန်တက်လာလေသည်။

ထိုအခါ မခင်ယုံက လှမ်းပြောလိုက်သည်။

"မာရီ. . . စောစောက ဟင်းပန်းကန် ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"အစ်မကလည်း. . . ကျွန်မဖြင့် ဟင်းမပို့ရဘဲနဲ့"

"စောစောက အမဲသားဟင်း ပို့ပေးတာ နင်မဟုတ်ဘူးလား"

"မဟုတ်ပါဘူး အစ်မရယ်၊ တောထဲမှာ အမဲသား ဘယ်မှာရမှာလဲ၊ ကျွန်မတို့က ပဲဟင်းနဲ့ငပိပဲ ချက်တာပါ"

ဟု ပြောသောအခါ မခင်ယုံမှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး စားပွဲပေါ်မှ အမဲသားဟင်း ထည့်သောပန်းကန်ကို လှမ်းကြည့်လိုက်သည်။

အမဲသားဟင်းများကို တစ်ယောက်တည်း စားသွားသော ကံဆိုင်မှာလည်း တောထဲ အလုပ်စခန်း ရောက်မှ ဒုက္ခများလေတော့သည်။

ဗိုက်က မခံမရပ်နိုင်အောင် နာလာသဖြင့် သင့်တော်သောနေရာ ပြေး၍ အိမ်သာတက်ရသည်။

ထိုအခါ ဝမ်းသွားသည့်အခါ အစာဝမ်း မဟုတ်ဘဲ ဗိုက်နာစေသော လက်ပံခေါက်တုံးများ ဖြစ်နေသည်ကို တွေ့ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



များစွာအံ့ဩမိတော့သည်။

*အိပ်သာတက်ပြီး* ပြန်လာရုံ ရှိသေးသည်၊ နောက်ထပ် ဝမ်းဗိုက်က ထပ်နာလာသဖြင့် ပြေးရပြန်သည်။

ဤသို့ဖြင့် ဝမ်းသွားလိုက်၊ သစ်ခေါက်တုံးများချည်း ဖြစ်နေရာ မခံနိုင်တော့ဘဲ ယာယီစခန်းမှာ လှဲနေရတော့သည်။

"တောအုပ်မင်းတော့ အစားမှားပြီနဲ့တူတယ်၊ ဘာများ စားမိလို့လဲ"

တောခေါင်းစိန်မောင်က အနားလာမေးလေသည်။

"တခြားမဟုတ်ပါဘူး. . . မနက်က မင်းတို့အခန်းက ပေးတဲ့ အမဲသားဟင်းတွေ ငါတစ်ယောက်တည်း စားခဲ့တာပဲ ရှိပါတယ်ကွာ"

"ဗျာ. . . ကျွန်တော်တို့အခန်းက ပေးတဲ့ အမဲသားဟင်း ဟုတ်လား. . . တောအုပ်မင်း၊ မဖြစ်နိုင်တာဗျာ. . . မနက်က အိမ်မှာ ချက်တာ ပဲဟင်းနဲ့ငပိချက်ပါ၊ အမဲသားဟင်း မပါ,ပါဘူး"

ကံဆိုင်က ဇဝေဇဝါနှင့် မော့ကြည့်သည်။

"မင်းတကယ်ပြောတာလား"

"ကျွန်တော်က ဘာဖြစ်လို့ လိမ်ရမှာလဲ၊ အိမ်မှာ အမဲသားဟင်း မချက်တာတော့ အမှန်ပဲ"

"ဟင်. . . ဒါဖြင့် ငါစားခဲ့တဲ့ဟင်းက ဘယ်သူလာပို့သွားတာလဲ"

ထိုသတင်းကြားသောအခါ တောလုပ်သက် ရင့်လှပြီဖြစ်သော ဦးဘဟန်က အနားရောက်လာပြီး ပြောသည်။

"ဒီအတိုင်း မှန်ရင်တော့ တောအုပ်မင်း ပရလောကသားတွေ



www.burmeseclassic.com

www.burmeseclassic.com



လှည့်စားတာကို ခံလိုက်ရတာ အမှန်ပဲ ဖြစ်မှာပဲ”

“ဘယ်လိုလှည့်စားတာလဲ”

“အခု တောအုပ်မင်းတို့ စခန်းဆောက်ထားတဲ့နေရာက အရင်က သချိုင်းဟောင်းတစ်ခုပဲ၊ ဟိုတုန်းက ဆင်သေချောင်း ကမ်းစပ်မှာ ကရင်ရွာတစ်ရွာ ရှိခဲ့ဖူးတယ်၊

နောက်တော့ ရွာလုံးကျွတ် ဝမ်းရောဂါဖြစ်ကြလို့ သေလိုက်ကြတာ တစ်ရွာလုံး ကုန်သလောက်ပါပဲ၊

အဲဒီအလောင်းတွေကို အခု ကျုပ်တို့တဲတွေ ဆောက်ထားတဲ့ တောင်ကုန်းတဝိုက်မှာ မြှုပ်ခဲ့ကြရတယ်”

ထိုစကားကြားသောအလုပ်သမားတို့မှာ ကြောက်ရွံ့စိတ်များ ဖြစ်လာကြသည်။

“အဲဒီနောက်ပိုင်း ရွာပျက်သွားပြီးတော့ နေမယ့်သူ မရှိတော့ပါဘူး၊ လူသေတွေ မြှုပ်ခဲ့တဲ့နေရာကလည်း ကျတ်ကုန်းဖြစ်ပြီးတော့ လာသမျှလူကို ခြောက်လှတ်တာနဲ့ နောက်တော့ အဲဒီဘက်ကို ဘယ်သူမှ မသွားဝံ့တော့ပါဘူး”

“ဒါဖြင့် အဲဒီနေရာက ကျတ်ကုန်းကြီးပေါ့၊ ဟုတ်လား ဘကြီးဟန်”

“အမှန်ပေါ့. . . ကျတ်ကုန်းမှ အထိကရ ကျတ်ကုန်းပဲ”

“ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမှာလဲ၊ ဆက်နေရင် တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခပေးမှာပေါ့”

ထိုသို့ တစ်ယောက်တစ်မျိုး ပြောနေသောအသံများကို ကြားသောအခါ တောအုပ်က အော်ထုတ်လိုက်သည်။

www.burmeseclassic.com



"တော်ကြစမ်း. . . သွားကြစမ်း၊ ဒီကိစ္စမျိုးတွေကို အယုံအကြည်ကို မရှိရဘူး၊ အဲဒီနေရာတဝိုက်မှာ တကယ်လို့ မကောင်းဆိုးဝါးတွေ ရှိတယ်ဆိုရင်လည်း မကြာခင် ကျုပ်နဲ့ တွေ့စေရမယ်"

ဟု ပြောရာ ကျန်လူများလည်း ဘာမှထပ်မပြောဝံ့တော့ပေ။

ညအချိန် စခန်းပြန်ရောက်သွားသောအခါ ကံဆိုင် နေမကောင်းဖြစ်နေသောကြောင့် ဓါတ်စက်မဖွင့်ဖြစ်ပေ။

ညဦးပိုင်းအချိန်ရောက်သောအခါ အနောက်ဘက် တောစပ်မှ အော်သံတစ်ချက် ထွက်လာသည်။

"ဓါတ်စက်ဖွင့်ပေးပါဗျို့"

ထိုအော်သံကြားသောအခါ ကံဆိုင်မှာ ဒေါသအိုး ပေါက်ကွဲသွားလေတော့သည်။

ပြတင်းပေါက်အနီးသို့ ထသွားပြီး အသံကျယ်ကျယ်နှင့် လှမ်းအော်ပြောလိုက်သည်။

"မင်းတို့ သိပ်ကြိုက်တဲ့ ဓါတ်စက်သံ မနက်ဖြန်တော့ ကြားရစေမယ်ဟေ့"

ထိုသို့အော်ပြောလိုက်သောအခါ အပြင်ဘက်မှ အော်သံလည်း နောက်ထပ်မကြားရတော့ပေ။

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန် ရောက်သောအခါ ကံဆိုင်က အလုပ်သမားများကို ကျတ်ကုန်းဟု ပြောသော ကိုင်းတောကြီးကို မီးရှို့ရန် ပြင်ဆင်စေတော့သည်။

ထိုအခါ ဦးဘဟန်က တားသည်။

"တောအုပ်မင်း. . . ဒီလိုလုပ်ရင် အန္တရာယ်များပါလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတွေရဲ့ရန်သူ မဖြစ်တာ အကောင်းဆုံးပါပဲ"

"အို. . . ကျုပ် ဒါမျိုးတွေ လက်မခံဘူး၊ ကြာရင် လူတွေကို အန္တရာယ်ပေးကြလိမ့်မယ်၊ ဒီတော့ ရှင်းပစ်လိုက်တာ အေးပါတယ်"

ဟု ပြောကာ ကိုင်းတောကြီးပတ်ပတ်လည်ကို ရေနံဆီများ လောင်းကာ မီးရှို့ခိုင်းလေတော့သည်။

အလုပ်သမားများကလည်း တောအုပ်၏အမိန့်ကို မလွန်ဆန်ဝံ့သောကြောင့် မီးတုတ်များဖြင့် မီးရှို့ကြလေတော့သည်။

အတန်ကြာသောအခါ မီးတောက်ကြီးများ ထ,လာပြီး ကိုင်းတောကြီးကို ဝါးမျိုသွားလေတော့သည်။

သစ်ပင်များ၊ ကိုင်းတောများကို မီးလောင်သံများနှင့် အခြားဆူဆူညံညံအသံများကိုလည်း မသဲမကွဲ ကြားကြရသည်။

မီးလောင်သံများကြားမှ မိန်းမများ၏အော်သံဟစ်သံ၊ ကလေးငိုသံများကိုပါ အတိုင်းသား ကြားကြရလေသည်။

ညဘက်ရောက်သောအခါ အမှောင်ရိပ်များအတွင်းမှ တက်ခေါက်သံ၊ အံကြိတ်သံများအပြင် ကြိမ်းဝါးသံများကိုပါ ကြားကြရသည်။

"ငါတို့ မိန်းမတွေ ကလေးတွေ သေရသလို ဒင်းတို့လည်း အသေဆိုးနဲ့ သေရစေမယ့်ဟေ့"

ထိုကြိမ်းမောင်းသံများကို အလုပ်သမားများက တစ်ညလုံး ကြားနေရသဖြင့် အချို့မအိပ်ဝံ့ကြတော့ပေ။

လှမ်းကြည့်လိုက်သောအခါ တောစပ်အမှောင်ရိပ်များ အတွင်း၌ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သင်္ချာန်များမှာ ပုပုသေးသေးနှင့် ဖြစ်သော်လည်း အချို့သင်္ချာန်များကတော့ သစ်ပင်ကြီးများလောက် အရပ်အမောင်း မြင့်မားကြသည်။

အချို့လည်း ပုတ်လုံးများသဖွယ် တလိမ့်လိမ့်နှင့် သွားလာနေကြသည်။ တောအုပ်ကံဆိုင်ကတော့ အမဲပစ်သေနတ်ကို နံဘေးနားမှာ အဆင်သင့် ချထားပြီး တစ်ညလုံး အရက်ထိုင်သောက်နေသည်။ မိန်းမနှင့်ကလေးများကိုတော့ အခန်းထဲမှာ ဝင်အိပ်ခိုင်းထားလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ အရက်မူးမူးနှင့် မှေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်တော့မှ လန့်နိုးလာသည်။ သူနိုးလာတော့ အမှောင်ရိပ်များက ဖုံးလွှမ်းထားပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ကြည့်လိုက်တော့ အခန်းပေါက်ဝမှာ ရပ်နေသော မည်းမည်းသင်္ချာန်ကြီးကို ဝိုးတဝါး မြင်ရသည်။

ထိုသင်္ချာန်ကြီးမှာ အရပ်အမောင်းက အခန်းပေါက်ဝ ကျော်နေပြီး ကိုယ်လုံးကလည်း ကြီးလှသည်။

တစ်ကိုယ်လုံး အမွေးများ ဖုံးထားပြီး မျက်နှာက ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

မျက်လုံးပြူးပြူး၊ နှာခေါင်းပွပွ၊ ပါးစပ်ပြဲပြဲနှင့် ပါးစပ်အတွင်းမှ လျှာက အပြင်သို့ ထွက်နေရာ လည်ပင်းအထိ ရောက်နေသည်။

မျက်လုံးနှစ်လုံးကလည်း ဟသ်ာပြဒါးခဲတမျှ နီရဲနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တံနှစ်ဖက်ကလည်း မျောက်ဝံကြီးတစ်ကောင်လို အောက်သို့ တွဲလောင်းကျနေသည်။

"ငါတို့မိသားစုတွေ အသေဆိုးနဲ့ သေရသလို မင်းတို့မိသားစုတွေလည်း အသေဆိုးနဲ့ သေရစေ့မယ်"

ဟု ပြောကာ လက်နှစ်ဖက်ကို ဆန့်ကာ ပါးစပ်ကို ဖြဲ၍ မာန်ဖီလိုက်ရာ အစွယ်နှင့်သွားများ ပေါ်လာသည်။

ကံဆိုင်မှာ အရက်မူးနေသည်ဆိုသော်လည်း ထိုမျှကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ကြီးကို မြင်ရသောအခါ ကြောက်ရွံ့သွားလေသည်။

သို့သော်လည်း လက်ထဲ သေနတ်ရှိနေသောကြောင့် သေနတ်ဖြင့် ချိန်လိုက်သည်။

"မင်းကပဲ သတ်မလား၊ ငါပဲ သတ်မလားဆိုတာ ကြည့်ပေါ့"

ဟု ကြိမ်းမောင်းကာ သေနတ်ဖြင့် ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း. . . ဒိုင်း"

"ကွီ. . . ကွီ"

သေနတ်သံနှင့် တဆက်တည်း မျောက်အော်သံမျိုးကဲ့သို့ အသံမျိုး ပေါ်ထွက်လာသည်။

သေနတ်သံကြောင့် အိပ်ခန်းထဲမှာ ရှိနေသော မခင်ယုံတ အလန့်တကြားနှင့် ပြေးထွက်လာသည်။

အမှောင်ထဲမှာမို့ သဲသဲကွဲကွဲ မမြင်ရပေ။

ကံဆိုင်စိတ်ထဲမှာ ထိုသဏ္ဌာန်ကို ရန်သူဟု ထင်ကာ သေနတ်ဖြင့် ထပ်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒိုင်း . .”

“အမယ်လေး”

သေနတ်သံနှင့်အတူ မခင်ယုံအော်သံ ပေါ်ထွက်လာသည်။

ထိုအသံများကြောင့် တန်းလျားဘက်မှ အလုပ်သမားများက မီးတုတ်မီးတိုင်များ ကိုင်ကာ ပြေးလာကြသည်။

ဗိုလ်တဲပေါ် ရောက်သောအခါ အခန်းပေါက်ဝနားမှာ သေနေသော မျောက်မောင်းမတစ်ကောင်နှင့် အခန်းပေါက်ဝတွင် သွေးအိုင်ထဲမှာ လဲကျသေဆုံးနေသော မခင်ယုံအလောင်းကို တွေ့ကြရသည်။

တောအုပ်ကံဆိုင်ကတော့ သေနတ်ကြီးကို ကိုင်ကာ အကြောင်သား ဖြစ်နေလေသည်။

သူသည် ပရလောကသားတို့၏မာယာစက်ကွင်းထဲသို့ ကျရောက်သွားခဲ့လေပြီ။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

# အစိမ်းသေတို့ရဲ့တစ္ဆေကျန်း

ဗိုလ်တဲပေါ်မှာ မခင်ယုံတစ်ယောက် သေနတ်ထိမှန်ပြီး အစိမ်းသေ သေပြီးသည့်နောက်မှာ ခြောက်လှန့်မှုများက ပိုမိုကြမ်းတမ်းလာသည်။

မခင်ယုံကို တောတွင်းတစ်နေရာမှာ သွားရောက်သင်္ဂြိုဟ်လိုက်ပြီးနောက်ပိုင်း ရက်မလည်သေးခင်မှာပင် နာနာဘာဝများနှင့်အတူ မခင်ယုံကို တွေ့ကြရသည်။

သူမသည် ရင်ဘတ်တခြမ်း ပွင့်သွားသော သေနတ်ဒဏ်ရာကြီး အတိုင်းနှင့် ဆံပင်ဖားလျားချကာ ဗိုလ်တဲပေါ် သို့ မကြာ[illegible] တက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။

ကံဆိုင် အရက်မူးပြီး အိပ်ပျော်နေစဉ် မကြာခဏ အနား ရောက်လာလေ့ရှိသည်။

"နင်သိပ်ရက်စက်တာပဲ၊ ငါ့ကို သေနတ်နဲ့ ပစ်သတ်တယ်၊ ငါ့ ကလေးတွေကို ငါခေါ်သွားမယ်၊ နင်နဲ့ မထားဘူး"

ဟု မကြာခဏ လာပြောလေသည်။

ထိုသို့ လာပြောလေတိုင်း အခန်းထဲမှာ အိပ်နေကြသော ကလေးနှစ်ယောက်မှာ လန့်ငိုကြလေသည်။

နောက်တော့ ကလေးနှစ်ယောက်ကို မောင်စိန်မိန်းမ မာရီတို့ ဆီ ပို့ထားရသည်။

"နင် ငါ့ကလေးကို ဘယ်မှာပဲထားထား ငါက ခေါ်မှာပဲ၊ အရင် က အပြင်က တစ္ဆေသရဲတွေက ဒီအိမ်ထဲကို ဝင်လို့မရဘူး၊ အခု ငါရှိနေ ပြီဆိုတော့ သူတို့ပါ ဝင်လို့ရသွားကြပြီ၊ နင်တို့ ငါ့ကို ရက်လည်ဆွမ်း မသွတ်ပေးသေးတာ သိပ်ဟန်ကျတာပဲ၊ ဒီအိမ်ဟာ ငါပိုင်တဲ့အိမ် ဆိုတော့ ငါ့သဘောအတိုင်း ဝင်လို့ထွက်လို့ ရနေတာပေါ့"

ဟု အသံနက်ကြီးနှင့် လာရောက်ပြောလေသည်။

ကံဆိုင်မှာ မခင်ယုံကို တွေ့မြင်စက ကိုယ့်မိန်းမဖြစ်သော ကြောင့် သိပ်မကြောက်လှပေ။

သို့သော်လည်း တစ်ပတ်ခန့်ကြာသောအခါ မခင်ယုံ၏ရုပ်မှာ ပုပ်ပွလာသကဲ့သို့ ရှိကာ တစ်နေ့တခြား ကြောက်စရာကောင်းလာပေ သည်။

သူရောက်လာလျှင် အပုပ်နံ့များ လှိုင်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုင်ကတော့ သိပ်ဂရုမထားဘဲ ညရောက်လာလျှင် အရက်မူးအောင် သောက်ကာ အိပ်လေသည်။

မနက်လင်းလျှင် အလုပ်သမားများ တောတက်သွားလျှင် စခန်းမှာ လူစောင့်မကျန်တော့ပေ။

ကံဆိုင်နှင့် မောင်စိန်တို့ကလည်း သစ်ကွက်များ နေရာချပေးရန်အတွက် အလုပ်သမားများနှင့်အတူ တောတက်သွားကြရသည်။ ထိုအခါ မောင်စိန်မိန်းမ မာရီနှင့် ကလေးများသာ စခန်းမှာ ကျန်ခဲ့လေသည်။

မာရီမှာ ဗိုလ်တဲ၌ တစ်ယောက်တည်း နေရသောအခါ ကြောက်မိသော်လည်း ကလေးများ အဖော်ရှိသောကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

သို့သော်လည်း အိမ်မှာ အခြားသူများ မရှိတော့သည့်အခါ တစ်ဖက်ခန်းမှ စကားပြောသံ၊ အိုးခွက်ပန်းကန်များ ရွှေ့သံ၊ ငရုတ်သီးထောင်းသံများကို ကြားရလေသည်။

ထိုအခါ မာရီခမျာ ကြောက်ကြောက်လန့်လန့်နှင့်. . .

"အစ်မခင်ယုံ. . . ကျွန်မကိုတော့ မခြောက်ပါနဲ့ မလှန့်ပါနဲ့၊ ကျွန်မက အစ်မ,ကလေးတွေကို ကောင်းကောင်းကြည့်ထားပေးပါတယ်"

ဟု ပြောလိုက်မှ အသံများ ငြိမ်သွားတတ်ပေသည်။

တစ်နေ့သောအခါ ကံဆိုင်မှာ ညဦးပိုင်း အရက်မူးအောင် သောက်ပြီး အိပ်ပျော်သွားရာ နားထဲမှာ ဆူဆူညံညံ အသံတစ်ခုကြောင့် လန့်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာနိုးပြီး နားစွင့်ကြည့်လိုက်တော့ အိမ်ရှေ့ဘက်ခန်းမှ ခါတ်စက်ဖွင့်ထားသောအသံဖြစ်သည်။

ခါတ်ပြားမှ ထွက်လာသော ဇာတ်ထုပ်သံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ ဆူညံနေတော့သည်။

"ဒီခါတ်စက်ကို ဘယ်သူလာဖွင့်ထားတာလဲ၊ ငါများ ညဦးပိုင်းက ခါတ်စက်ဖွင့်ပြီး ပြန်မပိတ်မိရော့သလား"

ဟု ဇဝေဇဝါတွေးကာ ခါတ်စက်ကို ပြန်ပိတ်လိုက်သည်။

ထိုကဲ့သို့ တစ်ညခြား နှစ်ညခြား ဆိုသလိုပင် ခါတ်စက်မှာ သူ့အလိုလို ထမြည်နေတတ်သောကြောင့် စိတ်တိုတိုနှင့် အားလုံးဖြုတ်ကာ သေတ္တာထဲ ထည့်ကာ သော့ခတ်ထားလိုက်လေတော့သည်။

တစ်ညတော့ အိပ်မက်ထဲမှာ ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဍာန်ဖြစ်နေသော မခင်ယုံကို တွေ့ရသည်။

"နင့်ကို သတ်ဖို့ နည်းအမျိုးမျိုး လုပ်ပေမယ့် နင့်က ကံမြင့်နေသေးတော့ လုပ်လို့မရဘူး၊

အခု နင့်ရဲ့ကံဇာတာက နိမ့်သွားပြီဆိုတော့ ငါတို့စိတ်ကြိုက်သတ်ရုံပဲ ရှိတော့တယ်၊

ငါ့ကို သေသေချာချာ ကြည့်စမ်း"

ဟု ပြောသဖြင့် မော့ကြည့်လိုက်ရာ ကြောက်မက်ဖွယ် ကောင်းလှသော မျက်နှာကြီးက အနားတိုးကပ်လာကာ လက်တစ်ဖက်က သူ့ဝမ်းဗိုက်ကို ခွဲကာ အထဲမှ အူအသည်းတို့ကို နှိုက်ယူလိုက်သောကြောင့် သန့်အော်လိုက်သည်။

"အမယ်လေး . . . လုပ်ကြပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံကြောင့် တစ်ဖက်အခန်းမှာ အိပ်နေကြသော မောင်စိန်တို့လင်မယားနှစ်ယောက် လန့်နိုးလာကြသည်။

"တောအုပ်မင်း ဘာဖြစ်တာလဲ"

"ငါ့ကို မခင်ယုံ သတ်နေလို့ လုပ်ကြပါဦးဟ"

ဟု အော်သဖြင့် တစ်ဖက်ခန်းမှ မောင်စိန်တို့လင်မယား နှစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် ကံဆိုင်ရှိရာအခန်းသို့ ကူးလာကြသည်။

ထိုအခန်းရောက်တော့ ကုတင်ပေါ်မှာ ကတုန်ကယင် ဖြစ်နေသော ကံဆိုင်မှလွဲ၍ အခြားဘာမှမရှိပေ။

"တောအုပ်မင်း အိပ်မက်မက်နေတာ ထင်တယ်"

"အိပ်မက်မက်တာ မဟုတ်ဘူး မောင်စိန်ရ၊ မခင်ယုံ ငါ့ကို တကယ်လာသတ်နေတာ၊ မယုံရင် ဒီမှာကြည့်ပါလား"

ဟု ပြောကာ ရင်းအကျႌကို ကြယ်သီးဖြုတ်၍ ဗိုက်ကို လှန်ပြသည်။ ရင်းဝမ်းဗိုက်ပေါ်မှာ လက်သည်းရာ အနီစင်းကြီးများက အတိုင်းသား ပေါ်နေလေသည်။

"ဒါ ဘာဖြစ်တာလဲ"

"မခင်ယုံ လက်သည်းနဲ့ ကုတ်သွားတာလေ၊ သူက ငါ့ဗိုက်ထဲက အူအသည်းတွေကို အတင်းဆွဲနှုတ်နေတာ၊ မင်းတို့ ရောက်လာလို့ ပေါ့"

ဟု ပြောရာ မောင်စိန်တို့လင်မယားနှစ်ယောက်မှာ များစွာ ကြောက်ရွံ့ထိတ်လန့်ကြလေသည်။

နောက်ရက်များမှာလည်း ကံဆိုင်ရှိရာအခန်းဘက်မှ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်တကြား အော်ဟစ်သံများ ကြားရလေသည်။ မာရီမှာ ဆက်မနေဝံ့သောကြောင့် ပဲခူးသို့ ပြန်ပို့လိုက်ရတော့သည်။

ကလေးများလည်း တပါတည်း ခေါ်သွားလေသည်။

ဤသို့ဖြင့် ကံဆိုင်မှာ နောက်ပိုင်းရက်များမှာလည်း တစ်နေ့တခြား အခြေအနေ ဆိုးဝါးလာပြီး ညဘက်များမှာ အိပ်မရအောင်ရှိသဖြင့် အလုပ်သမားများပါ အဖော်ခေါ်အိပ်ရသည်။ အလုပ်လည်း မဆင်းနိုင်တော့ပေ။

နေ့လည်ဘက်တွင် မောင်စိန်နှင့် အခြားအလုပ်သမားများ တောတက်သွားသောအခါ ဗိုလ်တဲပေါ်တွင် ကံဆိုင်တစ်ယောက်တည်း ကျန်ခဲ့လေသည်။

တစ်နေ့တွင် ညနေပိုင်း အလုပ်သမားများ ပြန်လာသောအချိန်တွင် ဗိုလ်တဲတစ်ခုလုံး တိတ်ဆိတ်နေသောကြောင့် အပေါ်သို့ တက်ကြည့်ကြရာ ရုပ်ပျက်ဆင်းပျက်ဖြင့် အသက်ပျောက်နေသော ကံဆိုင်ကို တွေ့ကြရသည်။

၎င်း၏ဝမ်းဗိုက်တစ်ခုလုံးလည်း ပေါက်ထွက်နေပြီး အူများကဘေးသို့ ထွက်ကျနေသည်။

သွေးများကလည်း ကုတင်တစ်ခုလုံး ရွှဲစိုနေသည်။

ကံဆိုင်ကို သူပြောသလို မကောင်းဆိုးဝါးများက လာရောက်သတ်သွားလေသလား။

ဒါမှမဟုတ် တောသတ္တဝါတစ်ကောင်ကောင်က သတ်သွားလေသလားဆိုတာကိုတော့ ဘယ်သူမှ မသိကြပေ။

တောအုပ်ကံဆိုင် သေဆုံးသွားသောအခါ မောင်စိန်က ပဲခူး



www.burmeseclassic.com

www.burmeseclassic.com



သစ်တောအရေးပိုင်ရုံးသို့ သွားရောက်အကြောင်းကြားရာ သစ်တောဝန်ထောက်ကိုယ်တိုင် လာရောက်စစ်ဆေးကြသည်။ ၎င်းတို့ကတော့ ကံဆိုင်ကို တောသတ္တဝါတစ်ကောင်က ဝင်ရောက် သတ်ဖြတ်သွားသည်ဟု မှတ်ချက်ချလေသည်။

ကံဆိုင် မရှိတော့သည့်အခါ မောင်စိန်က ယာယီတောအုပ်ရာထူးယူ၍ ဆက်လုပ်သော်လည်း အဆင်မပြေပေ။ ညစဉ်ဆိုသလို အခြောက်အလန့်များ ခံရပြီး ရက်ခြားဆိုသလို အလုပ်သမားများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးလေသောအခါ ကျန်လူများလည်း မနေဝံ့တော့ဘဲ နောက်ဆုံး ထိုစခန်းမှ ပြောင်းပြေးကြရလေတော့သည်။

ထိုအခြေအနေများကို ပဲခူးတိုင်းသစ်တောဝန်ထောက်ရုံးသို့ အစီရင်ခံစာ တင်ပြသောအခါ ဝန်ထောက်က အယုံအကြည် မရှိဘဲ မောင်စိန်နှင့်အလုပ်သမားများကို အခြားတစ်နေရာသို့ စခန်းရွှေ့ပြောင်းပေးလိုက်ပြီး အခြားစခန်းမှ အဖွဲ့ကို ဆင်သေချောင်း သစ်စခန်းသို့ ရွှေ့ပြောင်းပေးလိုက်လေသည်။

အချို့အလုပ်သမားများမှာ ဆင်သေချောင်းဘက်မှ သတင်းကိုကြားသဖြင့် မလာချင်ကြသော်လည်း အထက်အမိန့်ပေး စေခိုင်းသောကြောင့် မလာချင်ပဲ လာကြရလေသည်။

ထိုစခန်းသို့ လူသစ်များ ရောက်လာသောအခါလည်း ယခင်ကထက် ပို၍ခြောက်လှန့်မှုများ ကြုံရလေသည်။

အထူးသဖြင့် ဗိုလ်တဲပေါ်မှာ ခြောက်လှန့်မှုက အဆိုးဆုံးဖြစ်လေသည်။

ထိုနေရာသို့ ပြောင်းလာသော တောအုပ်အသစ်မှာ ကုလား

www.burmeseclassic.com



လူမျိုးတစ်ဦးဖြစ်ကာ နာမည်က မောင်ထွန်းဖြစ်သည်။

မောင်ထွန်းက ဘာသာခြား လူမျိုးကွဲတစ်ယောက် ဖြစ်သလို သရဲတစ္ဆေ ခြောက်လှန့်မှုများကိုလည်း အယုံအကြည် မရှိပေ။ သူသည် မိန်းမ,မရှိသောကြောင့် ဗိုလ်တဲပေါ်မှာ တစ်ယောက်တည်း နေသည်။

တောခေါင်းလုပ်သူက ဆင်သေချောင်းသစ်စခန်းမှ ဗိုလ်တဲအိမ် သရဲခြောက်သောသတင်းကို တစွန်းတစ သိထားသူဖြစ်သော ကြောင့် ဗိုလ်တဲမှာ မနေဘဲ အလုပ်သမားများ နေသော တန်းလျားမှာပင် အဆင်ပြေသလို သွားနေလေသည်။

မောင်ထွန်းကတော့ ဗိုလ်တဲပေါ်မှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရသောကြောင့် သဘောကျနေသည်။ ဗိုလ်တဲပေါ်မှာ ယခင်နေသွားသော တောအုပ်ကံဆိုင်၏ပစ္စည်းများက ကျန်နေသောကြောင့် သူ့အတွက် အသုံးအဆောင်ပစ္စည်းကလည်း အဆင်ပြေသည်။

သို့ကြောင့် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးမှအစ သေဆုံးသွားသော ကံဆိုင်ပစ္စည်းများကိုသာ ယူငင်အသုံးပြုလေသည်။ သူသည် ဗိုလ်တဲပေါ် ရောက်စ,နေ့က ထင်းရှူးသေတ္တာများကို တွေ့ရသဖြင့် ဖွင့်ကြည့်သောအခါ မိန်းမအသုံးအဆောင် အဝတ်အစားများနှင့် ကလေးများ ဝတ်သော အဝတ်အစားများကို တွေ့ရသဖြင့် ပြန်ပိတ်ထားလိုက်သည်။

နောက်သေတ္တာတစ်လုံးမှာ ကံဆိုင် ဝတ်သော ယူနီဖောင်းများ၊ ဘောင်းဘီ၊ ပုဆိုး၊ အင်္ကျီများ တွေ့ရသည့်အပြင် သေတ္တာအောက်ခြေမှာ ဝှက်ထားသော အရက်ပုလင်းအချို့ကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျလိုက်တာ. . ကံကောင်းချင်တော့ နတ်တို့ဖန် ရေတန် အသင့် ကြာအသင့်ဆိုသလိုပဲ အရက်ပုလင်းတောင် အဆင်သင့် ရှိနေတယ်"

ဟု တစ်ယောက်တည်း ပြောလိုက်သည်။

အခြားသေတ္တာတစ်လုံးအတွင်းမှာတော့ ဓာတ်စက်တစ်လုံး အပါအဝင် အခြားအသုံးအဆောင်ပစ္စည်းများကို စုစည်းထားသည်ကို တွေ့ရသည်။

မောင်ထွန်းက သေတ္တာအတွင်းမှ ပစ္စည်းများကို တစ်ခုချင်း ကြည့်ရှုနေစဉ် နောက်ဘက်မှ တစ်စုံတစ်ယောက်က ကြည့်နေသည်ဟု စိတ်ထဲမှ ထင်လိုက်သဖြင့် ကပျာကယာ လှည့်ကြည့်လိုက်တော့ အခန်း ပေါက်ဝမှ ခန်းစည်းကလေး လှုပ်သွားသည်မှလွဲ၍ အခြားဘယ်သူမှ မတွေ့ရပေ။

သို့ကြောင့် သေတ္တာအတွင်းမှ ပစ္စည်းများ ဆက်လက်ကြည့်နေစဉ် အနောက်ဘက်မှ ခြေသံလိုလို ကြားရပြီးနောက် ရေခဲတုံးကြီးနှင့် တပ်လိုက်သကဲ့သို့ စိမ့်ကနဲ ဖြစ်သွားသဖြင့် ကပျာကယာ လှည့်ကြည့် လိုက်သောအခါ ရိပ်ကနဲ ဖြတ်သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲ မြင်လိုက်ရသည်။

သို့ကြောင့် မောင်ထွန်းစိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။ ဗိုလ်တဲပေါ်မှာ သူတစ်ယောက်တည်း ရှိနေပါလျက် ဘယ်သူများ ရောက်နေပါလိမ့်ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

ညဦးပိုင်းရောက်သောအခါ အလုပ်သမားများ ချက်ပို့သော ထမင်းနှင့်ဟင်းကို စားသောက်ပြီး လသာဆောင်ဘက် ထွက်လာလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေရာတွင် စားပွဲနှင့်ကုလားထိုင်များ ချထားသည်။

မောင်ထွန်းက မအိပ်ခင် အရက်သောက်ရန် စိတ်ကူးပြီး အရက်ပုလင်းနှင့်ဖန်ခွက် ယူလာသောအခါ စားပွဲပေါ်မှာ အရက် တစ်ပုလင်းနှင့် ဖန်ခွက်တစ်လုံးက ရောက်နှင့်နေသည်။

"ဟင်. . ."

မောင်ထွန်းက ဇဝေဇဝါနှင့် ကုလားထိုင်မှာ ဝင်ထိုင်ပြီး အရက်ပုလင်းကို လှမ်းယူလိုက်တော့ နေရာရွှေ့သွားသည်။

နေရာမှ ထပြီးယူတော့မှ အရက်ပုလင်းရော ဖန်ခွက်ပါ ရလေသည်။

သူသည် မီးရောင်နှင့် ထောင်ကာ အရက်ပုလင်းရော ဖန်ခွက်ပါ ယခုလေးလေးဆယ် အရက်ထည့်သောက်ထားဟန်ဖြင့် အရက်အစအနများ စိုနေလေသည်။

နမ်းကြည့်တော့လည်း အရက်နံ့က ရနေသေးသည်။

"ဒီဗိုလ်တဲထဲမှာ ငါတစ်ယောက်တည်း နေတာ၊ ဒီနေရာမှာ ဘယ်သူများ အရက်ထိုင်သောက်သွားပါလိမ့်"

ဟု တွေးကာ အရက်ပုလင်းနှင့် ဖန်ခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်ပြီး သူယူလာသော အရက်ပုလင်းကို ဖွင့်ရန် ကြိုးစားနေစဉ် စောစောက ချလိုက်သော ပုလင်းနှင့် ဖန်ခွက်က စားပွဲ၏အခြားတစ်ဖက်သို့ တဖြည်းဖြည်း ရွှေ့သွားသည်ကိုတော့ မောင်ထွန်း သတိမပြုလိုက်ပေ။

မောင်ထွန်းသည် အရက်တစ်ခွက်နှစ်ခွက် သောက်ပြီးသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အနည်းငယ် တည်ငြိမ်မှု ရလာသည်။

အခန်းအလယ်မှာ ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားသော်လည်း သူထိုင်နေရာ ဝရံတာဘက်မှာတော့ မီးရောင်မရှိပေ။ သို့သော်လည်း ပတ်ဝန်းကျင်မှ အလင်းရောင်ကြောင့် ဝိုးတဝါးတော့ မြင်နိုင်လေသည်။

မောင်ထွန်းသည် အရက်သောက်ပြီး ဆေးလိပ်ဖွာရန် ဆေးလိပ်တစ်လိပ်ကို မီးညှိနေစဉ် အရှေ့ဘက်မှ ကုလားထိုင်ရှေ့သံကို 'ကျွိ' ကနဲ ကြားလိုက်ရသည်။

"ဟင်. . ."

မောင်ထွန်းမှာ အနည်းငယ် လန့်စပြုလာသည်။

သူ မမြင်ရသော်လည်း ကုလားထိုင်ပေါ်မှာ တစ်စုံတစ်ယောက် ရှိနေဟန်တူသည်။

ထိုသူသည် အရက်ထိုင်သောက်ရင်း သူလုပ်သမျှကို စိမ်ပြေနပြေ ထိုင်ကြည့်နေဟန်ရှိသည်။

"မင်း ဘယ်သူလဲ"

အရဲစွန့်ပြီး မေးလိုက်တော့လည်း ဘာသံမှ မကြားရပေ။

စိတ်မရှည်တော့သဖြင့် ဆေးလိပ်မီးခိုးများကို ထိုကုလားထိုင်ဘက်သို့ ဖူးကနဲ မှုတ်ထုတ်လိုက်ရာ ချက်ချင်းဆိုသလို ဆေးလိပ်မီးခိုးငွေ့များက သူရှိရာဘက်သို့ ပြန်ဝေ့လာသည်။

"မင်းဘယ်သူလဲ. . ငါက တစ္ဆေမကြောက်တတ်ဘူး၊ တကယ်လို့ မင်း ဒီမှာရှိနေတယ်ဆိုရင် ငါနဲ့ သောက်ဖော်သောက်ဖက် အဖော်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်တော့မှ မီးခိုးငွေ့များကြားမှ ဝိုးတဝါးသဏ္ဍာန် တစ်ခု တဖြည်းဖြည်း ပေါ်လာလေသည်။

ကြည့်ရင်းမှပင် ထိုင်နေသော သဏ္ဍာန်က တဖြည်းဖြည်း ပီပြင်လာသည်။ သူသည် တောအုပ်ယူနီဖောင်း ဝတ်ဆင်ထားသော လူတစ်ယောက်ပင်ဖြစ်သည်။

"မင်းဘယ်သူလဲ"

မောင်ထွန်းက ထပ်မေးလိုက်သည်။

"ငါ တောအုပ်ကံဆိုင်ပဲ၊ မင်းအရင် ဒီမှာ လုပ်သွားခဲ့တဲ့လူပေါ့"

တိုးညင်းသောလေသံနှင့် ပြန်ပြောသည်။

"မင်းက သေသွားပြီးပြီ မဟုတ်လား"

"ဟုတ်တယ်. . ."

"မင်းဘယ်လိုသေတာလဲ. . .ငါ့ကို ပြောပြပါလား"

ထိုအခါ တစ္ဆေက အခန်းဘက်သို့ လက်ညှိုးထိုးပြသည်။

သူကြည့်တော့ အခန်းနံရံကို ဖောက်ပြီး အတွင်းမှ အိပ်ခန်းကို လှမ်းမြင်ရသည်။

အခန်းတွင်းမှ ကုတင်ပေါ်မှာ လူတစ်ယောက် အိပ်နေသည်။ သူအိပ်နေစဉ်မှာ အမိုးပေါ်သို့ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် တက်လာသည်။

ဇင်းနောက်မှာလည်း ကြောက်မက်ဖွယ်ရာ ရုပ်ဆင်းသဏ္ဍာန်ရှိသည့် တစ္ဆေသရဲများ ပါလာသည်။

ထိုမိန်းမက ဦးဆောင်ပြီး အိပ်ခန်းအတွင်းသို့ ဝင်သွားကာ အိပ်ပျော်နေသူအပေါ်သို့ ခွစီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သရဲသဘက်များက လည်ပင်းညှစ်သူညှစ်၊ ဗိုက်ကိုဖောက်သူနှင့် ခဏချင်းမှာပင် ထိုလူမှာ အသက်ပျောက်သွားလေတော့သည်။

ခဏကြာတော့ မြင်ကွင်းက တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားတော့သည်။

"မင်းကို ဘယ်သူသတ်တာလဲ"

ထိုအခါ တစ္ဆေက တောဘက်သို့ လက်ညှိုးထိုးပြသည်။

"လူတွေက အဲဒါကို ကျွတ်ကုန်းလို့ ထင်နေကြတယ်၊ တကယ်တော့ အဲဒါ တစ္ဆေကုန်းကြီးပဲ၊ အစိမ်းသေတို့ နေတဲ့ တစ္ဆေကုန်းပဲ"

လှမ်းကြည့်လိုက်တော့ ထိုနေရာတစ်ဝိုက်မှာ ကြိတ်ကြိတ်တိုးနေသော တစ္ဆေ၊ သရဲ၊ သဘက်များကို လှမ်းမြင်ရသည်။

အချို့လည်း ကိုင်းတောအတွင်းမှာ၊ အချို့ကျတော့ သစ်ပင်များပေါ်မှာ ရှိနေကြသည်။

မြေကြီးအောက်မှ တိုးထွက်လာသူများကိုလည်း တွေ့ရသည်။ တစ္ဆေက ဗိုလ်တဲအောက်ဘက်ကို လက်ညှိုးထိုးပြ၍ ကြည့်လိုက်တော့ မြေအောက်တွင်းထဲမှာ ပုပုရွရွ လှုပ်ရှားသွားလာနေကြသော ကျွတ်များကို တွေ့ရပြန်သည်။

သူတို့နေသောဗိုလ်တဲမှာ ကျွတ်ကုန်းနေရာတည့်တည့်၌ ဆောက်ထားမိခြင်းဖြစ်သည်။

"သူတို့က မကြာခင် မင်းကို အန္တရာယ်ပေးကြလိမ့်မယ်"

တစ္ဆေကပြောသည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

"သူတို့ကို နိုင်တာ ဘုရားတရားပဲ ရှိတယ်၊ မင်း အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သလား"

"ငါက ဘာသာခြားဆိုတော့ အဲဒါတွေ မသိဘူး၊ ငါတို့အယူအတိုင်း နွားသတ်ပြီး ကျွေးရင်ရော ရမလား"


"အဲဒီလိုဆိုရင် သူတို့က သဘောကျမှာပေါ့၊ ဒါပေမယ့် နေ့တိုင်း မကျွေးရင်တော့ မင်းကို သတ်မှာပဲ"

"ငါ ဒါတွေ သိပ်မကြောက်ပါဘူး၊ အရက်သောက်ပြီးအိပ်တာပဲကောင်းတယ်"

ဟု ပြောကာ မောင်ထွန်းက ၎င်းရှေ့မှာ ချထားသော အရက်ပုလင်းကို ယူ၍ ဖန်ခွက်ထဲ ထည့်ကာ မော့သောက်လိုက်လေသည်။ ၎င်းသို့ဖြင့် ညဉ့်နက်ပိုင်း ရောက်သောအခါ အရက်မူးပြီး အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့မနက်ပိုင်း အိပ်ပျော်ရာမှ ပြန်နိုးလာပြီး သူ့ရှေ့မှ တုလားထိုင်ကို ကြည့်လိုက်တော့ ဘာမှမရှိတော့ပေ။ မောင်ထွန်းမှာ ဇဝေဇဝါဖြင့် စားပွဲပေါ်မှာ တင်ထားသောအရက်ပုလင်းကို ကြည့်တော့ ပုလင်းထဲမှာ အရက်မရှိတော့ပေ။ မှတ်မှတ်ရရ ညက သူအိပ်ပျော်သွားတော့ ပုလင်းထဲမှာ အရက်တစ်ဝက်လောက် ကျန်နေသေးသည်။

ပုလင်းထဲက အရက်တွေ ဘယ်ရောက်လေပြီလဲ၊ တစ္ဆေသောက်သွားသဖြင့် ကုန်လေသည်လား ဇဝေဇဝါဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

# လှည်းကြွဲလိုက်မီသော သဘက်နှစ်ကောင်

နောက်ပြောင်းလာသော တောအုပ်မောင်ထွန်းမှာ ကုလားလူမျိုးဖြစ်သည်ကတစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည်က တစ်ကြောင်းကြောင့် တောနှင့် ပတ်သက်သည့် ဓလေ့ထုံးစံများကို ဆန့်ကျင်ပြီး သူထင်ရာ တဇွတ်ထိုး လုပ်တတ်ပေသည်။

ထို့ပြင် ဘာသာတရား ကိုင်းရှိုင်းမှုလည်း မရှိပေ။

သို့တိုင်အောင် ဆင်သေချောင်း သစ်စခန်း ရောက်လာပြီး လအတန်ကြာသည်အထိ ၎င်းအတွက် မည်သည့်အန္တရာယ်မျှ မကြုံသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တဲမှ တစ်ယောက်တည်း နေသော်လည်း အလုပ်မှ ပြန်လာသည်နှင့် ထမင်းဟင်း အဝစားပြီး အိပ်သည့်အခါအိပ်၊ တစ်ခါတစ်ရံ အရက်မူးအောင် သောက်အိပ်လေရာ တစ္ဆေသရဲ ခြောက်လည်း သူမသိတော့ပေ။

အများအားဖြင့်တော့ အလုပ်ခွင်မှ ပြန်ရောက်လာသည်နှင့် အရက်မူးအောင်သောက်ပြီး အိပ်လေ့ရှိရာ ညဘက် တစ္ဆေသရဲ ခြောက်သည့်တိုင်အောင် သူမသိတော့ပေ။

ထိုအခါ အလုပ်သမားများက သူ့ကို သတ္တိကောင်းသူ တစ်ယောက်ဟု ထင်မှတ်ကြလေသည်။

တောအုပ်မောင်ထွန်းမှာ တောတွင်းသစ်စခန်း ရောက်သည်နှင့် ၎င်းထင်ရာလုပ်တတ်ပေသည်။

ဆင်သချောင်းဖျား အထက်နားတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သော ကညင်ညီနောင်နှစ်ပင် ရှိသည်။ ၎င်းကို သစ်ညီနောင်ဟုလည်း ခေါ်ကြသည်။

သစ်ညီနောင်လည်းဖြစ်၊ အထိကရသစ်ပင်လည်းဖြစ်သဖြင့် နတ်ကြီးသည်ဟု ယူဆကာ ဘယ်အလုပ်သမားကမှ မလှဲဝံ့ပေ။ ယခင်က တာဝန်ကျသော တောအုပ်တောခေါင်းများကလည်း ထိုသစ်ပင်နှစ်ပင်ကို မလှဲဝံ့ကြတော့သောကြောင့် ထိုမျှ နှစ်ပေါင်းများစွာကြာအောင် တည်ရှိနေခြင်းဖြစ်၏။

သစ်ညီနောင်ဆိုသည်မှာ အောက်ခြေသစ်ကပျဉ်းနှစ်ခုက တွဲနေပြီး အပေါ်မှာ သစ်ပင်နှစ်ပင်က ညီနောင်သဖွယ် ယှဉ်၍တက်သွားသည့် သစ်ပင်မျိုးကို ခေါ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲတွင် သစ်ဖြတ်သောအလုပ်သမားများ ရှောင်သည့် သစ်အမျိုးအစားအချို့မှာ. . .

သစ်ညီနောင်၊ သစ်တံခါး၊ သစ်စုန်း၊ သစ်ကြိုးဆွဲချ၊ သစ်ဒါန်းစီး၊ နတ်ကြီးသောသစ်ပင်တို့ဖြစ်ကြသည်။ ယခု ကညင်ညီနောင် သစ်နှစ်ပင်မှာ သစ်ညီနောင်လည်းဖြစ်၊ နတ်ကြီးသောအပင်လည်းဖြစ်သောကြောင့် အလုပ်သမားများ မလှဲဝံ့ကြသဖြင့် နှစ်ပေါင်းများစွာ တည်ရှိနေခြင်းဖြစ်ပေသည်။

တစ်နေ့တော့ သစ်ကွက်များ သတ်မှတ်ရန်အတွက် တောအုပ်မောင်ထွန်း သစ်ကွက်တွင်း ရောက်လာသောအခါ ကညင်ညီနောင်ကို တွေ့သွားသဖြင့် လှဲဖြတ်ရန် သတ်မှတ်ပေးသည်။

အလုပ်သမားများကလည်း တောအုပ်ကို ကြောက်ရွံ့သောကြောင့် ဘာမှပြန်မပြောဝံ့ကြပေ။

သို့သော် လှဲရမည်ဆိုတော့လည်း မည်သူမှ မလှဲချင်ကြပေ။

"မင်းတို့ ဘာဖြစ်နေကြတာလဲ"

အလုပ်သမားများ မျက်နှာပျက်နေသည်ကို ရိပ်မိသဖြင့် မေးလိုက်သည်။

"ဒီသစ်ပင်နှစ်ပင်က လှဲလို့မသင့်ဘူး တောအုပ်မင်း"

ကိုဘထင်ဆိုသော လူတစ်ယောက်က အရဲစွန့်၍ပြောလိုက်သည်။

"ဘာဖြစ်လို့လဲကွ"

"ဒီနှစ်ပင်က သစ်ညီနောင်လည်းဖြစ်၊ နတ်လည်း ကြီးတယ်၊ ဒါကြောင့် လှဲဖို့ကြိုးစားတဲ့လူတိုင်း အန္တရာယ်နဲ့ တွေ့ကြရပါတယ်"

www.burmeseclassic.com



"နတ်ကြီးတယ်ဆိုတာ ဘာလဲ"

"နတ်ကြီးတယ်ဆိုတာ နတ်တွေ ပိုင်တဲ့အပင်လို့ ပြောတာပါ တောအုပ်မင်း"

"မဖြစ်နိုင်တာ. . . ဒီသစ်တောတစ်ခုလုံး ငါတို့သစ်တောဌာနက ပိုင်တာ မဟုတ်ဘူးလား၊ ကဲ. . . ဘာမှထပ်မပြောနဲ့၊ လှဲမှာသာ လှဲကြ"

ဟု ပြောလိုက်သောအခါ အလုပ်သမားများက ဘာမှပြန်မပြောဘဲ ၎င်းတို့ ကိုင်ဆောင်ထားသော လွှ၊ ဓား၊ ပေါက်ဆိန်၊ သံသတ်စသည်တို့ကို မြေပေါ်သို့ ပစ်ချလိုက်သဖြင့် တောအုပ် မောင်ထွန်းမှာ မျက်လုံးပြူးသွားသည်။

"ဒါက ဘာလုပ်ကြတာလဲ"

"ဒီသစ်ပင်နှစ်ပင်ကို လှဲရမယ်ဆိုရင်တော့ မလုပ်နိုင်ဘူး၊ ဒီ တနေ့ပဲ ကျုပ်တို့အားလုံး အလုပ်က ထွက်ကြမယ်၊ အသက်ရှင်ဖို့ အတွက် ထမင်းစားရအောင် ဒီအလုပ်ကို အပင်ပန်းခံပြီး လုပ်တယ်၊ အသက်သေမယ့်အလုပ်တော့ မလုပ်ဘူး"

ဟု ပြောကာ အလုပ်သမားများအားလုံး ပြန်သွားကြလေတော့သည်။

တောအုပ်မောင်ထွန်းမှာ ၎င်းမှာ သေနတ်ပါသော်လည်း အများနှင့်တစ်ယောက်မို့ ဘာမှမတတ်သာတော့ပေ။

"တောက်. . . အောက်တန်းစား အလုပ်သမားတွေ၊ ပင်ပင် ပန်းပန်း လုပ်ရမယ်ဆိုရင် နောက်တွန့်နေကြတာပဲ၊ ၎င်းတို့ လှဲမရဘူး ဆိုတဲ့သစ်ပင်ကို တခြားအလုပ်သမားတွေ ရှာပြီး ငါ ရအောင်လှဲပြမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ အားလုံး စခန်းက မောင်းထုတ်မစ်မယ်”

ဟု ကြိမ်းမောင်းနေလေသည်။ အတန်ကြာသောအခါ တကျွီကျွီနှင့် မောင်းလာသောလှည်းသံကို ကြားရသည်။

လှည်းဝင်ရိုးသံကို အတော်ဝေးဝေးကတည်းက ကြားရပြီး အတန်ကြာတော့မှ တောထဲမှ ကျွဲလှည်းတစ်စင်း မောင်းထွက်လာလေသည်။

လှည်းပေါ်မှာ အသားညိုညိုထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းလှသည့် လူနှစ်ယောက် တွေ့ရသည်။

လှည်းမောင်းလာသူက တောအုပ်မောင်ထွန်းကို လှမ်းမြင်သောအခါ ကျွဲနှစ်ကောင်ကို နဖားကြိုးဆွဲကာ ရပ်တန့်လိုက်လေသည်။

“တောအုပ်မင်း ထင်ပ့ါ”

“ဟုတ်တယ်. . . မင်းတို့က ဘယ်ကလဲ”

“ကျုပ်တို့က ဟိုဘက်သစ်စခန်းက အလုပ်သမားတွေပါ။ သစ်တိုက်ပြီး ပြန်လာတာပါ”

“ကဲ. . . ဒါဖြင့် ဒီကိုခဏလာကြဦး”

ဟု မောင်ထွန်းက လှမ်းခေါ်သဖြင့် နှစ်ယောက်စလုံး လှည်းပေါ်မှ ခုန်ဆင်းလာကြသည်။

အနားရောက်တော့ မောင်ထွန်းက မေးသည်။

“မင်းတို့နှစ်ယောက် သစ်ပင်လှဲတတ်ကြတယ် မဟုတ်လား”

“ဟာ. . . သစ်တောအလုပ်သမားတွေပဲ လှဲတတ်တာပေါ့ဗျ”

“ဒီလိုဆိုရင် ဟိုသစ်ပင်ကြီးနှစ်ပင်ကို ရအောင်လှဲပေးစမ်းကွာ”

နှစ်ယောက်စလုံး လှည့်ကြည့်ကြသည်။

www.burmeseclassic.com



ကညင်နီနောင်ပင် မြင်တော့ မျက်နှာပျက်သွားကြပြီး တစ်ယောက်က ပြောသည်။

"ဖြစ်မယ် မထင်ဘူးဗျ"

"ဘာဖြစ်လို့လဲကွ"

"တောထဲမှာ သစ်ညီနောင်ဆိုရင် ဘယ်အလုပ်သမားကမှ လှဲဝံ့ကြမှာ မဟုတ်ဘူး၊ လှဲလည်း ရမှာမဟုတ်ဘူး"

"မင်းတို့နှစ်ယောက်ကရော မလှဲဝံ့ကြဘူးလား"

"တောအုပ်မင်း ခိုင်းရင်တော့ လှဲဝံ့ပါတယ်၊ ရမရသာ မသိတာ"

"ဒီလိုမှပေါ့၊ ကဲ. . . ဒါဖြင့် လှဲစမ်းကွာ၊ လှဲလို့ရရင် မင်းတို့လိုချင်တာ ရစေ့မယ်"

"တောအုပ်မင်းသာ ကတိတည်ပါစေ၊ အခုပဲ လှဲပါမယ်"

ဟု ပြောကာ အလုပ်သမားများ ချထားခဲ့သော လွှ၊ ဓား၊ ပုဆိန်၊ သံသတ် စသည်တို့ကို ယူ၍ သစ်ပင်ခြေသို့ ဝင်သွားကြသည်။

ဦးစွာ အပင်ခြေ၌ ရှိသော မလွတ်သည့် အပင်ငယ်များကို အရင်ရှင်းပြီးမှ ကဗျည်းဖောက်သည်။

ကဗျည်းဖောက်သည်ဆိုခြင်းမှာ သစ်ပင်အောက်ခြေ၌ ရှိသော သစ်ကဗျည်းကို လွှဖြင့် ဖောက်ချလိုက်ခြင်းဖြစ်သည်။ ကဗျည်းဖောက်ပြီးမှ အပင်ခြေကို လွှဖြင့် စဖြတ်သည်။ အပင်ကြီးသောကြောင့် တစ်ပင်ပြီး တစ်ပင် ဖြတ်ရသည်။ လွှညှပ်လျှင် သံသတ်ဖြင့် ရိုက်ကာ ကူပေးရသည်။ အပင်ကြီးများမှာ လွှတစ်ဆုံး ပေါ်ရုံသာ ရှိသောကြောင့် ဖြတ်ရသည်မှာ ခရီးမတွင်လှပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရင်းနှင့် ညနေပိုင်းအချိန်ဆို့ တဖြည်းဖြည်း ရောက်လာလေသည်။

သစ်လှဲနေစဉ် လေတိုက်နေသောကြောင့် သစ်ပင်ကြီးနှစ်ပင်က အရက်မူးနေသူပမာ ယိမ်းထိုးလှုပ်ရှားလျက် ရှိနေသည်။ အကယ်၍ အပင်ခြေ ပြတ်သွားပါက လဲချင်ရာလဲမည့် အခြေအနေမျိုးဖြစ်သည်။

တောအုပ်မောင်ထွန်းကတော့ ဘေးအန္တရာယ် ကျလာလျှင် လွတ်စေရန် အတော်ဝေးသောနေရာမှ သစ်ပင်ကြီးတစ်ပင်ဘေးမှာ ရပ်ကြည့်နေသည်။

သစ်ပင်လှဲနေသူနှစ်ယောက်ကတော့ အန္တရာယ်ကို လုံးဝကြောက်ရွံ့ဟန် မရှိဘဲ ဖြတ်မြဲဖြတ်နေရာ ပထမတစ်ပင် ပင်ခြေပြတ်သွားလေသည်။

သို့သော် အပေါ်ကိုင်းချင်း ချိတ်တွဲနေသောကြောင့် မလဲသေးပေ။ နောက်တစ်ပင် ဆက်ဖြတ်ကြသည်။

မိုးချုပ်ကာနီးအချိန်လောက်တွင် ဒုတိယတစ်ပင်လည်း ပင်ခြေပြတ်ထွက်သွားသည်။

ထိုအချိန်ရောက်မှ လေက ခပ်ပြင်းပြင်း တိုက်လာရာ အပင်အောက်ခြေပြတ်နေပြီဖြစ်သော သစ်ညိုနောင်အပင်ကြီးနှစ်ပင်မှာ သစ်ဆုံပေါ်မှာ လည်လျက် ဟိုသည်ယိမ်းထိုးနေသော်လည်း လဲတော့မသွားပေ။

လူနှစ်ယောက်က သံသတ်ကြိုးများဖြင့် တဝုန်းဝုန်း ရိုက်ချသော်လည်း မရပေ။

သစ်ပင်ကြီးနှစ်ပင်၏သစ်ဆုံပေါ်မှာ လည်နေရာမှ တကျွီကျွီ



www.burmeseclassic.com

www.burmeseclassic.com



ရှည်နေသောအသံမှာ ကြားရသည်နှင့် ကြက်သီးထစရာ ကောင်းလှတော့သည်။

နေဝင်ကာနီးအချိန်ထိ ကြိုးစားကြသော်လည်း ဘယ်လိုမှ မရတော့မှ လူနှစ်ယောက် သစ်ပင်အောက်မှ ပြန်ထွက်လာကြသည်။ ၎င်းတို့နှစ်ဦးစလုံး ချွေးများက ရွှဲနစ်နေသည်။

"ဘယ်လိုလဲ. . . မရဘူးလား"

"သစ်ပင်အောက်ခြေက ပြတ်သွားပြီ၊ သစ်ပင်က မလဲသေးတာ၊ ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ မနက်ဖြန်မှပဲ ရအောင်လှဲပေးမယ်၊ ဒါထက် တောအုပ်မင်း ဘယ်ကိုပြန်မှာလဲ"

"ဆင်သချောင်းစခန်းကို ပြန်မှာကွ"

"ဒီအချိန်ကျမှ တောထဲမှာ တစ်ယောက်တည်း ပြန်လို့ ဘယ်သင့်ပါ့မလဲ၊ ကျုပ်တို့နှစ်ယောက် စခန်းရောက်အောင် လှည်းနဲ့ လိုက်ပို့ပေးပါ့မယ်"

ဟု ပြောသဖြင့် တောအုပ်မောင်ထွန်းလည်း ၎င်းတို့လှည်းပေါ်သို့ တက်လိုက်ခဲ့လေသည်။

တစ်ယောက်က အရှေ့ဘက်ကို မျက်နှာလှည့်ကာ လှည်းမောင်းသည်။ ကျန်တစ်ယောက်က လှည်းနောက်မှ နောက်ဖက်သို့ မျက်နှာမူကာ ခြေထောက် အောက်ချပြီး ထိုင်လိုက်လာသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ချိန် ရောက်လာလေရာ တောထဲမှာ တစ်ပင်ရိပ်များကြောင့် မှောင်လာချေပြီ။

ကျွဲနှစ်ကောင် ဆွဲသောလှည်းကတော့ သစ်ဆွဲသော လမ်းကြောင်းအတိုင်း တအိအိနှင့် မောင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်မောင်ထွန်းစိတ်ထဲမှာ ဒီအချိန်မျိုးကျမှ လှည်းဖြ လိုက်ပို့ပေးမည့်သူနှင့် တွေ့ရသည်မှာ ကံကောင်းလေစွဟု တွေးနေ သည်။

လမ်းတစ်နေရာရောက်တော့ ရှေ့မှ မောင်းနေသူက မေ သည်။

"တောအုပ်မင်းတို့ . . ဆင်သေချောင်းစခန်းက အတော် ကလေး နာမည်ကြီးပဲကိုး"

"ဘယ်လိုနာမည်ကြီးတာလဲ"

"တစ္ဆေသရဲလက်ချက်ကြောင့် လူတွေ သေတာ နည်းတော့ တာ မှတ်လို့၊ တောအုပ်မင်း မကြားမိဘူးလား"

"ကြားတော့ ကြားတာပဲ"

"တောအုပ်မင်းရော အခုထိ အခြောက်မခံရသေးဘူးလား"

"ငါက အဲဒါမျိုးတွေ အယုံအကြည် မရှိတော့ သူတို့ ခြောက်လို့ မရဘူးဖြစ်မှာပေါ့"

"မဟုတ်ပါဘူး . . ကံမြင့်နေသေးလို့ အခြောက်မခံရသေး တာပါ၊ ကံနိမ့်ပြီဆိုတာနဲ့ အခြောက်ခံရမှာပါ"

"ခြောက်လည်း ငါက မကြောက်တတ်ပါဘူး"

"မကြောက်ဘူးဆိုတာ ကြောက်စရာ မတွေ့သေးလို့ပါ"

ဟု ပြောရင်း ရှေ့မှ လှည်းမောင်းနေသူက လှည်းရှေ့မှာ ကိုင်း တျနေသော သစ်ကိုင်းကို လက်ဖြင့် လှမ်းကိုင်ပြီး အပေါ်သို့ မြှောက်တင် လိုက်ရာ အတော်မြင့်မြင့်သို့ ရောက်သွားလေသည်။

၎င်း၏လက်တံမှာ သစ်ကိုင်းနှင့်အတူ ရှည်ထွက်သွားသည်ကို

www.burmeseclassic.com



တောအုပ်မောင်ထွန်းက သတိမပြုမိလိုက်ပေ။

ဤသို့ဖြင့် စကားတပြောပြောနှင့် သွားပြန်ရာ တစ်နေရာ ရောက်သောအခါ လှည်းက ရွံ့ဗွက်ကျွံ၍ သွားမရပြန်ပေ။

ထိုအခါ ရှေ့မှ လှည်းမောင်းနေသူက နောက်မှာ ထိုင်လိုက်လာသူကို လှမ်းပြောသည်။

"လှည်းဗွက်ကျွံနေတယ်. . . ခြေထောက်နဲ့ ထောက်ပြီး နည်းနည်း မ,ပေးလိုက်စမ်းကွာ"

ထိုအခါ နောက်က လူက လှည်းအောက်မဆင်းဘဲ လှည်းပေါ်မှာ ထိုင်နေလျက်ကပင် ခြေထောက်,ထောက်၍ မ,ပေးလိုက်ရာ လှည်းကြွတက်လာသဖြင့် ရှေ့ဆက်သွား၍ရသည်။

အမှန်တော့ လှည်းပေါ်မှာ ထိုင်နေသူက လှည်းအောက်သို့ ခြေထောက်မီစရာအကြောင်းမရှိပေ။

တွဲလောင်းချထားသော ၎င်းခြေထောက်ကြီးက ရှည်ထွက်လာပြီး ထောက်ပေးလိုက်၍သာ လှည်းက ကြွတက်လာခြင်းဖြစ်သည်။ သို့တိုင်အောင် တောအုပ်မောင်ထွန်းက မရိပ်မိသေးပေ။

အချိန်ကလည်း ညဦးပိုင်းအချိန်ရောက်လာပြီ ဖြစ်သဖြင့် အမှောင်ရိပ်များက ဖုံးလာချေပြီ။

ကျွဲနှစ်ကောင် ဆွဲနေသောလှည်းက တအိအိသာ သွားနေသော်လည်း ဆင်သေချောင်းစခန်းနှင့် နီးဟန် မတူသေးပေ။

ထိုအခိုက်မှာပင် လှည်းပေါ်မှာ အပုပ်နံ့က ထောင်းကနဲ ထ,လာသည်။

"ဟာ. . . အပုပ်နံ့ကလည်း နံလိုက်တာ၊ ဘယ်နေရာကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှည်းပေါ်မှာ ကျုပ်တို့ပဲ ပါတာ၊ ကျုပ်တို့ဆီကပဲ နံတာ ဖြစ်မှာပေါ့"

"ဟင်. . . မင်းတို့ဆီက အပုပ်နံ့ ဘာကြောင့် ထွက်နေရတာလဲ"

"သေတာပဲ ကြာမှပေါ့၊ ဒီလောက်တော့ ပုပ်မှာပေါ့"

"ဟော. . ဒါ. . ဒါဖြင့်. . "

"ကျုပ်တို့က ကညင်ပင်ညီနောင်မှာ နေတဲ့ သဘက်နှစ်ကောင်ပဲလေ"

"ဟာ. . . "

ဒီတော့မှ တောအုပ်မောင်ထွန်းမှာ သေနတ်ကြီး ကိုင်ကာထ,ရမလို ထိုင်ရမလို လှည်းပေါ်မှ ခုန်ဆင်းရမလိုဖြစ်တော့သည်။

သူ့အခြေအနေကို ကြည့်ပြီး လှည်းမောင်းနေသူက အသံသြသြကြီးဖြင့် ရယ်လိုက်လေသည်။

"ခင်ဗျားပဲ အစကတော့ မကြောက်တတ်ဘူးဆို၊ အခုတော့ ကြောက်နေပြီလား"

နောက်က လူကပါ ပြောသည်။

"မကြောက်ဘူးဆိုတာ တကယ်ကြောက်စရာမျိုး မတွေ့သေးလို့ မကြောက်တာ မဟုတ်လား၊

တကယ်ကြောက်စရာဆိုတာ အခုပြမယ်"

ဟု ပြောကာ လှည်းကို ရပ်လိုက်ပြီး နှစ်ယောက်စလုံး တောအုပ်မောင်ထွန်းဘက်သို့ မျက်နှာလှည့်လိုက်ကြသည်။

"ဟာ. . . "



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးမှာ စောစောက မျက်နှာမျိုး မဟုတ်တော့ပေ။

ဦးခေါင်းထိပ်ပေါ်မှာ နီကျင်ကျင် ဆံပင်မွေးအချို့သာ ရှိပြီး ဦးရေပြားများက ပေါက်ပြဲကာ အချို့အရေပြားများက မျက်နှာပေါ်သို့ ကျနေသည်။

နားရွက်ကြီးများက ဘေးသို့ ကားထွက်နေပြီး ဆင်နားရွက်ကဲ့သို့ တလှုပ်လှုပ်ဖြစ်နေလေသည်။

မျက်လုံးပြူးကြီးများက အပြင်သို့ စူထွက်နေပြီး တောင်တစ်လုံး မြောက်တစ်လုံးဖြစ်နေသည်။

နှာခေါင်းက အတွင်းသို့ ချိုင့်ဝင်နေပြီး ပါးစပ်က သာမန်ထက် ဝိုကျယ်ကာ ပါးစပ်အတွင်းမှ သွားနှင့်အစွယ်များက အဖွေးသား ပေါ်နေသည်။

ပါးစပ်အတွင်းမှ လျှာကြီးကလည်း အပြင်သို့ တန်းလန်းကျနေသည်။

ကိုယ်လုံးနှင့်စာလျှင် ဦးခေါင်းပမာဏက အဆမတန် ကြီးနေပြီး လက်တံနှစ်ဖက်ကလည်း အရှည်ကြီး ထွက်နေသည်။

ထိုမျှကြောက်မက်ဖွယ်ကောင်းလှသော သဘက်ညီနောင်ကို အနီးကပ် တွေ့ရသောအခါ မောင်ထွန်းမှာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ လှည်းပေါ်မှ ခုန်ဆင်းထွက်ပြေးလေတော့သည်။

သို့သော်လည်း ဝေးဝေးမပြေးနိုင်တော့ပေ၊ လှည်းပေါ်မှ ထွက်လာသော လက်ကြီးတစ်ဖက်က လည်ကုပ်ကို ဆွဲကာ ပြန်ဆွဲခေါ်သွားလေသည်။

"အား . . . လုပ်ကြပါဦး . . . ကယ်ကြပါဦး၊ ဒီမှာ သဘက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်က ကျုပ်ကို သတ်နေပါပြီ"

မောင်ထွန်း၏အော်သံက တိတ်ဆိတ်စပြုနေသော တောနက်အတွင်းမှာ ပဲ့တင်ထပ်သွားသော်လည်း မည်သူမှ မကြားနိုင်တော့ပေ။

သူ့အောင်သံနှင့် မရှေးမနှောင်းမှာပင် တောနက်တွင်းမှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။

"ငါတို့ လာပြီဟေ့ . . ငါတို့ လာပြီ"

ထိုအသံများ ပေါ်လာပြီး မကြာမီမှာ အမှောင်ရိပ်အတွင်းမှ မည်းမည်းသဏ္ဌာန်များ ထွက်လာလေရာ အတန်ကြာသောအခါ မောင်ထွန်း၏စူးစူးဝါးဝါးအော်သံကြီး ပေါ်လာတော့သည်။

"အား . . ."

သစ်တောစခန်းသို့ တောအုပ်မောင်ထွန်းတစ်ယောက် ပြန်ရောက်မလာကြောင့် အလုပ်သမားများက နောက်တစ်နေ့ မနက်လင်းချိန်တွင် တောတွင်း ဝင်၍ လိုက်လံရှာဖွေကြရာ တောနက်တွင်း တစ်နေရာတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော တောအုပ်မောင်ထွန်း အလောင်းကို တွေ့ကြရသည်။

အလောင်းအနီးတွင် ခေါင်းတလားကြီးတစ်လုံးနှင့် အရိုးကျနေသော ကျွဲဦးခေါင်းနှစ်လုံးကိုပါ တွေ့ကြရသည်။

အလုပ်မားများမှာ တောအုပ်မောင်ထွန်းအတွက် စိတ်မကောင်းဖြစ်ကြရုံမှလွဲ၍ ဘာမှမတတ်နိုင်ကြတော့ပေ။ ထို့နောက် တောခေါင်းတာဝန် ယူထားသူကပင် ကမကထ လုပ်ကာ မောင်ထွန်း အလောင်းကို တောတွင်းတစ်နေရာမှာပင် မြေမြှုပ်သဂြိုဟ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မနေ့က အလုပ်သမားများ ပစ်ချထားခဲ့သော လက်နက်ကိရိယာများကို ပြန်ယူရန်အတွက် ကညင်ပင်ညီနောင် ရှိရာသို့ တစ်ကျော့ပြန်သွားကြသည်။

ထိုနေရာရောက်၍ ပစ္စည်းကိရိယာများကို စစ်ဆေးကြသောအခါ အချို့လျော့နေသည်ကို တွေ့ရသဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြသောအခါ ကညင်ပင်ညီနောင် သစ်ပင်အောက်ခြေ၌ ပြန်တွေ့ရသည်။

"ဘယ်သူများ ဒီသစ်ပင်နှစ်ပင်ကို ဖြတ်ဖို့ ကြိုးစားတာပါလိမ့်"

ဟု တွေးတောကာ သစ်ပင်ကြီးနှစ်ပင်၏ပင်ခြေကို ကြည့်တော့လည်း အခွံတစ်ခုပင် ပွန်းရာပဲ့ရာ မရှိဘဲ ပကတိအတိုင်းပင် ရှိနေသည်ကို တွေ့ကြရသည်။

မနေ့က လွှဖြင့် တိုက်ဖြတ်ခဲ့သော ကဗျဉ်းများနှင့် ပင်ခြေပြတ်အောင်ဖြတ်ထားခဲ့သော လွှရာများကတော့ သစ်ပင်၏ပင်စည်ပေါ်မှာ မရှိတော့ပေ။

ပရလောကသားတို့၏လှည့်စားမှုက ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

# ပရလောကသားများနှင့် မိတ်ဆွေဖွဲ့ရခြင်း

ပဲခူးမြို့ သစ်တောရုံးခန်းအတွင်း၌ ဖြစ်ပေသည်။ သစ်တောဝန်ထောက်က ပဲခူးရိုးမအတွင်း၌ ရှိသော ဆင်သေချောင်း သစ်စခန်းသို့ စေလွှတ်ရန် အလုပ်သမားများကို ရွေးချယ်လျက်ရှိပေသည်။

အင်္ဂလိပ်လူမျိုးဖြစ်သော သစ်တောဝန်ထောက်မှာ ဆင်သေချောင်း သစ်စခန်းသို့ စေလွှတ်ရန် အလုပ်သမားများ မရသဖြင့် ရုံးခန်းအတွင်းမှာ ဒေါသဖြစ်လျက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

၎င်းလက်အောက်မှ အမှုထမ်းအရာထမ်းများမှာလည်း မည်



www.burmeseclassic.com

www.burmeseclassic.com



သို့ အကြံပေးရမှန်း မသိအောင် ရှိတော့သည်။

ဆင်သေချောင်း သစ်စခန်းမှာ နာမည်နှစ်မျိုးဖြင့် ကျော်ကြားသော သစ်စခန်းတစ်ခုဖြစ်သည်။

တစ်မျိုးက အဖိုးတန်သစ်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ အစရှိသောသစ်များ ပေါများသဖြင့် နာမည်ကြီးခြင်းဖြစ်ပြီး ကျန်တစ်မျိုးကတော့ တစ္ဆေသရဲ ခြောက်လှန့်မှု ကြမ်းသောကြောင့် နာမည်ထွက်ခြင်းဖြစ်သည်။

ထိုနာမည်ဆိုးကြောင့်ပင် မည်သည့်အလုပ်သမားကမှ မသွားချင်ကြပေ၊ မသွားဝံ့ကြပေ။

ယခင်က ထိုစခန်းသို့ အဖွဲ့များ ဖွဲ့၍ အကြိမ်ကြိမ် စေလွှတ်ခဲ့ဖူးသည်။

တောအုပ်ကံဆိုင်တို့ လင်မယားနှစ်ယောက်အပြင် နောက်ပြောင်းသော တောအုပ်မောင်ထွန်းမှာလည်း မရှုမလှ သေဆုံးခဲ့ရပြီးနောက် အခြားအလုပ်သမားများလည်း ထိုစခန်းမှာ ဆက်မနေဝံ့ကြသဖြင့် ပြေးကြရသည်။

နောက်ပိုင်း မည်သူမှ နေဝံ့သူ မရှိသောကြောင့် ထိုသစ်စခန်းအား ပိတ်ထားခဲ့ရသည်။

ထို့အတွက် သစ်တောဝန်ထောက် မစ္စတာစတီးဝပ်က များစွာဒေါသူပုန်ထ,နေခြင်းဖြစ်သည်။

"ဒီစခန်းမှာ အလုပ်သမားတွေ မနေဝံ့တာ ဘာကြောင့်လဲ၊ သူပုန်တွေ ရှိလို့လား"

"မရှိပါဘူး သခင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကြောင့် မနေဝံ့ကြတာလဲ"

"တစ္ဆေသရဲတွေ သောင်းကျန်းလို့ မနေဝံ့ကြတာပါ။ အရင် သေခဲ့ကြတဲ့ တောအုပ်တွေ၊ အလုပ်သမားတွေလည်း တစ္ဆေသရဲတွေ သတ်လို့ သေရတာပါ"

"တစ္ဆေသရဲဆိုတာ. . . ဝိညာဉ်ကို ပြောတာ မဟုတ်လား။ အကောင်အထည်မရှိတဲ့ ဝိညာဉ်ကို ဘာကြောင့် ဒီလောက်တောင် ကြောက်နေရတာလဲ၊ တစ္ဆေသရဲ ကြောက်လို့ အလုပ်လုပ်ဝံ့သူ မရှိဘူး ဆိုရင် ကျွန်ုပ်တို့ သိက္ခာကျမှာပေါ့။

ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်ရမယ်"

ဟု ပြောနေသော်လည်း အတော်များများကတော့ ဆင်သေ ချောင်းစခန်းသို့ သွားဝံ့သူ မရှိလှပေ။

အင်္ဂလိပ်များလက်ထက်က အလုပ်သမား အတော်များများမှာ ကုလားလူမျိုး အလုပ်သမားများဖြစ်ကြရာ ၎င်းတို့မှာ စေခိုင်းသမျှ ထား ရာနေ စေရာသွား အလုပ်သမားများဖြစ်ကြသည်။

ယခု ဆင်သေချောင်း သွားရမည်ဆိုသောအခါမှသာ နောက် တွန့်နေကြခြင်းဖြစ်၏။

"မောင်မင်းတို့ ဗမာလူမျိုးတွေဟာ တစ္ဆေသရဲတို့ နတ်တို့ဆိုရင် သိပ်ပြီးယုံကြည်စွဲလန်းမှု များကြတယ်၊ အကြောင်းတစ်ခု ပေါ်လာရင် နတ်ကိုင်တယ်၊ သရဲတစ္ဆေကြောင့်ပဲလို့ ထင်နေကြတယ်"

သူပြောတာလည်း မှန်သင့်သလောက် မှန်သဖြင့် အချို့သူများ က ဘာမှပြန်မပြောကြပေ။

သို့သော် အခန်းထောင့်တစ်နေရာမှာ ကွမ်းတမြုံ့မြုံ့ ဝါးရင်း

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေသော ဦးမွန်ထော်ကတော့ ဘဝင်မကျလှပေ။

ဦးမွန်ထော်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး သစ်စခန်းမှ ခေါင်းတစ်ဦးဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ဒီအယူအဆ အစွဲအလန်းတွေကြောင့် တိုးတက်မှု မရှိကြတာပဲ"

ထိုအခါ ဦးမွန်ထော်က နေရာမှ ထရပ်လိုက်တော့ သစ်တောဝန်ထောက်က လှမ်းကြည့်လိုက်သည်။

"တစ္ဆေသရဲဆိုတာ နေရာတိုင်းမှာ ရှိတာပဲ၊ ဒါပေမယ့် သူတို့ကို ဒုက္ခမပေးရင် သူတို့ကလည်း အန္တရာယ် မပေးကြပါဘူး၊ ဆင်သေချောင်းကို ဘယ်သူမှ သွားဝံ့တဲ့လူ မရှိရင် ကျွန်တော်မျိုး သွားပါ့မယ်"

ထိုစကားကြားသောအခါ သစ်တောဝန်ထောက်နှင့် အခန်းထဲမှာ ရှိနေကြသော တောအုပ်တောခေါင်းများ၊ အလုပ်သမားများက သူ့ကို လှမ်းကြည့်ကြသည်။

"မောင်မင်းက ဘယ်သူလဲ"

"ခေါင်းမွန်ထော်ဖြစ်ပါတယ်"

"ကောင်းပြီ . . မောင်မင်းသွားမယ်ဆိုရင် မောင်မင်းကို တောခေါင်းရာထူး ချက်ချင်းတိုးပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် သခင်ကြီး၊ ဒါပေမယ့် အလုပ်သမားတွေကိုတော့ ကျွန်တော်မျိုး ကြိုက်တဲ့လူတွေ ရွေးခေါ်သွားခွင့်ပြုပါ"

"မောင်မင်းကြိုက်တဲ့လူတွေကို ခေါ်သွားပါ၊ လိုအပ်တဲ့ ရိက္ခာပစ္စည်းတွေကိုလည်း သစ်တောရုံးမှာ လိုသလောက် ထုတ်ယူသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်လေသည်။

ဦးမွန်ထော်က ဆင်သေချောင်း သွားဖို့သစ်တောဝန်ထောက်အား ကတိပေးလိုက်ပြီးသည့်နောက်မှာ အလုပ်သမား အတော်များများက ဦးမွန်ထော်နှင့် မျက်နှာချင်းဆိုင်ရမည်ကို လန့်နေကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

၎င်းတို့အား ဆင်သေချောင်းစခန်းသို့ ခွေးခေါ် သွားမှာစိုးသောကြောင့်ဖြစ်သည်။

အချို့ကလည်း အရဲစွန့်ပြီး လာမေးကြသည်။

"အဘထော်. . . ဆင်သေချောင်း သစ်စခန်းကို တကယ်သွားမှာလားဗျ"

ဦးမွန်ထော်က ခေါင်းညိတ်ပြသည်။

"အဲဒီစခန်းက ဒီလောက်နာမည်ကြီးနေတာ၊ အဘထော်မို့သွားဖို့ စိတ်ကူးတယ်"

"ဘယ်လိုနာမည်ကြီးတာလဲ"

"အဲဒီနေရာက တစ္ဆေကုန်းဆိုလား ကျတ်ကုန်းဆိုလား၊ သွားတဲ့လူတွေတိုင်း သေနေကြတာ အဘထော် မကြားမိဘူးလား၊ နောက်ဆုံးသွားတဲ့ တောအုပ်မောင်ထွန်းဆိုရင် တောထဲမှာ သရဲ ဂုတ်ချိုးသတ်လိုက်တယ်ဆိုလား၊ အဘထော် မကြောက်ဘူးလား"

"ဘာကြောက်စရာ ရှိသလဲကွာ၊ တစ္ဆေသရဲဆိုတာ သူတို့ကိုဒုက္ခပေးမှ လူတွေကို အန္တရာယ်ပေးတာပါ၊ သူတို့ ရှိတော့ အဖော်တောင် ရသေးတယ်"

ဟု ပြောလိုက်သောအခါ နောက်ထပ်ဆက်မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အလုပ်သမား ရွေးသောအခါ ဦးမွန်ထော်က ရင်းနှင့် ခါတ်သီများကိုသာ ရွေးလေသည်။

ထိုအထဲတွင် သူနှင့် လက်တွဲဖော်များဖြစ်ကြသော နီမောင်၊ စောထီး၊ ငမဲအောင်တို့ကို အမိက ခေါ်သည့်အပြင် ပျဉ်ပုံကြီးရွာမှာ နေထိုင်သော ဆေးဆရာကြီး ဦးဗန်ကောင်းကိုပါ အကျိုးအကြောင်း ပြောပြကာ ခေါ်လာခဲ့သည်။

"လောလောဆယ် ကတိပေးပြီးသားဆိုတော့ ဒီပွဲမှာ အောင်မြင်အောင် လုပ်မှဖြစ်မယ်၊ မျက်နှာဖြူတွေက ကျုပ်တို့ ဗမာလူမျိုးတွေကို အထင်သေးနေကြတယ်၊

အလုပ်မဖြစ်ဘဲ ပြန်လာရင် ဒီထက်ပိုပြီး အထင်သေးစရာဖြစ်လိမ့်မယ်၊ အဲဒီတော့ ဆရာကြီး လိုက်ပြီးအကူအညီပေးမှ ဖြစ်မယ်"

ဟု ပြောကာ အကူအညီတောင်းသဖြင့် ဦးဗန်ကောင်းကလည်း အကူအညီပေးရန် သဘောတူလေသည်။

ဦးမွန်ထော်မှာ ဦးဗန်ကောင်း လိုက်သဖြင့် များစွာအားရှိသွားလေသည်။

ပဲခူးသစ်တောရုံးမှာ လိုအပ်သော စားနပ်ရိက္ခာ၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများ ထုတ်ယူပြီးလျှင် ရင်းနှင့် လုပ်ဖော်ကိုင်ဖက်များကို ခေါ်ရာ အတော်များများ လိုက်ကြလေသည်။

ဤသို့ဖြင့် အားလုံး အဆင်သင့်ဖြစ်သောအခါ ဆင်သေချောင်းစခန်းသို့ ခရီးထွက်ကြလေသည်။

သစ်တောရုံးမှ သစ်တင်သော လော်လီကားကြီးများဖြင့် တောင်ခြေရောက်အောင် လိုက်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တောလမ်းခရီး သွားသောအခါမှသာ ဆင်များပေါ်မှာ ပစ္စည်းများ တင်၍ လူများက ခြေကျင်လျှောက်ကြရသည်။

"အဘထော်. . . ဟိုရောက်ရင် ဘာကို အရင်လုပ်မလဲ"

လမ်းရောက်တော့ နီမောင်က မေးသည်။

"ဆရာကြီးဦးဗန်ကောင်း စီစဉ်ပါလိမ့်မယ်"

ဦးမွန်ထော်က ဆေးလွယ်အိတ်ကြီးတစ်လုံး လွယ်ကာ လိုက်လာသော ဦးဗန်ကောင်းကို ကြည့်ရင်း ပြောသည်။

"ဆရာကြီး ဘယ်လိုစီစဉ်မှာလဲ"

"ဒါက အခုပြောလို့ မရသေးဘူး၊ ဟိုနေရာရောက်တော့မှ အခြေအနေကြည့်ပြီး စီစဉ်ရမှာပဲ"

ထိုအချိန်က ဦးဗန်ကောင်း ပြောသောစကားအဓိပ္ပါယ်ကို မသိကြသော်လည်း တောတွင်းသစ်စခန်း ရောက်သွားသောအခါမှ တဖြည်းဖြည်းနှင့် သိလာကြလေတော့သည်။

၎င်းတို့အဖွဲ့ ဆင်သေချောင်း သစ်စခန်းသို့ ရောက်သောအခါ ညနေပိုင်းအချိန်ဖြစ်သည်။

တန်းလျားများနှင့် ဝိုလ်တဲနှစ်လုံးမှာ လူသူမနေတာ အတန်ကြာပြီဖြစ်သောကြောင့် ယိုယွင်းပျက်စီးနေချေပြီ၊ အလုပ်သမားများက တန်းလျားများမှာ နေကြပြီး ဦးဗန်ကောင်း၊ ဦးမွန်ထော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့က ဝိုလ်တဲတစ်လုံးပေါ်မှာ စုနေကြသည်။

၎င်းတို့က အရင်တောခေါင်းတောအုပ်များ နေသော ဝိုလ်တဲမှာ မနေဘဲ သီးသန့်ထားသောဝိုလ်တဲမှာ ရွှေ့နေကြသည်။

ထိုစခန်းရောက်သောအခါ ညနေစာအတွက် ချက်ပြုတ်ကြရာ



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ထမင်းနှင့်ဟင်းများကို ပိုချက်ခိုင်းရာ စောထီးက မေးသည်။

"ထမင်းဟင်းတွေ အပိုချက်ခိုင်းတာ ဘာလုပ်ဖို့လဲကွ"

"ကျွေးရမယ့်လူတွေ ရှိတယ်"

"ငါတို့လူတွေအပြင် ဘယ်သူတွေ ရှိသေးလို့လဲ"

"နောက်တော့ သိလိမ့်မယ်"

ထမင်းဟင်းများ ချက်ပြုတ်ပြီးသောအခါ နေဝင်ရီတရော အချိန်ရောက်နေချေပြီ။

နီမောင်က စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကိုပါ ခေါ်ပြီး ထမင်းဟင်းအချို့ကို ယူကာ မနီးမဝေးမှာ ရှိသော ကုန်းရှိရာသို့ သွားလေသည်။ ထိုနေရာသို့ ရောက်သောအခါ အင်ဖက်များကို ခင်းပြီး ထမင်းဟင်းများကို လိုက်ပုံပေးရင်း ပါးစပ်ကလည်း ပြောသည်။

"ငါတို့သည် ဒီနေရာမှာ အလုပ်လုပ်ရန် ရောက်လာသော အလုပ်သမားများဖြစ်ကြတယ်၊ သင်တို့အား ရန်ပြုရန်၊ ဒုက္ခပေးရန် လာကြခြင်း မဟုတ်ပါ၊

သို့အတွက် သင်တို့ကလည်း ငါတို့ကို မနှောင့်ယှက်ကြပါနဲ့၊ သင်တို့အား အစားအသောက်များ ဝေငှပါသည်"

ဟု ပြောကာ ထမင်းဟင်းများ ပုံပေးထားခဲ့ကာ ပြန်လာကြသည်။ ထိုကုန်းရှိသောနေရာမှာ ဝင်းတို့ နေသောဗိုလ်တဲများနှင့် မဝေးလှပေ။

ညအချိန်ရောက်သောအခါ ထိုနေရာတဝိုက်မှာ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။

ညပိုင်းရောက်တော့ ဗိုလ်တဲဝရံတာ ထွက်ပြီး လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်း သောက်ရင်း စကားပြောကြသည်။

"နီမောင် ညနေက ဟိုကုန်းမှာ ထမင်းသွားကျွေးသလား"

"ဟုတ်တယ် ဆရာကြီး"

"ကောင်းတာပေါ့ကွာ. . . ဘယ်သူမဆို ရှန်သူအနေနဲ့ နေရတာစာရင် မိတ်ဆွေဖွဲ့ပြီး နေရတာက ပိုကောင်းတာပေါ့"

ဟု ဦးဇန်ကောင်းက ပြောသည်။

ထိုနေ့ညက အတော်ညဉ့်နက်သည်အထိ ထိုင်စကားပြောနေကြသော်လည်း မည်သည့်ထူးခြားမှုမှ မကြုံတွေ့ရပေ။

ယခင် တောအုပ်များ နေသွားသော ဗိုလ်တဲဟောင်းပေါ်မှာတော့ သွားလာလှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်အချို့ကို လှမ်းမြင်ရသည်။

ထိုညက ဦးဇန်ကောင်းက ရင်းယူဆောင်လာသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဘုရားစင်ပေါ်မှာ (ဗိုလ်တဲများမှာ ဘုရားစင် မရှိသော်လည်း ခေါင်းရင်းဘက် စင်တစ်ခုကို ဘုရားစင်အမှတ်ဖြင့် အသုံးပြုခြင်းဖြစ်၏) တင်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ပြီးနောက် ဘုရားရှိခိုးခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်လေသည်။

ထိုညက တစ်ညလုံး မည်သည့်အနှောင့်အယှက်မှ မတွေ့ရပဲ ကောင်းမွန်စွာ အိပ်ရလေသည်။

နောက်တစ်နေ့ ညနေပိုင်း အလုပ်မှ ပြန်လာသောအခါမှာလည်း နီမောင်က ထမင်းနှင့်ဟင်းများ သွားပုံကျွေးပြန်လေသည်။

ထိုအခါမှာတော့ သူတစ်ယောက်တည်း သွားကျွေးလေသည်။

အမှောင်ရိပ် သမ်းလာသောအချိန်တွင် တောထဲမှာ အသား

www.burmeseclassic.com



မည်းမည်းနှင့် အရပ်ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ထွက်လာသည်။

"မိတ်ဆွေအနေနဲ့ ကျုပ်တို့ကို ထမင်းဟင်းများ လာရောက်ကျွေးမွေးတာတော့ ကျေးဇူးတင်ပါတယ်၊

ဒါပေမယ့် ညဘက်မှာတော့ ဒီနေရာမှာ မနေနိုင်လို့ ဟိုးအဝေးကြီးမှာ သွားနေရတယ်၊ မိုးလင်းမှပဲ ပြန်လာရတယ်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့နဲ့ ပါလာတဲ့ လူတစ်ယောက်က ဘုရားရှိခိုး ပရိတ်တော်တွေ ရွတ်နေလို့ မနေနိုင်တာပါ"

"ဒါက ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့လုပ်နေကျပဲ၊ ခင်ဗျားတို့အတွက် အနှောင့်အယှက်ဖြစ်တယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ"

"ပရိတ်တရားတော်တွေ မရွတ်ရင်တော့ ပိုကောင်းတာပေါ့"

"အဲဒီလို မရွတ်တော့ တခြားအနှောင့်အယှက်တွေ လာပြီးနှောင့်ယှက်မှာပေါ့"

"ဒီအတွက် မပူပါနဲ့၊ ခင်ဗျားတို့ကို အခြားအနှောင့်အယှက်တွေ လာပြီးမနှောင့်ယှက်နိုင်အောင်လို့ ကျုပ်တို့ တားပေးပါ့မယ်၊ ဒါပေမယ့် ဟိုဗိုလ်တဲပေါ်မှာ နေတဲ့ သရဲတွေနဲ့ ကညင်ပင်ညီနောင်မှာ နေတဲ့ သဘက်နှစ်ကောင်ကိုတော့ ကျုပ်တို့အနေနဲ့ မတတ်နိုင်ဘူး"

"ဟိုဗိုလ်တဲပေါ်မှာ ဘယ်သူတွေ နေတာလဲ"

"ကျုပ်တို့လက်ချက်နဲ့ သေသွားတဲ့ လင်မယားနှစ်ယောက်တ သရဲဖြစ်ပြီး အဲဒီမှာပဲ နေကြတယ်၊ သစ်ညီနောင်က သဘက်နှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ကြောင့် သေတဲ့လူကတော့ သူလည်း သရဲဖြစ်ပြီး သစ်ညီနောင်မှာ ရှိတယ်”

ထိုစကားကြားသောအခါ နီမောင်မှာ များစွာစိတ်ဝင်စားသွားလေသည်။

“ဗိုလ်တဲမှာ နေတဲ့သရဲတွေ ပြေးအောင် ဘယ်လိုလုပ်ရမလဲ”

“ကျုပ်တို့တော့ သူတို့ကို မနိုင်ဘူး၊ ဒါပေမယ့် သူတို့ကို ဘယ်လိုနှင်ထုတ်ရမယ်ဆိုတာ နောက်တော့ ခင်ဗျားတို့ကို အကူအညီပေးမယ့် သူတွေနဲ့ တွေ့ရပါလိမ့်မယ်”

ဟု ပြောဆိုကာ လူမည်းကြီးက တောထဲ ပြန်ဝင်သွားလေသည်။

နီမောင်လည်း စခန်းသို့ ပြန်လာပြီး ဦးဗန်ကောင်းနှင့် ဦးမွန်ထော်တို့နှစ်ယောက်အား ထိုအကြောင်းကို ပြောပြလိုက်လေသည်။

“ဘယ်နေရာမဆို လူပဲဖြစ်ဖြစ် ပရလောကသားပဲဖြစ်ဖြစ် နောက်ဆုံး တိရစ္ဆာန်နဲ့ပဲဖြစ်ဖြစ် မိတ်ဆွေလို နေရင်း နှစ်ဦးနှစ်ဖက်အကျိုးရှိနိုင်တာပေါ့၊ ရန်သူဖြစ်သွားရင်တော့ နှစ်ယောက်စလုံးရဲ့အကျိုးပျက်စီးစေနိုင်တာပေါ့။

အခုလည်း ဒီနေရာမှာ ရှိတဲ့ ပရလောကသားတွေနဲ့ သင့်တင့်အောင် နေမယ်ဆိုရင် နောက်ဆုံး အဖြေတစ်ခုခုတော့ ရလာမှာပါ”

ဟု ဆရာကြီးဦးဗန်ကောင်းက မှတ်ချက်ချလေသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

# ကံကောင်းထောက်မသဖြင့် ရွှေစေတီကို ဖူးတွေ့ရသူ

နီမောင်တို့ ဆင်သေချောင်း သစ်တောစခန်းသို့ ရောက်ခဲ့ကြပြီး ရက်အတန်ကြာသည်အထိ အနှောင့်အယှက်များ မတွေ့ကြရပေ။

သို့ကြောင့် အလုပ်သမားများလည်း စိတ်အားတက်ကြွလာကာ အလုပ်ကို အားကြိုးမာန်တက် လုပ်ကြလေသည်။

လိုက်လာစဉ်က ကြောက်ကြောက်ရွံ့ရွံ့နှင့် မလွှဲသာ၍ လိုက်လာရသော အလုပ်သမားအချို့ပင် ယခုတော့ ကြောက်ရွံ့မှုများ မရှိတော့ဘဲ ပျော်ရွှင်နေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကတော့ သူတို့ နေသောနေရာနှင့် မနီးမဝေး၌ ရှိသော အများက တစ္ဆေကုန်းဟု ခေါ်သောနေရာသို့ ညနေတိုင်း ထမင်းဟင်းများ သွားပို့ကျွေးလေသည်။

ဦးဇန်ကောင်းပင်လျှင် ဘုရားရှိခိုးခြင်းပြုပြီး ပရလောကသားများ ကြောက်ရွံ့သော ပရိတ်တော်များကို ရွတ်ဖတ်ခြင်း မပြုတော့ပေ။

"ဆရာကြီး ဘာကြောင့် ပရိတ်တရားတော်တွေ မရွတ်တော့တာလဲ"

ဟု နီမောင်က မေးသောအခါ ဦးဇန်ကောင်းက ရှင်းပြသည်။

"ပရိတ်တရားတော်တွေဆိုတာ အင်မတန် တန်ခိုးအာနိသင်ကြီးလေတော့ ရွတ်လိုက်ရင် အနီးတဝိုက်မှာ ရှိတဲ့ ပရလောကသားတွေ အတော်ကို ဒုက္ခရောက်ကြရတယ်"

"ဘယ်လိုဒုက္ခရောက်တာလဲ ဆရာကြီး"

"နေရာအနှံ့မှာ ပရလောကသားတွေဆိုတာ အများကြီး ရှိတယ်၊ ကိုယ့်မျက်စိနဲ့ မမြင်ရပေမယ့် နေရာအနှံ့မှာ နေရာကွက်လပ်မရှိအောင် များပြားတယ်၊ ပရိတ်ရွတ်လိုက်တာနဲ့ သူတို့ နေတဲ့နေရာတွေကနေ အဝေးကို ပြေးကြရတယ်၊

ဘယ်လိုပုံသဏ္ဌာန်မျိုးလဲဆိုရင် ကြိတ်ကြိတ်တိုးနေတဲ့ လူအုပ်ကြီးထဲကို ကြောက်စရာ အန္တရာယ်တစ်ခုခု ဝင်လာလို့ ထွက်ပြေးကြရသလိုမျိုးပေါ့၊ လဲကြပြိုကြ တစ်ယောက်နဲ့တစ်ယောက် ဖိကြပိကြနဲ့ အတော်ဒုက္ခရောက်ကြရတယ်"

"ဒါဖြင့် ပရိတ်တော်တွေက ဘယ်နေရာမှာ ရွတ်ရမှာလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရဲ့နေအိမ်မှာပဲဖြစ်ဖြစ်၊ ဘုရားကျောင်းကန်တွေမှာ ရွတ်ရင် သင့်လျော်ပါတယ်၊ တောထဲတောင်ထဲ သွားတဲ့အခါ ပရလောကသားတွေ နတ်တွေ ဒုက္ခရောက်စေမယ့် ပရိတ်တော်တွေ မရွတ်ဘဲ မေတ္တာသုတ်ကို မင်္ဂလသုတ်လို ပရိတ်မျိုးတွေပဲ ရွတ်သင့်တယ်"

"ကိုယ်က အန္တရာယ်ကြောက်လို့ ရသမျှအားလုံး ရွတ်နေရင် သူတို့ ဒုက္ခရောက်ကြရတာပေါ့နော်"

"အမှန်ပေါ့. . . တစ်ခါတစ်လေ ကိုယ်က မသိဘဲနဲ့ သစ်ပင်အောက်မှာ လမ်းလျှောက်ရင်းနဲ့ ပတ်ပြီး ပရိတ်ရွတ်ရင် သစ်ပင်ပေါ်မှာ နေတဲ့ ပရလောကသားတွေမှာ ကြိုးတွေနဲ့ အထပ်ထပ် တုပ်သလို ခံကြရတယ်၊

သစ်ပင်အောက်က လူက မသိဘဲနဲ့ အခေါက်ရေ များများလျှောက်လေလေ၊ ကြိုးအပတ်ရေ များများအချည်ခံရလေပါပဲ"

"ဒီလိုဆိုတော့လည်း သနားစရာပေါ့"

"ပရလောကသားတွေဆိုတာ တကယ်တော့ သနားစရာ သတ္တဝါတွေပါပဲ၊ ကုသိုလ်ကံ အကျိုးပေး မကောင်းခဲ့လို့ ပရလောက ရောက်ရတဲ့အခါ နေစရာတစ်နေရာ ရဖို့ အတော်ခက်ခဲတယ်၊ သစ်ကိုင်းတစ်ကိုင်း မြက်ပင်တစ်ပင်မှာကို နေစရာ မရှိအောင် သူ့နေရာနဲ့သူ ပြည့်နေတော့တာ"

"ဒါဖြင့် ကျွန်တော်တို့မျက်စိနဲ့ မမြင်ရပေမယ့် နေရာမလပ်အောင် အများကြီး ရှိနေမှာပေါ့နော်"

"ရှိတာပေါ့ကွယ် ရဟန်းသံဃာတော်တွေ လာရင် သက်နိုင်နဲ့ ထိမှာစိုးတော့ အပြေးအလွှား လမ်းဖယ်ပေးကြရတာ အလဲလဲအပြိုပြိုနဲ့

www.burmeseclassic.com

ပေါ့။ ဒါကြောင့် ရဟန်းသံဃာတော်တွေ အပြင်ထွက်ရင် သင်္ကန်းရုံပြီး ထွက်ကြရတာပေါ့။

သင်္ကန်းတဖားဖားနဲ့ လျှောက်သွားနေရင် ဘယ်လောက် ဒုက္ခများလိုက်မလဲဆိုတာ ဆင်ခြင်သင့်တာပေါ့"

ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်ကြံသော ရဟန်းသံဃာတော်များ လမ်းခရီးကြွလျှင် သင်္ကန်းလိပ်ထိုးရုံ၍ လက်မလွဲ ကိုယ်မယိမ်းဘဲ ကြွကြပုံများမှာ ပရလောကသားများကို သနားသောကြောင့် ပင်ဖြစ်သည်။

သည်နေရာတွင် အလျဉ်းသင့်၍ အဖြစ်အပျက်တစ်ခု ပြောပြပါမည်။

ယခင်က ကျွန်ုပ်တို့ နေသောနေအိမ်မှာ အစိုးရက ပေးထားသော ရှေးဟောင်းနေအိမ်ကြီးတစ်လုံးပင်ဖြစ်သည်။ ရန်ကုန်မြို့ပေါ်တွင် ရှေးလက်ရာအတိုင်း ထားရသောအိမ်များထဲတွင် တစ်လုံးပါဝင်သည်။

ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်း၌ ရှိပါသည်။ ဂျပန်ခေတ်က မြေအောက်အခန်း၌ ကင်ပေတိုင်ရုံး ဖွင့်ခဲ့သည်ဟု ပြောကြသည်။

ကျွန်ုပ်တို့ နေထိုင်စဉ်က မထူးခြားသော်လည်း နောက်ပိုင်း ထူးခြားမှုများဖြစ်သည်ဟု မကြာခဏ သတင်းကြားရလေ့ရှိသည်။

ထိုစဉ်က ကျွန်ုပ်မှာ နယ်လှည့်အယ်ဒီတာတစ်ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ ရှေးဟောင်း ဘုရားစေတီများ၊ ဆရာတော်သံဃာများ၊ နေရာထူးများအကြောင်းကို လေ့လာ၍ ဆောင်းပါးရေးသားခဲ့ရမှု ဆရာတော်ကြီးများနှင့် သိကျွမ်းမှု ရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမ၊ သာမည တောင်ဆရာတော်၊ ညောင်ပင်အိုင်ဆရာတော်၊ ကုံလုံဆရာတော်၊ အင်း ဝိုင်းတောရဆရာတော်၊ ကံ့ကော်တစ်ထောင် ဆရာတော် အစရှိသည် တို့ဖြစ်သည်။

တစ်ခါတစ်ရံ ထိုဆရာတော်ကြီးများ ရန်ကုန်မြို့သို့ ကြွလာခိုက် နှင့် ကြုံကြိုက်ပါက မိမိနေအိမ်သို့ ပင့်ကာ ပရိတ်တရားတော်များ နာကြားလေ့ရှိပါသည်။

တစ်နေ့တော့ အင်းဝိုင်းဆရာတော် ရန်ကုန်ကြွလာသည်နှင့် ကြုံကြိုက်သောကြောင့် ပရိတ်တရားတော် နာကြားရန် ကျွန်ုပ်နေအိမ် သို့ ပင့်သွားပါသည်။

ကျွန်ုပ်နေသောအခန်းမှာ အပေါ်ထပ်ဖြစ်သဖြင့် လှေခါး နှစ် ဆစ်ချိုးဖြင့် အပေါ်ထပ်သို့ တက်ရသည်။

အင်းဝိုင်းဆရာတော်က ရှေ့ဆုံးမှ ကြွသည်။

အင်းဝိုင်းဆရာတော်သည် ဝိနည်းသိက္ခာကို အလွန်လေးစား သော ရဟန်းတစ်ပါးဖြစ်သောကြောင့် သင်္ကန်းကို သိပ်ထိုးရုံထားပြီး ယပ်ကို ကိုင်ထားသည်။

လှေခါးတဝက် ရောက်သောအခါ ဆရာတော်က ရုတ်တရက် ရပ်တန့်သွားလေသည်။

ရင်းမှာ အပေါ်မှ တစ်စုံတစ်ရာ ဆင်းလာသောကြောင့် လမ်း ဖယ်ပေးနေဟန်ရှိသည်။

သို့တိုင်အောင် မလွတ်မလပ် ဖြစ်သွားဟန်ဖြင့် တစ်ကိုယ်လုံး ယိမ်းယိုင်သွားသဖြင့် နောက်မှာ ရှိသော ဒကာတစ်ဦးက ထိန်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အတန်ကြာမှ အပေါ်သို့ ကြွလေသည်။

ပရိတ်တရားနာပြီးသောအခါ ကျွန်ုပ်က ထိုအကြောင်းကို မေးလျှောက်သောအခါ ဆရာတော်က. . .

"ကျုပ် အပေါ်တက်လာတော့ သူတို့က အောက်ကို ဆင်းပေးရတယ်၊ ဒါကြောင့် လှေခါးမှာတင် ဆုံပြီး မလွတ်မလပ်ဖြစ်ကုန်တာပါ"

ဟု ဖြေကြားလေသည်။

ထိုအဖြစ်အပျက်ကို ကြည့်လျှင် ကိုယ့်ပတ်ဝန်းကျင်မှာ မမြင်ရသော ပရလောကသားများ ဘယ်လောက်များပြားမည်ကို ခန့်မှန်းနိုင်ကြပေပြီ။

"အကောင်းဆုံးကတော့ တောတောင်ထဲမှာ မေတ္တာသုတ် များများရွတ်၊ သူတို့ကို မေတ္တာပို့ အမျှအတန်း ဝေပေးရင်တော့ အကောင်းဆုံးပါပဲ"

ဟု ဦးဗန်ကောင်းက ပြောပြလေသည်။

ထိုသို့နေထိုင်လာသောကြောင့် အတော်များများ အဆင်ပြေသော်လည်း အချို့နေရာမှာတော့ အန္တရာယ်ရှိနေဆဲပင် ရှိသေးသည်။ လူ့လောကမှာလည်း လူကောင်းရှိသလို လူဆိုးများ ရှိသည်။ ပရလောကမှာလည်း လူကို အန္တရာယ်မပေးသော ပရလောကသားများ ရှိသလို. . .

ရက်စက်ကြမ်းတမ်းသော ပရလောကသားများလည်း ရှိပေသည်။ ထိုအကြောင်းများကို တောစပ်မှာ တွေ့ရသော လူမည်းကြီးတလည်း ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကညင်ပင်ညိုနှောင်မှ သဘက်နှစ်ကောင်နှင့် ဗိုလ်တဲမှာ နေသော သရဲနှစ်ကောင်မှာ လွန်စွာကြမ်းတမ်းသဖြင့် သူတို့ မနိုင်ကြောင်း ပြောသွားသည်။

ဗိုလ်တဲပေါ်မှ သရဲများ၏ခြောက်လှန့်ပုံများကတော့ ကြမ်းလှပေသည်။

ညအချိန်ရောက်၍ အမှောင်ရိပ်သမ်းလာသည်နှင့် ဗိုလ်တဲပေါ်မှာ သွားလာလှုပ်ရှားနေသော သဏ္ဌာန်များကို တွေ့ရသည်။

အိုးခွက်ပန်းကန်သံများ၊ စကားပြောသံများအပြင် တစ်ခါတစ်ရံ ဓါတ်စက်ဖွင့်သည့်အသံများကို ကြားကြရသဖြင့် အလုပ်သမားများ စုပြီး ဗိုလ်တဲပေါ် သွားရောက်ကြည့်သောအခါ မည်သူမျှ မတွေ့ရပေ။

သို့သော်လည်း ဓါတ်စက်က ပွင့်လျက်သားအတိုင်းရှိနေသည်။ ဓါတ်ပြားက လူတစ်ယောက် ဖွင့်ထားသကဲ့သို့ လည်နေလေသည်။

"ဆရာကြီး . . ဟိုဗိုလ်တဲပေါ်မှာ သရဲရှိတယ်၊ ဘယ်လိုလုပ်မလဲ"

"ကိုယ့်ကို အန္တရာယ်မပေးမချင်း၊ အနှောင့်အယှက် မပေးချင်း သူ့ဖာသာ နေပစေပေါ့၊ တကယ်လို့ ဒီမှာရှိတဲ့ အလုပ်သမားတွေကို အနှောင့်အယှက် ပေးလာရင်တော့ နှင်ထုတ်ပစ်ရမယ်"

ဟု ဦးဇန်ကောင်းက ပြောသည်။

ဤသို့ဖြင့် နီမောင်တို့ ဆင်သေချောင်း သစ်တောစခန်း ရောက်ကြပြီး အနှောင့်အယှက်ကင်းစွာဖြင့် အလုပ်လုပ်နိုင်ကြသောကြောင့် ဿပိုင်းအတွင်းမှာပင် သစ်လုံးတန်ပေါင်း မြောက်မြားစွာ ထုတ်လုပ်ရရှိကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



တောထဲမှ ရရှိသော သစ်လုံးများကို ဆင်သေချောင်း ရောက်သည်အထိ ဆင်များ၊ ကျွဲများ အသုံးပြုကာ ဆွဲချကြသည်။

ဆင်ခေါင်း၊ ကျွဲခေါင်းများက ထိုတာဝန်ကို ယူကြရသည်။

တောထဲတွင် သစ်လုံးရဖို့ တော်ခေါင်းများက လှဲဖြတ်ရန် သစ်လုံးများကို သတ်မှတ်ပေးရပြီး ထိုသို့သတ်မှတ်ပေးသော သစ်ပင်များကို လွှဆိုင်းများဖြင့် သစ်လုံးဘဝ ရောက်အောင် လှဲဖြတ်ရသည်။

ဓါးခေါင်းများက သစ်လုံးချရန် သစ်ဆွဲလမ်းများကို ဖောက်ပေးရသည်။

လမ်းဖောက်ပြီးမှ ကျွဲများ၊ ဆင်များ အသုံးပြု၍ ဆင်သေချောင်း ရောက်အောင် ဆွဲချရသည်။

ဆင်များကတော့ သစ်လုံးကို နှာမောင်းဖြင့် ပွေ့ယူခြင်း၊ တွန်းရွှေ့ခြင်း ပြုနိုင်ပြီး ကျွဲဆိုင်းကတော့ ကျွဲနှစ်ကောင်ကို ထမ်းပိုးတပ်ကာ သစ်လုံးဆွဲချရသည်။

ချောင်းသို့ ရောက်သောအခါ ဖောင်များ အသုံးပြု၍ တောင်ခြေရောက်အောင် သယ်ထုတ်ကြသည်။

တောင်ခြေစုရပ်တွင် သစ်လုံးများ စုပုံထားပြီးသောအခါ ပဲခူးသစ်စခန်းမှ သစ်တင်သော လော်လီကားများနှင့် လာရောက်သယ်ယူသွားကြလေသည်။

ဦးမွန်ထော် ခေါင်းဆောင်သော သစ်ထုတ်လုပ်ရေးအဖွဲ့မှ မည်သူမှ မလုပ်ဝံ့သော ဆင်သေချောင်း သစ်တောစခန်းမှ ကျွန်း၊ ပျဉ်းကတိုးအပါအဝင် အဖိုးတန်သစ်များအပြင် အင်၊ ကညင်၊ ပိတောက်၊ သင်္ကန်း၊ သစ်ယာ အစရှိသော အသုံးဝင်သစ်တန် အတော်

www.burmeseclassic.com

www.burmeseclassic.com



များများ ရရှိအောင် ထုတ်လုပ်ပေးနိုင်ခဲ့သောကြောင့် သစ်တောဝန်ထောက် မစ္စတာစတီးဝပ်မှာ များစွာသဘောကျနေလေသည်။

သစ်စခန်းမှာမူ နံနက်မိုးလင်းသည်နှင့် အလုပ်စခန်း ဝင်မည့် အလုပ်သမားများက ထမင်းထုတ်များ အသီးသီး ယူဆောင် တောတက်ကြသည်။

စခန်းမှာတော့ ညနေစာအတွက် ထမင်းဟင်း ချက်ရန်အတွက် လူနှစ်ယောက်ကို ထားခဲ့သည်။

အများအားဖြင့်တော့ အလုပ်သမားများမှာ အလုပ်သာ လုပ်ချင်ပြီး ထမင်းဟင်း မချက်ချင်ကြပေ။

သို့ကြောင့် ထမင်းဟင်း အချက်ကောင်းသော အသက်အရွယ်ကြီးသည့် လူနှစ်ယောက်ကို ထမင်းချက်ထားလေသည်။

ဦးဗန်ကောင်းကတော့ နေ့လည်ဘက် ထမင်းစားပြီးသည်နှင့် လွယ်အိတ်တစ်လုံး လွယ်ကာ ဆေးမြစ်ဆေးဥ ရှာရန် တောထဲ ဝင်သွားလေသည်။

သူသည် နေရာအနှံ့လျှောက်သွားကာ ဆေးပင်၊ ဆေးမြစ် ဆေးဥများ ရှာဖွေရင်းမှ တစ်နေ့တော့ ဒေးစွန်ပါတောင်ကြောပေါ် ရောက်သွားလေသည်။

ဒေးစွန်ပါတောင်သည် မဟာဂန္ဓာရီပုဂ္ဂိုလ်တို့၏နောက်ဆုံး စခန်းဝင်ရာတစ်ခုဖြစ်သလို ဘုမ္မိယ ခေါ် သိုက်နန်းရှင် ဥစ္စာစောင့်များ အလွန်ပေါသောနေရာဖြစ်သည်။

ထို့ပြင် ထူးခြားသော ဆေးပင်၊ ဂမုန်းပင်တို့ ပေါက်ရောက်ရာ နေရာလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အထက်တွင် ဟိမဝန္တာ၊ အလယ်တွင် ပုပ္ပားတောင်မဟာ၊ အောက်တွင် ဒေးစွန်ပါ” ဟူသောနေရာများတွင် သိဒ္ဓိရှိသောဂမုန်းပင်နှင့် ဆေးပင်များ ရှာဖွေတွေ့ရှိနိုင်ကြပေသည်။

အထက်တွင် ဟိမဝန္တာ. . .

အလယ်တွင် ပုပ္ပားတောင်မဟာ. . .

အောက်တွင် ဒေးစွန်ပါ စသောနေရာများမှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့် ဂန္ဓာရီပုဂ္ဂိုလ်များ ပျော်မွေ့ရာနေရာလည်းဖြစ်ပေသည်။

ဆရာကြီးဦးဗန်ကောင်းသည် ဒေးစွန်ပါတောင်ပေါ်သို့ ရောက်ခိုက် ဒေးစွန်ပါဘုရားသို့ ဝင်ရောက်ကာ အဓိဋ္ဌာန်ဝင်ရန် ဘုရားကုန်းပေါ်သို့ တက်လာခဲ့ပေသည်။

ရှေးအခါက ဘုရားကုန်းတော်ပေါ်မှာ ရဟန်းသံဃာများနှင့် လူသူနေထိုင်ခြင်းမရှိသေးသောကြောင့် အေးအေးဆေးဆေး အဓိဋ္ဌာန်ဝင်၍ရလေသည်။

ဦးဗန်ကောင်းသည် စေတီတော် ရှိရာ ကုန်းတော်ပေါ် ရောက်သောအခါ သင့်တင့်သောနေရာ၌ ထိုင်ကာ ပုတီးစိပ် အဓိဋ္ဌာန်ဝင်လေသည်။

၎င်းအဓိဋ္ဌာန်ဝင်သော ဂါထာတော်မှာ ယက္ကန်းစင်တောင် ဆရာတော်ကြီး ချီးမြှင့်ပေးသည့် ဝိဇ္ဇာတို့ ကောင်းစွာစောင့်ရှောက်ထားသော ဂါထာတော်ပင်ဖြစ်သည်။

ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ပိ. . . သောဘဂဝါ ဣတ္တိပိ အရဟံ

လာဘံ ဝိဇ္ဇာစရဏ သမ္ပန္နံ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓံသရဏံ ဂစ္ဆာမိ

ဓမ္မံသရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

(ထိုဂါတော်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပြီးပါက လိုသောဆုသုံးဆု တောင်းနိုင်ပါသည်။ တောင်းပါက ပြည့်စုံရရှိနိုင်ပေသည်။)

ဦးဗန်ကောင်းသည် အထက်ပါ ဝိဇ္ဇာတို့ ကူညီစောင့်ရှောက်စေသော ဂါထာတော်ကို သက်စေ့ရွတ်ဆို အမိဌာန်ဝင်ပြီးသောအခါ အောက်ပါဆုကို တောင်းယူလေသည်။

"သိဒ္ဓိရှိသောဆေးပင်၊ ဂမုန်းပင်များ ရှာဖွေရရှိပါစေသားဘုရား"

ထိုသို့ဆုတောင်းပြီး ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့ကို မြင်အပ်သော၊ မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား မေတ္တာပို့ အမျှအတန်း ဝေပေးလိုက်လေသည်။

ဘုရားရှိခိုး၊ အမိဌာန်ဝင်ပြီးသည်နှင့် ဘုရားရင်ပြင်ပေါ်သို့ တစ်ပတ်ပတ်စဉ်၊ တနင်္ဂနွေထောင့်တွင် ပုတီးစိပ်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။

အဘိုးကြီးက သူ့အနား ရောက်လာတော့ နေရာမှ ထလာသည်။

"အမိဌာန် လာဝင်တာလား"

"ဟုတ်ပါတယ် အဘ"

"ရောက်တုန်းရောက်ခိုက် ရွှေစေတီအစစ်ကို ဖူးသွားလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဟင်. . .”

ဦးဗန်ကောင်းအနေနှင့် လက်ရှိ ဒေးစွန်ပါစေတီတော်အပြင် တောထဲတွင် ဒေးစွန်ပါ ရွှေစေတီတစ်ဆူ ရှိသေးသည်ဟုသာ သတင်းကြားဖူးသော်လည်း တစ်ကြိမ်မှတော့ မတွေ့ရသေးပေ။

ယခု အဘိုးကြီးစကား ကြားသောအခါ စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

“ဟုတ်ကဲ့. . . ဘယ်နေရာမှာ ရှိတာလဲ အဘ”

“ဒီအနောက်ဘက် တောထဲကို ဆင်းသွားရင် တွေ့ရပါလိမ့်မယ်၊ ဟိုမှာလည်း အစောင့်ပုဂ္ဂိုလ်တွေ ရှိပါတယ်”

“အခုလို လမ်းညွှန်ပေးတာ ကျေးဇူးတင်ပါတယ် အဘရယ်”

ဟု ပြောကာ အဘိုးအို လမ်းညွှန်ပြသည့်လမ်းအတိုင်း တောင်အောက်သို့ ဆင်းလာခဲ့သည်။

အတန်ငယ် ဆင်းလာမိသောအခါ လျှိုအတွင်းမှာ သဘာဝအတိုင်း စိမ်းလန်းစိုပြည်လျက်ရှိသော တောအုပ်ငယ်တစ်ခုကို လှမ်းမြင်ရသည်။

ထိုတောအုပ်မှာ သဘာဝ သစ်တောများနှင့် မတူဘဲ လူတို့စိုက်ပျိုးထားသော သစ်တောအုပ်ကဲ့သို့ သီးပင်၊ ပန်းပင်တို့ဖြင့် ဝေဝေဆာဆာရှိနေသည်။

ဦးဗန်ကောင်းက တအံ့တဩနှင့် ထိုသစ်တောအုပ်အတွင်းသို့ ဝင်သွားသောအခါ ကြည်လင်သော ရေကန်ငယ်တစ်ခုကိုပါ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကန်အတွင်းမှာလည်း ကြာပန်းပွင့်များဖြင့် လှပတင့်တယ်လှပေသည်။

ကန်ဘောင်ပေါ်မှာ ထိုင်ပြီး ပုတီးစိပ်နေသော ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦးရှိနေသည်။

ထိုအဘိုးအိုက ဦးဗန်ကောင်း လာတာ မြင်တော့ ပုတီးစိပ်နေရာမှ ထလာသည်။

"ဒီနေရာကို ဘယ်သူလမ်းညွှန်လိုက်တာလဲကွယ်"

"ဒေးစွန်ပါဘုရားရင်ပြင်တော်မှာ တွေ့တဲ့အဘိုးက လမ်းညွှန်ပေးလိုက်တာပါ အဘိုး"

"အော် . . . တောင်ပိုင်ဘိုးဘိုးကြီးက လမ်းညွှန်ပေးလိုက်တာကိုး၊ ရွှေစေတီ ဖူးဖို့ လာတာဆိုရင်တော့ ဟိုဘက်နားမှာ သွားဖူးပေတော့"

ဟု လမ်းညွှန်ပေးသောကြောင့် ရေကန်နံဘေးမှ လျှောက်သွားရာ တောင်ကုန်းတစ်ခုပေါ်မှာ တည်ထားသော ရွှေစေတီတစ်ဆူကို တွေ့ရလေသည်။

ရွှေစေတီမှာ စေတီတစ်ဆူလုံး ရွှေသားအတိဖြင့် ပြုလုပ်ထားသောကြောင့် ဝင်းဝါ၍ အိနေလေသည်။

ဦးဗန်ကောင်းမှာ မမျှော်လင့်ဘဲ ဖူးတွေ့ခွင့်ရသော ဒေးစွန်ပါ ရွှေစေတီကို အနီးကပ်၍ ဖူးနေလေသည်။

သူ ဘုရားဖူးနေစဉ် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက အနီးမှာ စောင့်နေလေသည်။

ဦးဗန်ကောင်း ဘုရားဖူးပြီးသောအခါမှ တစ်နေရာသို့ ခေါ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအရာကား ရေကန်အနီးမှာ ပေါက်နေသော တစ်ပင်လုံး အနက်ရောင်ရှိသည့် သစ်ပင်တစ်ပင်ဖြစ်သည်။

ထိုသစ်ပင်မျိုးကို ဦးဇန်ကောင်းအနေနှင့် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော သစ်ပင်မျိုးဖြစ်သည်။

"ဒါ ဘာအပင်လဲ သိရဲ့လား"

"မသိပါဘူး အဘိုး၊ တစ်ခါမှ မမြင်ဖူးပါဘူး"

"ဒါ ကင်ပလင်းနက်ပင်လို့ ခေါ်တယ်၊ ဒီအပင်ကို အသုံးပြုရင် တစ်သက်လုံး အာဟာရသိဒ္ဓိပြီးတယ်"

ဦးဇန်ကောင်းအနေနှင့် ကင်ပလင်းနက်ပင်ကို လိုချင်သော်လည်း မိမိနှင့် ထိုက်,မထိုက် မသိသောကြောင့် မတောင်းဝံ့ပေ။ အဘိုးအိုက နောက်တစ်နေရာ ပြသဖြင့် လိုက်ကြည့်သောအခါ ရွှေစေတီ တစ်ဝိုက်ရှိ ကျောက်ဖျာများပေါ်မှာ ပေါက်နေသော ဂမုန်းမျိုးစုံကို တွေ့ရလေသည်။

ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းနီအပါအဝင် တန်ခိုးကြီး၍ အစွမ်းထက်သော ဂမုန်းပင်များကို တွေ့ရသဖြင့် စိတ်ထဲမှာ ဝမ်းသာသွားသည်။

"ဒီအပင်ရော ဘာပင်တွေလဲ သိရဲ့လား"

"သိပါတယ် အဘိုး. . . ဂမုန်းပင်တွေပါ"

"မင်း ဒီဂမုန်းပင်တွေကို လိုက်ရှာနေတာ မဟုတ်လား"

"မှန်ပါတယ်"

"ဒီဂမုန်းမျိုးတွေက သိဒ္ဓိရှိတဲ့ဂမုန်းမျိုးပဲ၊ သူတို့ကို ပူဇော်ရှိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ယူလို့ရတယ်၊

မင်းအနေနဲ့ အခုတော့ ယူလို့မရသေးဘူး၊ ဒီအပင်တွေကို ယူလို့ရတဲ့လူနဲ့ တွေ့မှ ရလိမ့်မယ်"

ဟု ပြောပြလေသည်။

ဦးဇန်ကောင်းအနေနှင့် သူအလိုရှိသော ဂမုန်းပင်များကို တွေ့မြင်ခွင့်ရပြီးမှ မရသဖြင့် စိတ်ထဲမှာ မချင့်မရဲဖြစ်မိလေသည်။

ဒေးစွန်ပါတောင်ပေါ်တွင် ပေါက်ရောက်သည့် တန်ခိုးရှိသော ဆေးပင်အချို့မှာ. . .

(၁) ကင်ပလင်းနက်ပင်၊ (၂) နန္ဒင်းနက်ပင်

(၃) ဘူမ္မရာဇာနက်ပင်၊ (၄) သင်နက်ပင်

(၅) သဇင်နီ ခေါ် ဂမုန်းနီတို့ ဖြစ်ကြသည်။

ထိုအထဲတွင် ကင်ပလင်းနက်ပင်နှင့် နန္ဒင်းနက်ပင်တို့မှာ အာဟာရသိဒ္ဓိ ပြီးမြောက်သည်ဟု အဆိုရှိသည်။

၎င်းတို့နှင့် ပတ်သက်သည့် မှတ်တမ်းအချို့မှာ. . .

တောခုတ်သွားသော လှည်းသမားတစ်စုတို့သည် လမ်းခရီး၌ ခရီးတထောက်နားစဉ် လှည်းများကို နားပြီး ထမင်းချက်ကြသည်။

ထမင်းအိုး ဆူတော့မှ အဖုံးမပါမှန်း သိသဖြင့် အနီးမှာ ရှိသော အပင်မှ အရွက်အချို့ကို ခူး၍ စလောင်းဖုံးအဖြစ် အသုံးပြုကာ ထမင်းရည် ငှဲ့ကြသည်။

၎င်းအရွက်မှာ နန္ဒင်းနက်ပင်အရွက်ဖြစ်သဖြင့် ထမင်းရည် ငှဲ့ပြီးသောအခါ ထမင်းအားလုံး မည်းနက်သွားတော့သည်။

သို့သော်လည်း နောက်တစ်ကြိမ် ထပ်ချက်ရလည်း အချိန်

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သဖြင့် နန္ဒင်းနံ့ သင်းပျံ့ပျံ့ကလေး ရှိနေသော ထမင်းအနက်များကို ဝေမျှစားသောက်လိုက်ကြသည်။

ထို့နောက်မှာတော့ ထမင်းအနက်များ စားသူများအားလုံး နောက်ထပ် မည်သည့်အစားအစာကိုမျှ စားသောက်စရာ မလိုတော့ဘဲ အာဟာရသိဒ္ဓိ ပြီးမြောက်သွားကြလေတော့သည်။

နောက်အဖြစ်အပျက်တစ်ခုမှာ. . .

ဟိမဝန္တာတောင်ခြေ၌ ရာပေါင်းများစွာသော န္တွားများကို လှည့်လည်ထိန်းကျောင်းနေရသော နွားကျောင်းသားတစ်စုသည် ထမင်းချက်စားကြရာ ထမင်းအိုး ဆူတော့မှ မွှေစရာယောင်းမ မပါသောကြောင့် အနီးမှာ တွေ့သော သစ်ကိုင်းတစ်ခုကို ခုတ်ယူပြီး ယောင်းမပြုလုပ်ကာ ထမင်းအိုး မွှေလေရာ ထမင်းအိုးတစ်ခုလုံး အနက်ရောင်များဖြစ်သွားလေသည်။

၎င်းတို့ ယောင်းမပြုလုပ်သောသစ်ပင်မှာ ကင်ပလင်းနက်ပင် ဖြစ်လေသည်။

ထိုအရာကို မသိသောကြောင့် အစွမ်းသိဒ္ဓိရှိသော ထမင်းရည်များကို ငှဲ့ချပစ်လိုက်ပြီး အနက်ရောင်ဖြစ်နေသော ထမင်းများကိုသာ အရဲစွန့်၍ စားကြလေသည်။

၎င်းနောက်ပိုင်းမှာတော့ ၎င်းတို့သည် အာဟာရသိဒ္ဓိ ပြီးမြောက်သွားကာ နောက်ထပ်မည်သည့်အာဟာရမှ စားရန်မလိုတော့ပေ။

ထို့ပြင် ခက်ထန်ကြမ်းတမ်းသောခရီးများ၊ တောင်တက်လမ်းများကို သွားရစေကာမူ မောပန်းနွမ်းနယ်မှုများ အလျဉ်းမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ထိုထုက်အစွမ်းသိဒ္ဓိရှိသော ထမင်းရည်တိုပါ သောက်ရပါက ဘိုဒ္ဓိပြီးမြောက်သောသူများ ဖြစ်ကြမည်မှာ မုချပင်ဖြစ်၏။

ယခု ဦးဗန်ကောင်းမှာ စားဖူးရန် အသာထား၍ တွေ့မြင်ဖူးရန်ပင် မလွယ်ကူသော ကင်ပလင်းနက်ပင်နှင့် ဂမုန်းပင်များကို မြင်တွေ့ခွင့် ရသော်လည်း အချိန်မတန်သေးသောကြောင့် မရခဲ့ပေ။

ထို့ကြောင့် အဘိုးအိုအား နှုတ်ဆက်ပြီး ပြန်ရန် စိတ်ကူးလိုက်ပြီး ကြည့်လိုက်ရာ မတွေ့ရတော့ပေ။

ထို့အတူ စောစောက နောက်ဘက်မှာ ဖူးတွေ့ခဲ့ရသော တွေ့မြင်ခဲ့ရသော ရွှေစေတီနှင့် ရေကန်အပါအဝင် သစ်တောအုပ်ကလေးမှာ ကွယ်ပျောက်သွားခဲ့ချေပြီ။

ဦးဗန်ကောင်းသည် ဆန်းကြယ်လှသော အကြောင်းအရာများကို အတန်အသင့် သဘောပေါက်သူဖြစ်သောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုနေရာမှ ပြန်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

# သတို့သား အငှားလိုက်ရသူ

နီမောင်တို့ စခန်းချသော ဆင်သချောင်းစခန်းမှာတော့ ဗိုလ်တဲတစ်လုံးမှာသာ သရဲခြောက်မှုများ ရှိသော်လည်း နောက်ပိုင်းမှာတော့ တောတွင်းမှာ အလုပ်လုပ်သူများမှာ အခြောက်အလှန့်ခံကြရလေသည်။

အထူးသဖြင့် ကညင်ပင်ညိုနှောင်နှင့် နီးသော သစ်ကွက်များမှာ အနှောင့်အယှက် အများဆုံး ခံကြရသည်။

ထိုအနီးတဝိုက်တွင် အလုပ်လုပ်နေသော အလုပ်သမားများမှာ အလုပ်လုပ်နေရင်း မနီးမဝေးမှ စကားပြောသံများ ကြားရခြင်း၊ ပါသွား



www.burmeseclassic.com

www.burmeseclassic.com



သော အစားအသောက်များကို ခိုးစားခြင်း ခံရသည့်အပြင် အန္တရာယ်များနှင့်ပါ ကြုံရလေသည်။

တစ်ကြိမ်၌ သူ သစ်ပင်လှဲနေစဉ် သစ်ပင်က အောက်ခြေပြတ်သွားသည့်တိုင် မလဲဘဲ သစ်ဆုံပေါ်မှာ ချာချာလည်နေလေသည်။

သို့ကြောင့် သစ်ပင်လှဲသူများမှာ ဘယ်နေရာ ပြေးရမှန်း မသိအောင် ရှိနေကြစဉ် ရုတ်တရက် သစ်ပင်ကြီးက ၎င်းတို့ ရှိရာဘက်သို့ လဲကျလာရာ ကြောက်လန့်တကြားနှင့် ရှောင်တိမ်းကြရလေသည်။

အရှောင်မြန်သောကြောင့် သစ်ပင်ပိသော အန္တရာယ်မှ လွတ်မြောက်သွားကြသော်လည်း သစ်ကိုင်းသစ်ခက်များနှင့် အရိုက်ခံရပြီး မရှုမလှ ခံကြရသည်။

ထို့ကြောင့် စခန်းသို့ ပြန်သယ်လာပြီး အရေးပေါ် ဆေးကုပေးရသည်။

သစ်ညီနောင်(ကညင်ပင်ညီနောင်) အနီးတဝိုက်မှာ အလုပ်လုပ်ကြသူများမှာ မကြာခဏ ထိုအန္တရာယ်မျိုးနှင့် ကြုံရလေသည်။

အချို့အလုပ်သမားဆိုလျှင် ထိုနေရာတဝိုက်မှာ အလုပ်လုပ်နေရင်းမှပင် ကညင်ပင်ညီနောင်ပေါ်မှ သဘက်နှစ်ကောင်ကို တွေ့မြင်ကြရသည်။

၎င်းသဘက်နှစ်ကောင်မှာ သစ်ပင်တစ်ပင်နှင့်တစ်ပင်ကို ကူးနေရုံမက တစ်ခါတရံ ၎င်းတို့ အလုပ်လုပ်သော သစ်ပင်ပေါ်သို့ ကူးလာပြီး သစ်ကိုင်းပေါ်မှာ ထိုင်ကာ အောက်သို့ ငုံ့ကြည့်နေကြလေသည်။

တစ်ခါတစ်ရံလည်း လဲကာနီး သစ်ပင်ကို မလဲစေရန် လက်ဖြင့်တွန်းထားသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးနှင့် ကာထားသည်။

အများအားဖြင့်တော့ သစ်ပင်လဲ့ညှိုများအပေါ် ကျစေရန် တွန်းချလေ့ရှိသည်။

ထို့ပြင် ယူဆောင်သွားသော အစားအသောက်များမှာ မြင်သာသောနေရာ၌ ထားရင်းမှပင် စားကာနီးမှ သွားကြည့်သောအခါ ဘာမှ မကျန်တော့သည်ကို တွေ့ရတတ်သည်။

ထိုနေရာတဝိုက်မှာလည်း ယခင်အလုပ်သမားများ လာရောက် မလုပ်ဝံ့သောနေရာဖြစ်သောကြောင့် အသုံးဝင် သစ်ပင်များလည်း ဖယောင်းတိုင်များ စီ၍ စိုက်ထားသကဲ့သို့ ကောင်းလှပေသည်။

သို့ကြောင့် မဲးခေါင်းများ၊ တောခေါင်းများ မျက်စေ့ကျသော သစ်ကွက်လည်းဖြစ်ပေသည်။

ဦးမွန်ထော်ခေါင်းဆောင်သော သစ်တောစခန်းမှ အလုပ်သမားတို့မှာ ထိုနေရာတဝိုက်၌ အလုပ်လုပ်ရင်း မကြာခဏ အန္တရာယ်များနှင့် ကြုံရသောအခါ တောခေါင်းဖြစ်သော ဦးမွန်ထော်ကို အသိပေးကြရသည်။

ဦးမွန်ထော်က ဆရာကြီးဦးဗန်ကောင်းကို ပြောပြသဖြင့် ဦးဗန်ကောင်းကိုယ်တိုင် ထိုနေရာသို့ လိုက်ကြည့်ပေးသည်။

နီမောင်တို့လည်း နောက်မှ လိုက်သွားကြသည်။

"သစ်ညီနောင်နေရာက တောအုပ်မောင်ထွန်း အသတ်ခံလိုက်ရတဲ့နေရာပဲ ဆရာကြီး"

ဦးဗန်ကောင်းက ထိုနေရာတဝိုက်ကို လိုက်လံကြည့်ပြီး ဤသို့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာတဝိုက်မှာ အလုပ်,လုပ်မရတာ ဒီသစ်ညီနောင်မှာ မှီနေတဲ့ သဘက်နှစ်ကောင်ကြောင့်ပဲ"

"သူတို့ကို နှင်ထုတ်လို့ မရဘူးလား ဆရာကြီး"

"ကျုပ်ပညာနဲ့တော့ သူတို့ကို နှင်နိုင်မှာ မဟုတ်ဘူး၊ အဓိက,က သူတို့ကို နှင်ချင်ရင် ဒီသစ်ညီနောင်ကို လှဲပစ်နိုင်မှဖြစ်မယ်၊ သစ်ညီနောင်ကို လှဲဖို့ကိစ္စကလည်း မလွယ်လှဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သူတို့ကို နိုင်တဲ့ ဆေးဝါးအစီအရင်တစ်ခုခုနဲ့ နှင်မှ ရနိုင်မယ် ဗျ"

ထိုစကားကြားသောအခါ ဦးမွန်ထော်မှာ များစွာစိတ်ညစ်ညျုး သွားဟန်ရှိလေသည်။

"ခက်တာပဲ ဆရာကြီးရယ်၊ အလုပ်ကလေး ကောင်းလို့ မျက်နှာကောင်း ရမယ်ကြံကာ ရှိသေးတယ်၊ အနှောင့်အယှက်က ပေါ် လာရပြန်ပြီ၊ ကြံစမ်းပါဦး ဆရာကြီးရယ်၊

တကယ်လို့သာ သစ်ညီနောင်က သဘက်နှစ်ကောင်ကို နှိမ်နင်း နိုင်မယ်ဆိုရင် ဒီနေရာမှာ ရှိတဲ့သစ်တွေကို တစ်နှစ်ပတ်လုံး ထုတ်ရင် တောင် မကုန်နိုင်ဘူးဗျ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ဗျာ၊ ကြိုးစားရင်းနဲ့ အဖြေ တစ်ခုခုတော့ ရမှာပါ"

"အားကိုးပါရစေ ဆရာကြီးရယ်"

"သစ်ညီနောင်က သဘက်နှစ်ကောင် ဘယ်လိုအစွမ်းရှိသလဲ ဆိုတာ သိရအောင် ကျုပ်စမ်းခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ သစ်ညီနောင်ပတ်ပတ်လည်ကို မျှောတိုင်များ စိုက်ပြီး ထိုမျှောတိုင်များမှာ ပရိတ်ကြိုးများဖြင့် ပတ်ဝိုင်းထားခဲ့ပြီး ပြန်ခဲ့ ကြသည်။

နောက်တစ်နေ့မနက်ပိုင်း နီမောင်တို့ သွားကြည့်သောအခါ ပရိတ်ကြိုးများ ပြတ်နေပြီး စိုက်ထားသော မျှောတိုင်များ အလဲလဲ အပြိုပြို ဖြစ်နေသည်ကို တွေ့ကြရလေသည်။

ထိုနေ့ညဘက်တွင် နီမောင်မှာ အိပ်မက်ထဲ၌ သစ်ညီနောင်မှ သဘက်နှစ်ကောင်ကို တွေ့ရလေသည်။

၎င်းတို့မှာ မည်းမည်းထောင်ထောင်ဖြစ်ပြီး မျက်နှာပုံပန်း သဏ္ဌာန်မှာ ဘီလူးမျက်နှာကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှသည်

နီမောင်ရှိရာ ရောက်သောအခါ နီရဲသော မျက်လုံးပြူးကြီးများ နှင့် ကြည့်ကာ ပြောသည်။

"မင်းတို့က ငါတို့ကို ဒုက္ခပေးဖို့ ကြံစည်တယ်၊ မကြာခင် ငါတို့ အကြောင်း ကောင်းကောင်းသိရစေ့မယ်၊ မင်းတို့စခန်းတစ်ခုလုံး ပြုတ် အောင် သတ်ပြမယ်"

ဟု ကြိမ်းမောင်းသွားရာ နီမောင်မှာ လန့်နိုးသွားလေသည်။ ထိုအကြောင်းကို နောက်တစ်နေ့တွင် ဦးဇန်ကောင်းကို ပြောပြလိုက် သည်။

"ငါ ညက တောပိုင်တောင်ပိုင်တွေနဲ့ ဒေးစွန်ပါ တောင်ပိုင်ကြီး ကို မေတ္တာပို့ပြီး အကူအညီတောင်းထားတယ်၊

သူတို့ အကူအညီပေးပါလိမ့်မယ်"

ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေးစွန်ပါ တောင်ပိုင်ကြီးကို ဆရာကြီး ဘယ်လိုသိတာလဲ"

"ငါ သူနဲ့ တွေ့ရပြီးပါပြီ၊ သူ အကူအညီပေးလို့ ကွယ်ပျောက်နေတဲ့ ဒေးစွန်ပါ ရွှေစေတီကိုတောင် ဖူးခဲ့ရပြီးပါပြီ"

ဦးဗန်ကောင်းက သူကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

နီမောင်တို့မှာ ထိုအကြောင်းများကို နားထောင်ပြီး အံ့သြနေကြလေသည်။

"ဒါ. . ဒါဖြင့် အဘ ဂမုန်းပင်တွေလည်း တွေ့ခဲ့ရတာပေါ့နော်"

စောထီးက ဝင်မေးလေသည်။

"တွေ့ခဲ့ရတယ်. . . ဂမုန်းနီ ဂမုန်းနက်တွေပါ တွေ့ရရုံမကဘူး၊ အာဟာရသိဒ္ဓိပြီးစေတဲ့ ကင်ပလင်းနက်ပင်ကိုပါ တွေ့ခဲ့ရတယ်"

"အဲဒီအပင်မျိုးသာ ရလိုက်လို့ကတော့ တစ်သက် ပူစရာ မလိုတော့ဘူး"

ဟု ငမဲအောင်ကပါ ဝင်ပြောသည်။

"ဂမုန်းပင်တွေက ဘာစွမ်းသလဲ ဆရာကြီး"

"ဂမုန်းနီ ဂမုန်းနက်ပင်တွေသာ ရရင် ငါတို့ အခု ရင်ဆိုင်နေရတဲ့ တစ္ဆေသရဲကိစ္စတွေအားလုံး ပြီးတာပေါ့"

"ဒါနဲ့များ ဆရာကြီးရယ်၊ ခွင့်တောင်းပြီး တစ်ပင်တလေလောက် ဘာကြောင့် မယူလာခဲ့တာလဲ"

ဟု ပြောသောအခါ ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"အချိန်တန်ရင်တော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ရပြီး ငါတို့ လိုချင်တဲ့ ဂမုန်းပင် ရမယ်လို့ မှာလိုက်ပါတယ်"

ဟု ခပ်တိုးတိုး ပြောလိုက်ရာ ကျန်လူများမှာ တကယ်မရသေး ခင်ကပင် အားရှိသလို ခံစားကြရလေသည်။

တစ်နေ့သ၌ ၎င်းတို့ သစ်တောစခန်းသို့ ကရင်အဝတ်အစား များ ဝတ်ထားသော အဘိုးကြီးတစ်ယောက် ရောက်လာလေသည်။

ထုံးစံအတိုင်း ပလိုင်းတစ်လုံးနှင့် ဓါးရှည်တစ်လက်တော့ ပါ လာလေသည်။

၎င်းရောက်လာသောအချိန်၌ စခန်း၌ လူစုံတက်စုံ ရှိနေလေ သည်။

"ဘာကိစ္စရှိလို့ပါလဲ"

ဦးမွန်ထော်က မေးလိုက်သည်။

"သတို့သားတစ်ယောက်လောက် ငှားချင်လို့ပါ"

"ဗျာ. ."

ထိုစကားကြောင့် ကြားလိုက်ရသူအပေါင်း အံ့ဩသွားလေ သည်။

"ကျုပ်တို့ နားကြားလွဲသလားလို့. . . ဘာငှားချင်တာလဲ"

"သတို့သားတစ်ယောက် ငှားချင်တာပါ"

ကရင်ကြီးက ထပ်ပြောသည်။

"နေစမ်းပါဦး. . . သတို့သား ငှားရအောင် သတို့သမီးက ဘယ်မှာလဲ"

"သတို့သမီးက ရှိပါတယ်"

"သတို့သမီး ရှိပြီး သတို့သား လုပ်မယ့်သူက ဘယ်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ"

"သေသွားတာပါ"

"ဟင်. . ."

"ဟုတ်ပါတယ်. . . ကျုပ်သမီးနဲ့ မင်္ဂလာဆောင်မယ့် သတို့သားက မင်္ဂလာဆောင်တော့မယ့်ရက် နီးမှ ရုတ်တရက် သေသွားလို့ပါ။ တောထဲတောင်ထဲ ရှိသမျှ အသိမိတ်ဆွေတွေကိုလည်း အားလုံး ဖိတ်ပြီး ပြီဆိုတော့ မင်္ဂလာက မဆောင်လို့ မဖြစ်တော့ဘူး၊ ဒါကြောင့် သတို့သား လာငှားတာပါ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက အနည်းငယ် ရိပ်မိသွားလေသည်။

"ကောင်းပါပြီ. . . ခင်ဗျားတို့မှာ အခက်အခဲရှိတယ်ဆိုမှတော့ အကူအညီပေးရမှာပေါ့၊ ဘယ်လိုအကူအညီပေးရမယ်ဆိုတာ ပြောပြပါ"

ထိုအခါ ကရင်ကြီးက ပါးစပ်အတွင်းမှာ ငုံထားသော ဆေးဖတ်များကို ထွေးထုတ်လိုက်ပြီး ပြောပြသည်။

"သတို့သားနဲ့ အဖော်တစ်ယောက်က ကျုပ်တို့ရွာကို လိုက်ခဲ့ပါ၊ ဟိုရောက်တော့ သတို့သားအဖြစ်နဲ့ မင်္ဂလာဆောင်ပြီး အိမ်မှာ တစ်ပတ်နေပေးပြီးရင် ပြန်လို့ရပါပြီ"

"ဟုတ်ပါပြီ. . . ဒီနေရာကို ဘယ်သူ လမ်းညွှန်ပေးလိုက်တာလဲ"

"ဒေးစွန်ပါတောင်ပိုင်ကြီး လမ်းညွှန်လိုက်တာပါ"

ဒီတော့မှ ဦးဗန်ကောင်းက ၎င်းယူဆချက်နှင့် မှန်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရသဖြင့် သဘောကျ ကျေနပ်သွားလေသည်။

"သတို့သား အငှားလိုက်တာကတော့ မှတ်ပါပြီ၊ ပစ္စည်းငှားရင်ပဲဖြစ်ဖြစ်၊ လူငှားရင်ပဲဖြစ်ဖြစ်၊ သင့်တော်တဲ့ အခကြေးငွေ ဒါမှမဟုတ် တစ်ခုခု ပြန်ပေးရတာရော သိပါသလား"

"သိပါတယ် ခင်ဗျားတို့ကို ဘာပြန်ပေးရမလဲ"

"ကျုပ်တို့ ဂမုန်းနက်ပင် လိုချင်တယ်၊ ပေးနိုင်ပါ့မလား"

"ရအောင် ရှာပေးပါ့မယ်"

"ကောင်းပြီ. . . သတို့သမီးက အသက်အရွယ် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ပါ"

ထိုအခါ ဦးဗန်ကောင်းက နီမောင်ကို တစ်ချက်ကြည့်ပြီး. . .

"နီမောင်. . . မင်းနဲ့ဆိုရင် အတော်ပဲ"

ဟု ပြောလိုက်သည်။

"ဖြစ်ပါ့မလား ဆရာကြီး"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ငါက အဖော်လိုက်ခဲ့မှာပဲ"

"ဆရာကြီး ပါရင်တော့ သွားဝံ့ပါတယ်"

ဟု ပြောရာ ကရင်ကြီး ခေါ်ရာနောက်သို့ လိုက်သွားကြရန် သဘောတူလိုက်ကြသည်။

ဦးမွန်ထော်ကတော့ နှစ်ယောက်စလုံးကို မလိုက်စေလိုပေ။ လိုအပ်သောပစ္စည်းများ ပြင်ဆင်နေကြစဉ် အနားလာပြီး တိုးတိုးပြောသည်။

"လိုက်သွားလို့ ဖြစ်ပါ့မလား ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်ဗျ. . . စိတ်မပူပါနဲ့"

"ဟိုရောက်မှ ပြန်မလွှတ်ဘဲ ထားရင် မခက်ပေဘူးလား"

"ကျုပ်မှာလည်း အားကိုးစရာတွေ ရှိပါတယ်၊ တကယ်လို့ သူတို့ဆီက ဂမုန်းနက် ရလာပြီဆိုရင်တော့ ဒီမှာရှိတဲ့ မကောင်းဆိုးဝါးတွေကို နှင်ထုတ်ပစ်လို့ရပြီလို့သာ မှတ်လိုက်ပေတော့ဗျို့"

ဟု ပြောတော့မှ ဦးမွန်ထော်လည်း စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

လိုအပ်သောပစ္စည်းများ ယူပြီးသောအခါ ကရင်အဘိုးကြီးခေါ်ရာနောက်သို့ လိုက်သွားကြလေသည်။

နီမောင်မှာ မမျှော်လင့်ဘဲ သတို့သားဘဝသို့ ရောက်ရတော့ မည်မို့ ရင်ထဲမှာ လှုပ်ရှားနေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

# ဂရုန်းဖြူမှ သတို့သမီးဆောင်း

နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ ကရင်အဘိုးကြီး ခေါ်ရာနောက်သို့ လိုက်သွားကြရာ တောထဲ ဘယ်နေရာရောက်မှန်း ပင် မသိတော့ပေ။

သစ်တောအလုပ်သမားများ အလုပ်စခန်း ဝင်သည့်နေရာများ ကျော်သွားပြီး ညနေစောင်းအချိန်လောက်တွင် တောနက်အတွင်း၌ ရှိသော ရွာတစ်ရွာသို့ ရောက်သွားကြသည်။

ထိုရွာမှာ တောင်ကြောတစ်ခုပေါ်မှာ ရှိပြီး ပြင်ပနှင့်အဆက် အသွယ် မရှိသော ရွာတစ်ရွာလည်းဖြစ်ဟန်ရှိသည်။

www.burmeseclassic.com



အဘိုးကြီးက ရှေ့မှ လျှောက်သွားသောအခါ နီမောင်က ဦးဖန်တောင်းအနားကပ်ပြီး တိုးတိုးမေးသည်။

"ဆရာကြီး . . ဒီရွာက ကျတ်တွေ နေတဲ့ရွာများ ဖြစ်နေမလား"

"ဟိုရောက်မှပဲ အခြေအနေကြည့်ရမှာပဲ"

သူတို့တတွေ ရွာထဲ ဝင်သွားသောအခါ အတော်များများက တဲအပြင် ထွက်ကြည့်ကြသည်။

အများအားဖြင့်တော့ တဲအိမ်များဖြစ်ကြသော်လည်း ပျဉ်ကာပျဉ်ခင်းနှင့် ဓနိအမိုးများဖြင့် အိမ်အချို့လည်း ရှိပေသည်။

ရွာလယ်ပိုင်းရှိ နှစ်ဆောင်ပြိုင် ဆောက်ထားသော အိမ်ကြီးတစ်ဆောင်ရှေ့ ရောက်သောအခါ အိမ်အတွင်းမှ ကရင်လူမျိုး အမျိုးသမီးကြီးတစ်ယောက် အိမ်ရှေ့ထွက်လာသည်။

"ဦးပန်းမောင် ရှင်ပြန်လာပြီလား၊ သတို့သား လုပ်မယ့်သူရော ပါလာပြီလား"

ဟု လေသံဝဲဝဲဖြင့် မေးသည်။

"အေး . . . ပါလာပြီ"

"တော်ပါသေးရဲ့ရှင် . . . တောင်ပိုင်ကြီးကိုပဲ ကျေးဇူးတင်ရမှာပဲ၊ သူလမ်းညွှန်ပေးလို့သာ အခုလို ချောချောမောမော ရခဲ့တာ၊ ဒီမှာ ချတ်မယ့်ပြုတ်မယ့်သူတွေတောင် ရောက်နေကြပြီ"

ထိုစကားကြောင့် နီမောင်မှာ ပို၍စိတ်ဝင်စားမိလေသည်။

'တောင်ပိုင်ကြီး လမ်းညွှန်ပေးလိုက်သည်' ဟူသောစကားမှာ စိတ်ဝင်စားစရာပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲတော့. . . ကျုပ်တို့သမက်လောင်း ကြည့်ပါရစေ"

"သူပဲ. ."

ဦးပန်းမောင်ဆိုသော ကရင်အဘိုးကြီးက နောက်ဘက်မှ ရပ်နေသောနီမောင်ကို လက်ညှိုးထိုးပြလိုက်သည်။

နီမောင်မှာ လိုက်တုန်းက လိုက်လာပြီးမှ ယခုမှ မျက်နှာပူသလိုလို ရှက်သလိုလိုဖြစ်နေတော့သည်။

"လူပုံချောပဲ. . . သမီးနဲ့တော့ အလိုက်ပဲ"

ကရင်အမျိုးသမီးကြီးက ဝမ်းသာစွာဖြင့် ပွင့်ပွင့်လင်းလင်း ပြောလေသည်။

"မင်းကလည်း. . . အပိုင်ရမှာ ကျနေတာပဲ၊ ကဲ. . . ကဲ. . . ဧည့်သည်တွေ ခရီးပန်းလာတယ်၊ နေရာထိုင်ခင်း စီစဉ်ပေးလိုက်ဦး"

ဟု ပြောပြီး အိမ်ထဲသို့ ခေါ်သွားလေသည်။

အိမ်မှာ နှစ်ဆောင်ပြိုင် ခြေတံရှည်အိမ်ဖြစ်ပြီး အောက်မှာ ပစ္စည်းများ ထား၍ အပေါ်ထပ်မှာ လူနေသည်။

နီမောင်တို့ကို ကရင်အမျိုးသမီးကြီးက အပေါ်ခေါ်သွားသော ကြောင့် လှေခါးမှ အပေါ်သို့ တက်ကြလေသည်။

အိမ်အောက်ထပ်မှာတော့ မီးပုံကြီးများ ဖိုထားပြီး ချက်ပြုတ်ရေး စီစဉ်နေသူများရှိသည်။

၎င်းတို့အထဲမှ မိန်းမပျိုလေးများက နီမောင်ကို ပြုံးစိစိနှင့် လှမ်း ကြည့်နေကြသည်။

အတော်များများမှာ ကရင်အမျိုးသမီးများဖြစ်ကြလေသည် နီမောင်ခမျာမှာလည်း သတို့သားအစစ် မဟုတ်ပါဘဲ သတို့သား လု

www.burmeseclassic.com

www.burmeseclassic.com



နေရသောကြောင့် ရှက်ကိုးရှက်ကန်းဖြစ်နေလေသည်။

အိမ်ပေါ်ထပ်မှာတော့ ဘယ်သူမှ မရှိပေ။

ကရင်အမျိုးသမီးကြီးက ဂျင်းတို့နှစ်ယောက်ကို ခေါင်းရင်းဘက်နေရာတွင် နေရာပေးပြီး ကွမ်းဆေးလက်ဖက် စသည်တို့ကို စီစဉ်ပေးတာ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ထိုအခါမှ နီမောင်မှာ ဦးဇန်ကောင်းကို မေးချင်တာ မေးရလေသည်။

ဦးဇန်ကောင်းက ကွမ်းအစ်ထဲမှ ကွမ်းယာနေသည်။

ကွမ်းသီးစိပ်များကို ပါးစပ်ထဲ အရင်ထည့်ပြီး ကွမ်းရွက်ကို ထုံးတို့နေလေသည်။

"ဆရာကြီး"

"ဘာလဲ နီမောင်"

"ကျွန်တော်တို့ အခုရောက်နေတာ လူအစစ်တွေ နေတဲ့နေရာတော့ မဟုတ်ဘူးထင်တယ်၊ ကျတ်တွေ နေတဲ့နေရာလား၊ ဒါမှမဟုတ် ဥစ္စာစောင့်တွေ နေတဲ့နေရာများလား"

"ငါ အာရုံခံကြည့်တာကတော့ သူတို့တတွေဟာ ပရလောကသားတွေနဲ့ အဆက်အသွယ် လုပ်နိုင်ကြပေမယ့် ပရလောကသားစစ်စစ်တွေတော့ မဟုတ်ကြဘူး"

"ဆရာကြီးပြောတာ ကျွန်တော်သိပ်နားမလည်ဘူး"

ဦးဇန်ကောင်းက ထုံးတို့ထားသော ကွမ်းရွက်ပေါ်သို့ ဆေးရွက်ကြီး အနည်းငယ် တင်ကာ ပါးစပ်ထဲ ထည့်လိုက်သည်။

လက်၌ ပေနေသောထုံးစများကို တစ်နေရာသို့ သုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ပရလောကလို့ ခြုံပြောရပေမယ့် အဆင့်အတန်းတွေဟာ အမျိုးမျိုး ရှိကြသေးတာကိုး၊ အနိမ့်ဆုံးအဆင့်မှာရှိတဲ့ တစ္ဆေသရဲတွေမှာ တောင် လူတွေကို ဒုက္ခပေးတာတွေ ရှိသလို ကောင်းကျိုးပြုတဲ့ တစ္ဆေ သရဲတွေလည်း အများကြီးရှိတာပဲ"

"ဟုတ်ပါတယ် ဆရာကြီး"

"သူတို့အထက်မှာ ရှိတဲ့ ရုက္ခစိုး၊ ဘုမ္မစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ ဥစ္စာစောင့်တွေဆိုရင် လူ့ဘုံနဲ့ အတော်ကလေး နီးစပ်သလို လူတွေနဲ့လည်း အတူတကွ နေနိုင်တာပဲ၊ အချို့ ဥစ္စာစောင့် တွေနဲ့ အကြောင်းပါပြီး ကလေးသားမြေးတွေ ရပြီး နှစ်ပေါင်းများစွာ ကြာအောင် အတူနေကြတာတွေတောင် ရှိသေးတာပဲ"

"ဒါဖြင့် အခုတွေ့နေရတဲ့သူတွေက လူအစစ်တွေရော ဟုတ်ပါ့ မလား၊ ဥစ္စာစောင့်တွေများ ဖြစ်မလား"

"ငါ့အထင်ပြောရရင်တော့ ငါတို့ကို ဒုက္ခမပေးဘူးဆိုတာတော့ သေချာပါတယ်၊ လူတွေကို ဒုက္ခပေးဖို့ဆိုရင် တောပိုင်တောင်ပိုင်တွေဟာ ဘယ်နည်းနဲ့မှ အကူအညီပေးမှာ မဟုတ်ပါဘူး"

"သူတို့ပြောတဲ့အထဲမှာ ပါတဲ့ တောင်ပိုင်ကြီးက အကူအညီ ပေးတယ်ဆိုတာကတော့ အံ့သြစရာပဲ"

"သူတို့ကို အကူအညီပေးသလို ငါတို့ကို အကူအညီပေးတာ လည်းဖြစ်မှာပါ"

"ဘယ်လို အကူအညီပေးတာလဲ ဆရာကြီး"

"သူတို့ကို အကြောင်းပြုပြီး ငါတို့လိုချင်တဲ့ ဂဠုန်နတ် ရတော့

www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူးလား"

"တာအယ်ရော ရမှာလား ဆရာကြီး"

"ပရလောကသားတွေဟာ လူတွေလို မဟုတ်ဘူး၊ လိမ်ညာ မပြောတတ်သလို ကတိပေးပြီးရင်လည်း ပေးတဲ့အတိုင်း လုပ်တတ်ကြ ပါတယ်"

နှစ်ယောက်သား စကားပြောနေစဉ် ခဏကြာတော့ အပေါ် ထပ်မှာပင် ထမင်းပွဲ လာပြင်ပေးသဖြင့် ထမင်းစားကြရသည်။ တော ချက် ထမင်းဟင်းဆိုသော်လည်း အသားဟင်း၊ ငါးဟင်းများ စုံလင်လှ ပေသည်။

ကရင်လူမျိုးတို့ထုံးစံအတိုင်း ငပိရည်ကျိုကို ကောင်းအောင် ဖျော်ထားပြီး သင်ပေါင်ဖူး၊ ဒပင်းနွယ်ညွန့်အပါအဝင် တောထွက် တို့စရာများမှာ စုံလှသည်။

နီမောင်မှာ ထမင်းစားကာစ၌ အနည်းငယ် ကြောက်ရွံ့နေလေ သည်။

ကျိတ်ရွာသို့ ရောက်သွားပြီး ၎င်းတို့ ကျွေးသော ထမင်းဟင်း များကို တဝတပြ စားသောက်ပြီးမှ ဝမ်းသွားသောအခါမှ သစ်ရွက်သစ် ခေါက်များ ဖြစ်နေသောအကြောင်းများကို မကြာခဏ ကြားဖူးနေသော ကြောင့်ဖြစ်သည်။

သို့သော်လည်း ဦးဗန်ကောင်းကိုယ်တိုင်က ပါးစပ်ထဲမှာ ငုံထား သည့် ကွမ်းဖတ်ကို ထွေးထုတ်ပြီး မြိန်ရေယှက်ရေ စားသောက်နေသည် ကို မြင်သောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စားသောက် နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပြန်တော့လည်း ခေါင်းမဖော်နိုင်အောင် ထမင်းမြိန်လှပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သစ်တောစခန်း၌ အလုပ်သမားများ ချက်ပေးသော ထမင်းဟင်းများနှင့်စာလျှင် အရသာက များစွာကွာခြားသောကြောင့်ဖြစ်ပေသည်။

ထမင်းစားပြီးသောအခါ တောခလေ့အတိုင်း လက်ဖက်၊ ထန်းလျက်၊ ရေနွေးကြမ်းများဖြင့် ဖွယ်ဖွယ်ရာရာ လာရောက်ညှေ့ခံလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန် ရောက်ပြီမို့ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုလာချေပြီ။

အိမ်အပေါ်မှာတော့ ရေနံဆီသုံး မီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင် ကောင်းစွာရလေသည်။

ထို့ပြင် အိမ်အောက်မှာ ဖိုထားသောမီးဖိုမှ အပူငွေ့များကြောင့် အနွေးဓါတ် ရနေပြီး မီးခိုးငွေ့များကြောင့် ခြင်၊ မှက်၊ ပိုးလောင်း အစရှိသော သွေးစုပ်သတ္တဝါများ ကိုက်ခဲမှုဒဏ်မှ သက်သာမှု ရရှိလေသည်။

နီမောင်မှာ ထမင်းစားပြီး ရေနွေးကြမ်းဝိုင်း ရောက်သည့်တိုင် အောင် သူနှင့် မင်္ဂလာဆောင်ရမည့် သတို့သမီးကို ဘယ်သူဘယ်ဝါမှန်း သိရသေးပေ။

ဝေယျာဝစ္စ ပြုလုပ်နေသော မိန်းကလေးများကို အကဲခတ်ကြည့်ပြန်တော့လည်း သာမန်အနေအထားသာ ရှိနေကြပြီး သတို့သမီးဟန်တော့ မရှိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး. . . အခုချိန်ထိ သတို့သမီးကို မတွေ့ရသေးပါလား"

"ဘာလဲ. . . မင်္ဂလာဆောင်တော့မှ အရုပ်ဆိုးဆိုးနဲ့ ကြောက်စရာကြီးဖြစ်မှာကို စိုးရိမ်နေလို့လား"

"ဘာစိုးရိမ်စရာရှိမလဲ ဆရာကြီးရယ်၊ အပိုင်ယူရတာမှ မဟုတ်တာ"

ပြောမယ့်သာ ပြောရသော်လည်း နီမောင့်စိတ်ထဲမှာလည်း ထိုကဲ့သို့ အခြေအနေမျိုး ဖြစ်လာမည်ကို စိုးရိမ်နေမိသည်။

အတန်ကြာတော့ ဦးပန်းမောင် အိမ်ပေါ် တက်လာပြီး သူတို့နှင့် စကားပြောလေသည်။

"ဘယ်လိုလဲ. . . မိတ်ဆွေကြီးတို့ ပျင်းနေကြပြီလား"

"မပျင်းပါဘူးဗျာ"

"ဒါထက် ချက်ပြုတ်ကျွေးမွေးတာတွေကရော စားသောက်လို့ကောင်းကြရဲ့လား"

"ကောင်းပါတယ်ဗျာ. . . ဒါထက် သတို့သမီးလည်း အခုအချိန်ထိ မမြင်ရသေးပါလား"

ဟု ဦးပန်ကောင်းက မေးလိုက်သည်။

"အချိန်တန်တော့ တွေ့ရပါစေ့မယ်"

"သူက အခု ဒီအိမ်မှာ မရှိဘူးလား"

"မရှိပါဘူး. . . တစ်နေရာမှာ နေတာပါ"

"ဒီလိုဖြင့်လည်း ကျုပ်တို့ နည်းနည်းပါးပါး သိရအောင် ပြောသင့်သလောက် ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ဦးပန်းမောင်ဆိုသောလူကြီးက ဆေးတံမြုံမြုံ ဝါးရင်း ပြောပြလေသည်။

"တကယ်တော့ မင်္ဂလာဆောင်မယ့် သတို့သမီးက ကျုပ်တို့ရဲ့ သမီးဆိုတာ မဟုတ်ပါဘူး"

"ဟင်. . ."

"ဒါပေမယ့် ကျုပ်တို့လင်မယား အပါအဝင် ဒီကျတ်ကုန်းရွာ တစ်ရွာလုံးရဲ့ကျေးဇူးရှင်တွေဆိုရင်လည်း မမှားပါဘူး"

"ဘယ်လိုကျေးဇူးရှင်တွေလဲဗျ၊ သေချာအောင် ပြောပြပါဦး"

ဦးပန်းမောင်တို့ နေသော ကျတ်ကုန်းရွာကလေးမှာ ရိုးမတော အတွင်းမှာ ရှိပြီး အခြားနေရာများနှင့် အဆက်အသွယ် သိပ်မရှိသော ကရင်ရွာကလေးဖြစ်သည်။

ဦးပန်းမောင်မှာ ရွာလူကြီးတစ်ဦးဖြစ်သည်။

၎င်းတို့လင်မယားသည် စိတ်ထားဖြူစင်ပြီး သဘောမနေ ကောင်းလှသော်လည်း သားသမီး မရကြပေ။

၎င်းတို့တစ်ရွာလုံးမှာ ဆွေမျိုးသားချင်းများပင်ဖြစ်ကြလေ သည်။

တစ်နေ့သောအခါ ဦးပန်းမောင် ရှိရာသို့ အဝတ်ဖြူများ ဝ ဆင်ထားသော အဘိုးအိုတစ်ဦး ရောက်လာပြီး အကူအညီတောင်း သည်။

"ကျုပ်တို့နေရာက ဒီရွာနဲ့ မဝေးလှတဲ့ ကျောက်ဂူတစ်ခုအတွင်း မှာပါ၊ ကျုပ်တို့က ကိုးသိန်းကိုးသန်းသိုက်ရဲ့ဘုမ္မိယအဆက်အနွယ် ပါ"

www.burmeseclassic.com



ရှင်းပြောသောစကားများကို နားမလည်သော်လည်း ဦးပန်းမောင်က နားထောင်နေလေသည်။

"ကျုပ်တို့ နေတဲ့ဂူထဲမှာ ဂမုန်းပင်တွေလည်း ရှိပါတယ်၊ ရတနာပစ္စည်းတွေလည်း ရှိပါတယ်၊ အခု ကျုပ်တို့ နေတဲ့နေရာကို ဖျက်ဆီးမယ့်လူတွေ ရောက်လာကြပါတော့မယ်၊

သူတို့က အစွမ်းရှိတော့ ကျုပ်တို့အနေနဲ့ တားဆီးလို့ မရနိုင်ပါဘူး၊ ဒါကြောင့် မိတ်ဆွေတို့က အကူအညီပေးစေချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုး ပေးရမှာလဲ"

"တခြားမဟုတ်ပါဘူး. . . သူတို့ကို စည်းပေါက်သွားအောင် အနှောင့်အယှက်ပေးရုံပါပဲ၊ ကျန်တာကတော့ ကျုပ်တို့ လုပ်ပါ့မယ်၊ ဒီလို အကူအညီပေးရင် ခင်ဗျားတို့ လိုအပ်တဲ့ အကူအညီတွေကိုလည်း ကျုပ်တို့က ပေးပါ့မယ်"

ထိုသို့အကူအညီပေးသောအခါ ဦးပန်းမောင်မှာ အစကတည်းက လူတစ်ဖက်သားကို အကူအညီပေးချင်သူဖြစ်ရာ အကူအညီပေးပါမည်ဟု ကတိပေးလိုက်ရာ ထိုလူကြီးက မည်သို့မည်ပုံ ပြုလုပ်ရမည်နှင့် ရှင်းတို့နေရာကို ပြောပြကာ ပြန်သွားလေတော့သည်။

ချိန်းထားသောနေ့ ရောက်သောအခါ ဦးပန်းမောင်က ရွာသားအချို့ကို ခေါ်ကာ ထိုနေရာသို့ ရောက်သွားလေသည်။

ထိုနေရာ ရောက်သောအခါ တောအုပ်တစ်ခုအတွင်းမှ စောင့်ဆိုင်းကြည့်ရှုနေစဉ် လူသုံးယောက်တို့ ရောက်လာကြသည်။

ရှင်းတို့သည် သိုက်ဆရာများဖြစ်ကြသည်။

ခေါင်းဆောင်က အသက်ငါးဆယ်ကျော်အရွယ်ဖြစ်ပြီး ကျန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က လူရွယ်များဖြစ်ကြသည်။

သူတို့သည် ကျောက်ဂူတစ်လုံး၏ဂူပေါက်ဝသို့ ရောက်သော အခါ စည်းဝိုင်းခြင်း၊ ရာဇမတ်များ ကာရံခြင်း၊ ကန်တော့ပွဲပေးခြင်း ဖယောင်းတိုင်များ ထွန်းကာ ဂါထာမန္တာန်များ ရွတ်ဖတ်လျက်ရှိနေကြ သည်။

ထိုအချိန်မှာပင် ဦးပန်းမောင်တို့တတွေမှာ မူလစီစဉ်ထားသည့် အတိုင်း သံပြိုင်အော်ဟစ်ကာ တောထဲမှ ပြေးထွက်သွားကြသည်။

"လိုက်ဟေ့ . . လိုက်ဟ . . မလွတ်စေနဲ့ဟ"

ဟု အော်ဟစ်ကာ ဓါးလှံများ ကိုင်ကာ ပြေးလာသော သူတို့ကို မြင်သော သိုက်ဆရာများမှာ ၎င်းတို့အား ရန်မူမည်အထင်နှင့် ကြောက် လန့်တကြား ဖြစ်သွားကြသည်။

သို့သော်လည်း ဦးပန်းမောင်တို့က သိုက်ဆရာများကို ဘာမှ မလုပ်ဘဲ ကာထားသော ရာဇမတ်နှင့် စည်းများအတွင်းမှ ဖြတ်ကာ အခြားတစ်ဖက်သို့ ပြေးသွားကြသည်။

သိုက်ဆရာများမှာ စည်းပေါက်သွားခဲ့လေပြီ။

ထိုသို့ စည်းပေါက်သွားသည်နှင့် တောတွင်းမှ ထွက်လာသော ဘီလူး၊ သရဲသဘက်၊ နာနာဘာဝများက လိုက်လံတိုက်ခိုက်ရာ သေ ပြေးရှင်ပြေး ထွက်ပြေးကြရတော့သည်။

နောက်ပိုင်းမှာတော့ ဦးပန်းမောင်တို့ အကူအညီလိုလျှင် ဆေး ဆေးဝါးများ၊ ရွှေငွေရတနာများကို ပေးသည်။

ဦးပန်းမောင်တို့ တစ်ရွာလုံးမှာ ရိုးရိုးအေးအေးနေကြသူများ ဖြစ်သဖြင့် ရွှေငွေရတနာများကို မမက်မောဘဲ ဂန္ဓုန်းဆေးများကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ယူပြီးသုံးစွဲကြရာ တစ်ရွာလုံး ရောဂါဘယ ကင်းစင်ကြလေသည်။

တစ်နေ့တော့ ဂမုန်းဂူမှ အဘိုးအို ရောက်လာပြီး ဤသို့ပြော သည်။

"ကျုပ်တို့ ဂမုန်းဂူက မိန်းကလေးတစ်ယောက် သူ့ချစ်သူနဲ့ လက်ထပ်ခါနီးကျမှ သတို့သားက ဥပစ္ဆေဒက ကံကြောင့် ရုတ်တရက် သေသွားခဲ့တယ်၊

မင်္ဂလာဆောင်ဖို့ ကျုပ်တို့လောကသားတွေကိုလည်း ဖိတ်ထား ပြီးပြီ၊ ဒီတော့ သတို့သားတစ်ယောက်တော့ ရှာပေးပါဗျာ"

"ကျုပ်က ဘယ်သူ့ကို ရှာပေးရမှာလဲ"

"စိတ်ထားဖြူစင်ရိုးသားတဲ့လူမှ ဖြစ်မယ်၊ တောင်ပိုင်ကြီးကို မေးကြည့်ရင် ပိုသိနိုင်ပါတယ်"

ဟု အကူအညီတောင်းသဖြင့် ဦးပန်းမောင်က ကန်တော့ပွဲ ပေးပြီး တောင်ပိုင်ဘိုးဘိုးကြီးကို မေးမြန်းရာ ဆင်သေချောင်း သစ်စခန်း ကို လမ်းညွှန်ပေးလိုက်သောကြောင့် ရောက်လာရခြင်းဖြစ်တော့သည်။

"ဒါဖြင့် သတို့သမီးက ဂမုန်းဂူမှာ ရှိတာပေါ့"

"ဟုတ်ပါတယ်. . .မနက်ဖြန်ဆိုရင် မင်္ဂလာဆောင်မယ့်ရက် ရောက်တော့မှာပါ။ ကျုပ်တို့က ဒီမှာ ချက်ပြုတ်ထားတဲ့ ထမင်းဟင်းတွေ အစားအသောက်တွေကိုပါ တပါတည်း ယူပြီး ခင်ဗျားတို့နဲ့ အတူတူ တစ်ရွာလုံး သွားကြရမှာပါ"

ဟု ဦးပန်းမောင်က ပြောပြတော့မှ တဖြည်းဖြည်းနှင့် သဘော ပေါက်ရလေတော့သည်။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



ဦးပန်းမောင် ပြန်ဆင်းသွားသောအခါ အိပ်ယာဝင်ကြသော်လည်း နီမောင်မှာ ထိုညက စိတ်လှုပ်ရှားနေသောကြောင့် တစ်ညလုံး အိပ်မပျော်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

# ဘုမ္မိယတို့၏လျှို့ဝှက်သည့်နေရာ

နောက်တစ်နေ့ နံနက်စောစောတွင် နီမောင်တို့မှာ ရေမိုးချိုး၍ အဝတ်အစားလဲရသည်။

သို့သော်လည်း သူ့မှာ အဝတ်အစား မပါသောကြောင့် ဦးပန်းအောင် ထုတ်ပေးသော ကရင်လူမျိုးများ ဝတ်ဆင်သည့် အဝတ်အစားများကိုသာ ဝတ်ဆင်ရသည်။

ကရင်ရိုးရာအဝတ်အစားများ ဝတ်ဆင်ထားသော သူ့ကိုကြည့်ပြီး. . .

"မင်းတော့ အခုကတည်းက ဘဝပြောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြုံးစေ့စေ့နှင့် ပြောရာ မလုံမလဲဖြစ်သွားလေသည်။

"ဆရာကြီး . . . မင်္ဂလာဆောင်ပြီးရင် ကျွန်တော်က ဟိုမှာ တစ်ယောက်တည်း နေခဲ့ရမှာလား"

"ငါလည်း မသိသေးဘူး၊ ဂမုန်းဂူ ရောက်ရင်တော့ ဂမုန်းနက်ရဖို့ အရင်အားထုတ်ရမယ်"

ဟု ပြန်ပြောလေသည်။

ထို့နောက် အားလုံးပြင်ဆင်ပြီးသောအခါ ရွာမှ စထွက်ကြလေသည်။

ကျောက်ကုန်းရွာမှ လိုက်လာကြသော ယောကျ်ား၊ မိန်းမများမှာ ၎င်းတို့ ရိုးရာဝတ်စုံများ ဝတ်ကာ အစွမ်းကုန် ပြင်ဆင်ထားကြလေသည်။

ရိုးရာထုံးစံအတိုင်း မင်္ဂလာဆောင်ရာတွင် ပါဝင်သော ခန်းဝင်ပစ္စည်းများ၊ ချက်ပြုတ်ထားသော အစားအသောက်များကို သယ်ယူလာကြသည်။

ဦးပန်းမောင်မိန်းမဖြစ်သူ နော်မူးရာက ကန်တော့ပွဲ ခေါင်းပေါ်မှ ရွက်ကာ ရှေ့မှ သွားသည်။

၎င်းနံဘေးမှ ဦးဗန်ကောင်းနှင့်ဦးပန်းမောင်တို့က လိုက်ပြီး သတို့သားအဖြစ် လိုက်လာသော နီမောင်နံဘေးမှာတော့ ကာလသားနှစ်ယောက်က ရံပြီးလိုက်လာကြသည်။

နီမောင့်အဖြစ်က စိတ်လှုပ်ရှားစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်းလေသည်။

"အင်း . . . ငါ့အဖြစ်ကလည်း ရည်းစားတောင် မထားဖူးသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မိန်းမရတဲ့ကိန်းမျိုးဖြစ်နေပြီ”

ဟုလည်း တွေးမိလေသည်။

ဂမုန်းဂူ ရှိသောနေရာမှာ ကျတ်ကုန်းရွာနှင့် မဝေးလှပေ။

မနက်စောစော ရွာမှ ထွက်ကြရာ သစ်တောပေါ်သို့ နေရောင်ခြည် ကျော်တက်လာသောအချိန်၌ ရောက်သွားကြလေသည်။

ဂူရှေ့ဘက်တွင် မဏ္ဍပ်ကြီး ထိုးထားပြီး ရွှေငွေရတနာများနှင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသောလူများကို လှမ်းမြင်ရသည်။

သူတို့ လာတာ မြင်တော့ အဝတ်ဖြူများ ဝတ်ဆင်ထားသည့် အဖိုးကြီးတစ်ယောက်နှင့် ချောမောလှပသည့် အမျိုးသမီးတစ်ယောက်က မဏ္ဍပ်ရှေ့ ထွက်လာပြီး ခရီးဦးကြိုပြုသည်။

“ရောက်လာကြပြီလား. . . အခုလို ရောက်လာတာ ဝမ်းသာပါတယ်”

“ရောက်ပါပြီ. . . ဒါက ကျုပ်တို့ဘက်က သတို့သားပါ”

နီမောင်က ဝတ္တရားရှိသည့်အတိုင်း ပြုံး၍ခေါင်းညိတ်ပြသည်။

“ဒါက ကျုပ်တို့ဘက်က သတို့သမီးပါပဲ”

အဘိုးကြီးက အနားမှာ ရပ်နေသော အမျိုးသမီးကို ပြသည်။

အသက်နှစ်ဆယ်အရွယ်ခန့်ရှိပြီး အသားဖြူဖြူနှင့် ရုပ်ရည်ချောမောသူတစ်ဦးဖြစ်သည်။

သူမသည် လှပသောမျက်နှာနှင့် လိုက်လျောညီထွေသော ကိုယ်လုံးကိုယ်ထည် အချိုးအစားရှိပြီး ဆံပင်ရှည်များကို သေသပ်စွာ ထုံးထားလေသည်။

“သတို့သားနာမည်က နီမောင်လို့ ခေါ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီးနာမည်က မြသင်းကြူလို့ ခေါ်ပါတယ်၊ အခုအချိန်ကစပြီး သတို့သမီးကို သတို့သားလက်ကို အပ်ပါပြီ"

ဟု ပြောကာ အဘိုးအိုက မိန်းကလေးလက်ကို ဆွဲပြီး နီမောင်လက်ထဲသို့ အပ်ရာ နီမောင်ခမျာ အယောင်ယောင်အမှားမှားနှင့် ဆုပ်ကိုင်ထားလိုက်ရသည်။

မြသင်းကြူ၏နွေးထွေးသောလက်မှာ သာမန်လူကဲ့သို့ နွေးနေလေသည်။

ထို့နောက်တော့ မင်္ဂလာပွဲတို့၏ထုံးစံအတိုင်း ဦးပန်းမောင်တို့ချက်ပြုတ်လာသော အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးရာ ရောက်နေကြသောဧည့်သည်များက တပျော်တပါး စားသောက်ကြသည်။

မင်္ဂလာပွဲပြီးသောအခါမှ တောတွင်းသို့သော်လည်းကောင်း၊ ဂူများအတွင်းသို့သော်လည်းကောင်း ပြန်ဝင်သွားကြလေသည်။

ဦးပန်းမောင်နှင့် ရွာသူရွာသားများလည်း ပြန်သွားကြလေသည်။ မဏ္ဍပ်အတွင်းမှာတော့ အဘိုးအို၊ မြသင်းကြူတို့နှစ်ယောက်နှင့် နီမောင်တို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

ထိုအခါမှ အဘိုးအိုက ဦးဗန်ကောင်းအား အထုပ်တစ်ထုပ် လက်ဆောင်ပေးလေသည်။

"ဒါ ကျုပ်တို့ ပေးတဲ့လက်ဆောင်ပါ၊ မိတ်ဆွေကြီး အလိုရှိနေတဲ့ ဂမုန်းနက်ပါ"

"ဟင်. . ."

ဦးဗန်ကောင်းက စိတ်လှုပ်ရှားစွာဖြင့် အထုပ်ကို ဖြေကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ ဆိပ်ဖူးပင်အရွယ်ခန့်ရှိပြီး အပွင့်၊ အမြစ်၊ ဥ စသည်တို့နှင့် ပြည့်စုံသော ဂမုန်းနက်ပင်ကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။

ဂမုန်းနက်အပွင့်မှ ရနံ့များက ပတ်ဝန်းကျင်တဝိုက်မှာ မွှေးကြိုင်သင်းပျံ့လျက်ရှိနေသည်။

"ကျေး. . . ကျေးဇူးတင်ပါတယ်ဗျာ"

"ကျေးဇူးတင်စရာ မလိုပါဘူးလေ၊ မိတ်ဆွေကြီးတို့က ကျုပ်တို့ကို အကူအညီပေးတော့လည်း ကျုပ်တို့ကလည်း လိုတဲ့အကူအညီ ပြန်ပေးရမှာပေါ့။

ဂမုန်းနက်ဆိုတာ သိဒ္ဓိရှိတဲ့အပင်ဖြစ်ပါတယ်၊ အပင်အပွင့်ရှိတဲ့နေရာ မဆိုထားနဲ့၊ ရနံ့ရှိနေတဲ့နေရာများမှာတောင် မကောင်းဆိုးဝါးမိစ္ဆာတွေ မနေဝံ့ကြပါဘူး၊

မိတ်ဆွေကြီး ဒီဂမုန်းနက်ကို ယူသွားတာနဲ့တင် စခန်းမှာ ရှိတဲ့ မကောင်းဆိုးဝါးတွေအားလုံး ပြေးကြရမှာပါ"

ဟု ပြောပြသည်။

"ဒါထက် ကျွန်တော်တို့က ဘယ်လိုလုပ်ရမလဲ အဘ"

"ရောက်တုန်း ဒီမှာ နေချင်သပဆိုရင် နေကြဦးပေါ့၊ ချက်ချင်း ပြန်သွားလို့လည်း မသင့်သေးပါဘူး"

ဟု ပြောကာ ၎င်းတို့နေသောဂူအတွင်းသို့ ခေါ်သွားလေသည်။ ဂူမှာ ဝင်စက ကျဉ်းသော်လည်း အတွင်းရောက်သောအခါ ကြီးမားသော လိုဏ်ခေါင်းကြီးဖြစ်နေလေသည်။

ထိုလိုဏ်ခေါင်းမှ ကျောက်လှေခါးထစ်များအတိုင်း အောက်

www.burmeseclassic.com



ဖတ် ဆင်းသွားသောအခါ လေကောင်းလေသန့်နှင့် အလင်းရောင်များ ကောင်းစွာရနေသော မြေအောက်တစ်နေရာသို့ ရောက်သွားကြလေသည်။

သူတို့ အတွင်းရောက်သွားသောအခါ စောစောက ဖွင့်ထားသော ကျောက်တံခါးများလည်း အလိုလို ပြန်ပိတ်သွားရာ နံရံများမှာ ကျောက်သားနံရံအတိုင်း ပကတိ ပြန်ဖြစ်သွားတော့သည်။

မြေအောက်မှာ ရှိသောမြင်ကွင်းများမှာ အံ့သြစရာကောင်းလှပေသည်။

စိမ်းလန်းစိုပြည်သော ဥယျာဉ်ခြံများ၊

သီးနှံစိုက်ခင်းများစွာတို့နှင့် တစ်ပုံစံတည်း တစ်ရွယ်တည်း ဆောက်ထားသော နေအိမ်များကို တွေ့ရသည်။

ပတ်ဝန်းကျင်မှာလည်း သွားလာနေကြသောလူများကိုလည်း လှမ်းမြင်ရသည်။

ရွာအစွန်ဘက်ရှိ အိမ်မြင့်မြင့်တစ်လုံး ရှိရာသို့ ရောက်သောအခါ အဘိုးကြီးက အိမ်ခြံအတွင်းသို့ ခေါ်သွားလေသည်။

ထိုအိမ်၏ပတ်ဝန်းကျင်မှာလည်း သီးပွင့်နေသော သီးပင်စားပင်များနှင့် သစ်ခွပန်းများရှိနေသည်။

သစ်ပင်များပေါ်မှာ အခိုင်လိုက် အခိုင်လိုက် ပွင့်နေသည့် သစ်ခွပန်းရနံ့များက ခြံတစ်ခြံလုံး မွှေးကြိုင်နေသည်။

အိမ်နှင့် မလှမ်းမကမ်းနေရာမှာ စမ်းချောင်းတစ်ခုနှင့် သီးနှံစိုက်ခင်းများ ရှိသေးသည်။

ခြံဝန်းအတွင်း ရောက်သောအခါ အဘိုးအိုက ဦးကုန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



အား ဂမုန်းပင်များ ပေါက်နေသောနေရာသို့ ခေါ်သွားလေရာ ခြံဝန်း အတွင်း၌ နီမောင်နှင့် မြသင်းကြူတို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

ထိုအခါ မြသင်းကြူက နီမောင်ကို တစ်ပင်လုံး ပွင့်နေသော ခရေပင်ကြီးအောက်ရှိ ခုံတန်းလျားပေါ်သို့ ခေါ်သွားကာ နှစ်ယောက် အတူထိုင်လိုက်ကြသည်။

"ဒီနေရာကလေးက အတော်ကလေးကို လှပသာယာတာပဲ နော်"

မြသင်းကြူက ပြုံး၍ခေါင်းညိတ်ပြသည်။

"ဒီမှာရှိတဲ့ သစ်ပင်တွေ ပန်းပင်တွေက ပိုပြီးလှပနေသလိုပဲ"

"လူတွေရဲ့လောဘ၊ ဒေါသ၊ မောဟ အပူမီးတွေနဲ့ ကင်းဝေးတဲ့ နေရာဖြစ်လေတော့ သစ်ပင်ပန်းပင်တွေက ပိုလှပြီး ပိုပြီးစိမ်းလန်းစိုပြည် နေတာပါ"

"ဟင်. . . သစ်ပင်ပန်းပင်တွေကလည်း ဒီလိုပဲ ခံစားနိုင် သလား"

"ခံစားနိုင်ပါတယ်. . . သူတို့လည်း ဓါတ်ကြီးလေးပါးကို အမှီ ပြုပြီး အသက်ရှင်နေတဲ့အရာတွေပဲ၊ ခံစားမှု ရှိပါတယ်၊ အပူမီးတွေ တပ်တဲ့သစ်ပင်နဲ့ အေးချမ်းသာယာတဲ့သစ်ပင်နဲ့ ရှင်သန်တာချင်း မတူ သလို သီးပွင့်တာချင်းလည်း မတူပါဘူး"

"ဒါကြောင့် တောထဲမှာ သဘာဝအတိုင်း ရှိနေတဲ့သစ်ပင်နဲ့ လူတွေအနီးမှာ စိုက်တဲ့ သစ်ပင်တွေ ရှင်သန်တာချင်း မတူသလို သီးပွင့် တာကျတော့လည်း ကွာသွားတာဖြစ်မှာပေါ့နော်"

"မှန်ပါတယ် အစ်ကို၊ လောဘ ဒေါသ မောဟဆိုတဲ့ အပူမီး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဝေးကွာတဲ့နေရာမှာ နေရရင် သဘာဝ သစ်ပင်တွေလည်း လန်းဆန်း ရှင်သန်မှု ရှိသလို လူတွေလည်း အသက်ရှည်စေပါတယ်၊ အဘိုးဆိုရင် အသက်ရာကျော်နေပြီပေါ့”

“ဒါပေမယ့် အဘိုးကြည့်ရတာ သန်မာဖျတ်လတ်နေတုန်းပဲနော်”

“ကျွန်မတို့ နေတဲ့နေရာတဝိုက်မှာ ကင်ပလင်းနက်ပင်၊ နနွင်းနက်ပင်တွေ ရှိနေတော့ အဲဒီဆေးတွေကြောင့်လည်း ပါ,ပါတယ်”

“အင်း. . . ကျွန်တော်က ဒီအကြောင်းတွေ ဘာမှမသိပါဘူး၊ သတို့သား လာငှားကြလို့သာ သူတစ်ပါးတွေရဲ့အခက်အခဲကို အကူအညီပေးဖို့ လိုက်လာတာပါ”

“အစ်ကိုက စိတ်ထားဖြူစင်တာကိုး”

“အခုမှပဲ သတိရတော့တယ်၊ သေဆုံးသွားခဲ့တဲ့ မြသင်းကြူရဲ့ ချစ်သူအတွက်လည်း စိတ်မကောင်းပါဘူး၊ သူကရော မြသင်းကြူတို့ နေတဲ့နေရာကပဲလား”

“မှန်ပါတယ်. . . သူလည်း ဒီကပါပဲ၊ လူကြီးတွေက သူနဲ့ နေရာချပေးဖို့ စီစဉ်နေရင်း သေဆုံးသွားတာပါ၊ ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုရယ်၊

သေခြင်းတရားဆိုတာ ဘယ်သူမှ လွန်ဆန်လို့ရတာမျိုးမှ မဟုတ်ဘဲ တန်ခိုးရှင်တွေလည်း တစ်နေ့ကျရင် သေခြင်းတရားကို လက်ခံရတာပါပဲ၊ သူ. . နောက်တစ်ဘဝမှာ ကောင်းရာသုဂတိ ဘုံဘဝကို ရောက်နိုင်ပါစေလို့ပဲ ဆုတောင်းပေးရမှာပေါ့”

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရေပင်ကြီးပေါ်မှ ခရေပွင့်ကလေးများက မြေပေါ်သို့ တဖြုတ်ဖြုတ်နှင့် ကြွေကျနေကြသည်။

ခရေရနံ့များက ပတ်ဝန်းကျင်တဝိုက်မှာ ပျံ့နှံ့နေသည်။ လူ့ဘဝဆိုတာ ခရေပန်းပွင့်လေးတွေလိုလည်း တစ်နေ့ကျရင် မြေပေါ်သို့ ကြွေကျရသော ဓမ္မတာကို ဘယ်သူလွန်ဆန်နိုင်ပါ့မလဲ။

"အစ်ကိုရော ဒီကို လိုက်လာရတာ မအံ့သြဘူးလားဟင်"

မြသင်းကြူက စကားလမ်းကြောင်းပြောင်းလိုက်လေသည်။

"အမှန်ပြောရရင်တော့ သူတစ်ပါးကို အကူအညီပေးချင်လို့သာ လိုက်လာခဲ့ရပေမယ့် စိုးရိမ်စိတ်တော့ ရှိတာပေါ့၊ ဒီရောက်တော့မှသာ အံ့သြရတာ"

"အခုရော ဘယ်လိုခံစားရသလဲ"

"အခုတော့ ဒီလောက် သာယာလှပတဲ့နေရာ၊ အေးချမ်းမှုရှိတဲ့နေရာလေးမှာ အမြဲနေချင်စိတ်တောင် ပေါ်လာမိပါတယ်"

နီမောင်က သူ့စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်လေသည်။

"နေချင်လည်း နေပေါ့ အစ်ကိုရယ်၊ အစ်ကို နေမယ်ဆိုရင် ဘယ်သူကမှ နှင်မထုတ်ပါဘူး"

"ဒါပေမယ့် ကျွန်တော်က သတို့သားအစစ်မှ မဟုတ်တာ၊ မြသင်းကြူကို အကူအညီပေးဖို့ လာခဲ့တာ၊ အခု ကျွန်တော့်တာဝန်ပြီးပြီဆိုတော့ ပြန်ရတော့မှာပေါ့"

"အစ်ကို့စိတ်ထဲမှာ မပြန်ချင်လို့ နေမယ်ဆိုရင်လည်း တစ်သက်လုံး နေနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် အံ့ဩခြင်းနှင့်အတူ ဝမ်းသာစိတ်ပါ ဖြစ်ပေါ်လာလေသည်။

"အဲဒီလို နေမယ်ဆိုရင်ကော မြသင်းကြူက လက်ခံမှာမို့လား"

ဟု ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

"အစ်ကိုနဲ့ကျွန်မက လူကြီးတွေ သဘောတူလို့ မင်္ဂလာဆောင်ဆောင်ပြီးမှတော့ ကျွန်မက ဘာကြောင့် လက်မခံရမှာလဲ"

"အခုမှ မြင်တွေ့ရတဲ့ လူတစ်ယောက်ကို မြသင်းကြူအနေနဲ့ စိတ်ချယုံကြည်မှုရော ရှိရဲ့လား"

မြသင်းကြူက တစ်ချက်ပြုံးလိုက်သည်။

"အဘိုးက အစကတည်းက စိတ်မချရဘူးဆိုရင် ဒီလိုအစီအစဉ်မျိုးကို စီစဉ်ပေးမှာ မဟုတ်ပါဘူး၊

ဒီတော့ အစ်ကို့အပေါ်မှာ ဘာများ စိတ်မချရမှာလဲ၊

အစ်ကို့ဆီမှာ ဖြူစင်တဲ့ စိတ်ရင်းစေတနာ ရှိတယ်၊

တည်ကြည်ခိုင်ခံ့တဲ့ မေတ္တာတရား ရှိတယ်၊

လေးစားယုံကြည်လို့ရတဲ့ သစ္စာတရား ရှိတယ်၊

ဒီအချက်တွေနဲ့ ပြည့်စုံနေမှတော့ အစ်ကိုနေမယ်ဆိုရင် ကျွန်မတို့က တစ်သက်လုံး လက်ခံကြမှာပါ"

မြသင်းကြူကလည်း ပွင့်ပွင့်လင်းလင်း ပြန်ပြောလေသည်။

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ ဝမ်းသာသွားသော်လည်း ချက်ချင်းတော့ ဆုံးဖြတ်၍မရသေးပေ။

ဆရာကြီးဦးဇန်ကောင်းနှင့် တိုင်ပင်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မြသင်းကြူက သူ့ကို ခေါ်ပြီး သူတို့ နေသော နေရာ ပတ်ဝန်းကျင်များကို လိုက်ပြပေးသည်။

အိမ်များ ဆောက်ထားပုံမှာ သစ်သားများ အသုံးပြုကာ တစ်ညီတည်း၊ တစ်ပုံစံတည်းဖြစ်သည်။

တစ်အိမ်နှင့်တစ်အိမ် ခြံစည်းရိုး ခြားထားပြီး ခြံဝန်းထဲတွင် သရက်၊ ပိန္နဲ၊ ဒူးရင်း၊ ဩဇာ၊ မာလကာ အစရှိသောသီးပင်များက ရာသီအလိုက် ဖူးပွင့်ကာ အုံ့အုံ့ဆိုင်းဆိုင်းနှင့် အရိပ်အာဝါသ ကောင်းလှသည်။

ထို့ပြင် ရနံ့မွှေးသော ပန်းမျိုးစုံတို့က နေရာအနှံ့မှာ ပေါက်ရောက်နေကြသည်။

အိမ်အနောက်ဖက်ကွင်းများမှာတော့ စပါးခင်းများနှင့် သီးနှံစိုက်ခင်းများ ရှိလေသည်။

ထိုနေရာကျော်သွားတော့ ရွာအစွန်ဘက်တွင် ရွှေရောင်တဝင်းဝင်းနှင့် စေတီတစ်ဆူကို ဖူးတွေ့ရသည်။

နှစ်ယောက်သား စေတီတော်ကို ဖူးမျှော်ပြီး ဆက်သွားသောအခါ ကျောက်ဂူတစ်ဂူအတွင်း ရောက်သွားလေသည်။

ထိုဂူအတွင်းတစ်နေရာမှာတော့ ရတနာပစ္စည်းများ၊ ရွှေငွေများကို သေတ္တာများဖြင့် ထည့်ထားလေသည်။

ထိုရတနာများ မြင်သောအခါ သိုက်နန်းတစ်ခုအတွင်း ရောက်နေသည်ဟု စိတ်ထဲမှ ထင်မိလေသည်။

"ဒီရတနာပစ္စည်းတွေဟာ ကျွန်မတို့နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေပါ။ အစ်ကို လိုချင်ရင် ပေးလို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူများပိုင်ဆိုင်တဲ့ပစ္စည်းကို ကျွန်တော်မယူချင်ပါဘူး"

ထိုသို့ပြောပြီး ဆက်လျှောက်သွားသောအခါ တသွင်သွင် စီးနေသော စမ်းချောင်းတစ်ခုအနီးသို့ ရောက်သွားလေသည်။

ထိုနေရာတွင် ကျောက်တုံးများကြားမှ စိမ့်ထွက်နေသော ကျောက်သွေးများနှင့်. . .

ကျောက်ဖျာများအပေါ်မှာ ပေါက်နေသည့် ဂမုန်းပင်မျိုးစုံတို့ကို တွေ့ရလေသည်။

မြသင်းကြူက ကျောက်တုံးပေါ်မှာ တင်ထားသော ရွှေခွက်ဖြင့် ကျောက်သွေးရည်တစ်ခွက် ခပ်တိုက်သဖြင့် သောက်လိုက်ရာ တစ်ကိုယ်လုံး ထူးထူးခြားခြား ဖြစ်လာပြီးနောက် အိပ်ပျော်သကဲ့သို့ ဖြစ်ကာ အားလုံးကို မေ့ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

# ဂမုန်းနက်ဖြင့် မိစ္ဆာများကို နှင်ထုတ်ရခြင်း

နီမောင် သတိပြန်ရလာသောအခါ ဆင်သေချောင်း ဗိုလ်တဲသို့ ပြန်ရောက်နေပေပြီ။ ဘယ်သို့ဘယ်ပုံ ပြန်ရောက်နေသည်ကိုတော့ သူ ကိုယ်တိုင်ပင် မသိပေ။ ဦးဗန်ကောင်းကို တွေ့သောအခါ အတိုး အကြောင်း မေးကြည့်ရသည်။

"ဆရာကြီး ကျွန်တော်တို့ ဒီကို ဘယ်လိုပြန်ရောက်နေတာလဲ"

"သူတို့ လိုက်ပို့ပေးတာပေါ့"

"ဒါဖြင့် မြသင်းကြူတို့က ဘယ်မှာလဲ"

"ဂမုန်းဂူမှာပဲ ကျန်ခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နီမောင်မှာ ဘာပြန်ပြောရမှန်း မသိတော့ပေ။

တကယ်တော့ သူသည် မြသင်းကြူကို တကယ်ပိုင်ဆိုင်ခွင့် ရသူ မဟုတ်ပေ။

အခက်အခဲ ရှိနေစဉ် အကူအညီပေးရခြင်းသာဖြစ်သည်။ ယခု ကိစ္စပြီးပြီမို့ မိမိနေရာပြန်လာရသည်မှာ အဆန်းတော့ မဟုတ်ပေ။

သို့သော် စိတ်ထဲမှာ မြသင်းကြူကို သတိရနေသည်။ အခိုက် အတန့် အချိန်တိုအတွင်းမှာ တွေ့ရသော်လည်း စိတ်ထဲမှာ စွဲလန်းနေမိ သည်။ အဖြစ်အပျက်များက စိတ်ထဲမှာ အိပ်မက်လို ဖြစ်နေသည်။ သို့ကြောင့် ဦးဗန်ကောင်းကို မေးရသည်။

"ဆရာကြီး . . ကျွန်တော်တို့ ဂမုန်းဂူ ရောက်ခဲ့ကြတယ် ဆိုတာ တကယ်လား"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"အိပ်မက်မက်သလို ဖြစ်နေသလားလို့ပါ"

"ငါတို့နှစ်ယောက်စလုံး ဂမုန်းဂူ ရောက်ခဲ့တယ်ဆိုတာ အမှန်ပါ ပဲ"

"ဒါဖြင့် သူတို့ပေးတဲ့ ဂမုန်းနက်ကို တကယ်ပဲ ရခဲ့တာပေါ့နော်"

"ရတာပေါ့ကွယ် ဒီမှာ မမြင်ဘူးလား၊ အခုပဲ ဒီဗိုလ်တဲကုန်း တဝိုက်မှာ ရှိတဲ့ မကောင်းဆိုးဝါးတွေကို နှင်ထုတ်တော့မှာ"

ဟု ပြောကာ အစီအစဉ်များ ပြုလုပ်နေသောကြောင့် နီမောင် လည်း အခြားအကြောင်းများကို မစဉ်းစားတော့ဘဲ အလုပ်ကိစ္စများကို သာ လုပ်ကိုင်ရလေတော့သည်။

ဦးဗန်ကောင်းက ဂမုန်းနက်ဖြင့် စီရင်ထားသောဆေးများ



www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ ဝတ္တရားရှိသည့်အတိုင်း ဗိုလ်တဲနှင့်တစ္ဆေကုန်းသို့ သွားကာ ပြုလုပ်မည့် အစီအစဉ်များကို ပြောပြရသည်။

ပရလောကသားများကို အသိပေးရသည်။

"ဒီဗိုလ်တဲမှာ ရှိသော ပရလောကသားများ၊ မနက်ဖြန် ရောက်ပါက ဂမုန်းနက်ဆေးရည်များ ပက်ဖြန်းတော့မည်၊ ယခုအချိန်မှစ၍ နောက်တစ်နေ့ ညဦးပိုင်းအချိန်အထိ လွတ်ရာသို့ ရွှေ့ပြောင်းပေးကြကုန်လော့"

ထို့နောက် တစ္ဆေကုန်းဘက် သွားကာ အထက်ပါနည်းအတိုင်း ပန်ကြားပြန်လေသည်။

"ဤတစ္ဆေကုန်းမှာ နေထိုင်ကြကုန်သော ပရလောကသား အပေါင်းတို့. . . ကျွန်ုပ်တို့သည် မနက်ဖြန်တွင် ဂမုန်းနက်ဆေးရည်များကို ပက်ဖြန်းတော့မည် ဖြစ်ပါသောကြောင့် နောက်တစ်နေ့ ညဦးပိုင်းအချိန်တွင်း လွတ်ရာဝေးရာသို့ ရှောင်ရှားကြကုန်လော့"

ဟု ဝတ္တရား ရှိသည့်အတိုင်း ပန်ကြားကာ စောင့်ကြည့်ကြလေသည်။

ညအချိန်ရောက်သောအခါ တစ္ဆေကုန်းဘက်မှ ယောကျ်ားသံ၊ မိန်းမသံများ အပြင် ကလေးငိုသံများပင် အတိုင်းသား ကြားကြရသည်။

အမှောင်ထဲမှာ ဟိုဟိုဒီဒီ သွားလာနေသော မည်းမည်း သဏ္ဌာန်များကိုလည်း မြင်ရသည်။

လူများ နေအိမ်ပြောင်းတော့မည့်အတိုင်း ပစ္စည်းပစ္စယများကို ထုပ်ပိုးသိမ်းဆည်းသံ၊ အိုးခွက်ပန်းကန်သံများကိုပါ အတိုင်းသား ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သူတို့ကို ဘာမှ အနှောင့်အယှက်ပေးတာ မဟုတ်ဘဲနဲ့ မတရားသဖြင့် နှင်ထုတ်ကြတယ်"

ဟူသော မကျေမနပ်ဖြင့် ပြောနေသောအသံများကိုလည်း အတိုင်းသား ကြားကြရသည်။

ဗိုလ်တဲပေါ်မှာတော့ ထိုသို့မဟုတ်ပေ။

ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်နှင့် တောအုပ်ယူနီဖောင်း ဝတ်ထားသောလူတစ်ယောက်တို့မှာ ဗိုလ်တဲပေါ်မှာ ဒေါသူပုန်ထနေကြသည်။

၎င်းတို့သည် မကျေမနပ်နှင့် နံရံများကို လက်ဖြင့် တဗုန်းဗုန်းပုတ်ခြင်း၊ အိမ်တိုင်များကို ကိုင်လှုပ်ခြင်း၊

အပေါ်မှ မြေပေါ်သို့ခုန် ဆင်းလာလိုက်၊ နီမောင်တို့ ရှိရာဗိုလ်တဲဘက်သို့ လာရန် ကြိုးစားလိုက်၊ မရသောအခါ ၎င်းတို့ နေသောဗိုလ်တဲပေါ်သို့ လွှားကနဲ ပြန်တက်သွားလိုက်နှင့် တစ်ညလုံး လုပ်နေကြသည်။

ဆံပင်ဖားလျားချထားသောမိန်းမက ဝရန်တာဘက်မှ ထွက်ကာ နီမောင်တို့ ရှိရာဗိုလ်တဲဘက်သို့ မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်ကာ. . .

"ဒီဗိုလ်တဲက ငါတို့ နေဖို့ ပေးထားတာ၊ ဘယ်သူပြောလို့မှ မဖယ်ပေးနိုင်ဘူး၊ ထပ်ပြီးနှင်ထုတ်ဖို့ လုပ်လာရင်တော့ ငါတို့အကြောင်းကောင်းကောင်းသိရစေ့မယ်"

ဟု မကျေမနပ်နှင့် ပြောနေသလို ယောကျ်ားဖြစ်သူကလည်း အိမ်အတွင်းမှ ဒေါသတကြီးနှင့် ထွက်လာပြီး သေနတ်ဖြင့် နီမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ရှိရာဘက်သို့ ပစ်လေသည်။

သေနတ်မှ မီးပွင့်များ ထွက်လာသော်လည်း အသံမမြည်သလို ကျည်ဆန်လည်း ရောက်မလာပေ။

၎င်းသည် သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ပြီး ဗိုလ်တဲအတွင်း ပြန်ဝင်သွားလိုက်၊ ခဏကြာလျှင် ပြန်ထွက်လာလိုက်၊ သေနတ်ဖြင့် ပစ်လိုက်နှင့် တစ်ညလုံး လုပ်နေလေသည်။

မိန်းမလုပ်သူကလည်း တစ်ညလုံး ဆူပူကြိမ်းမောင်းနေလေသည်။

အရုဏ်တက်ချိန် ရောက်သောအခါ အသားမည်းမည်းနှင့် လူကြီးတစ်ယောက် ထွက်လာပြီး ဗိုလ်တဲအောက်မှာ လာရပ်ကာ အပေါ်သို့ မော့ကြည့်နေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ဦးဗန်ကောင်းက လှမ်းမေးသည်။

"ကျုပ်တို့ကို ထမင်းကျွေးတဲ့ မိတ်ဆွေလေးနဲ့ တွေ့ချင်လို့ပါ"

ဟု ပြောသဖြင့် နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်စလုံး အောက်သို့ ဆင်းသွားကြသည်။

"ဘာကိစ္စရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ပြောစရာလေး ရှိလို့ပါ၊ ကျုပ်တို့က ဒီနေရာမှာ ကျုပ်တို့ရွာ ပျက်ပြီးကတည်းက နေလာတာဆိုတော့ ကြာပါပြီ၊

ကျုပ်တို့ကို ဒုက္ခမပေးတဲ့လူတွေဆိုရင် ဘယ်သူကိုမှ ဒုက္ခမပေးပါဘူး၊ အရင်လူတွေက ကျုပ်တို့ကို ဒုက္ခပေးလို့သာ ပြန်ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘာလုပ်ပေးစေချင်သလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်တို့တတွေ ဒီနေရာက ရွှေ့ပြောင်းရမယ်ဆိုရင် တခြားမှာ နေစရာ မရရင် အားလုံးဒုက္ခရောက်ကြရမှာပေါ့။

ဒီတော့ ဒီနေရာမှာပဲ ဆက်နေပါရစေ၊ နှင်မထုတ်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောဆိုတောင်းပန်လေသည်။

"နေတာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုကတိမျိုး ပေးပြီး နေမှာလဲ ပြောပါ"

"မိတ်ဆွေတို့ ဒီနေရာမှာ အလုပ်လုပ်သမျှ ကာလပတ်လုံး အနှောင့်အယှက်မပေးပါဘူးလို့ ကတိပေးပါတယ်၊ တခြားက အန္တရာယ်တွေ လာရင်လည်း မိတ်ဆွေကြီးတို့ကို ကြိုပြောပေးပါ့မယ်"

ဟု ကတိပေးလေသည်။ ထိုစကားကြားသောအခါ နီမောင်နှင့် ဦးဗန်ကောင်းတို့မှာ တိုင်ပင်ကြရသည်။

"သူတို့လည်း ကျွန်တော်တို့ကို အကူအညီပေးသင့်သလောက် ပေးခဲ့တာပဲ၊ အနှောင့်အယှက် မပေးဘူးဆိုရင်တော့ ထားလိုက်ပါ ဆရာကြီးရယ်"

ဟု နီမောင်က ပြောလိုက်ရာ ဦးဗန်ကောင်းကလည်း သဘောတူလေသည်။

"ကိုင်း. . . ဒီလိုဆိုရင်လည်း ခင်ဗျားတို့ကို မနှင်တော့ပါဘူး၊ ကတိအတိုင်းသာ နေကြပါ"

"ဝမ်းသာလိုက်တာ မိတ်ဆွေကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ အမှောင်ရိပ်အတွင်းသို့ ခပ်သုတ်သုတ် ပြန်သွားလေတော့သည်။

သူပြန်သွားပြီးနောက် တစ္ဆေကုန်းဘက်မှ ပျော်ရွှင်သောကြောင့် အော်ဟစ်ရယ်မောသံ၊ စကားပြောသံများကို အတိုင်းသားကြားနေကြရသည်။

နောက်တစ်နေ့ တစ်နေ့လုံးမှာလည်း အခြေအနေ စောင့်ကြည့်သော်လည်း ထပ်မံမထူးခြားသောကြောင့် ဗိုလ်တဲပေါ်မှ သရဲလင်မယားကို နှင်ထုတ်ရန် စီစဉ်ကြလေတော့သည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ဂမုန်းနက်ဆေးဖြင့် ပြုလုပ်စီရင်ထားသောကြိုးများဖြင့် ဗိုလ်တဲအိမ်ကို ပတ်ဝိုင်းလိုက်သည်။

ထိုသို့ပတ်ဝိုင်းနေသည်ကို အိမ်အပေါ်ထပ်မှ မည်းမည်းသဏ္ဍာန်နှစ်ကောင်က ငုံ့ကြည့်နေကြသည်ကို မလှမ်းမကမ်းမှ အလုပ်သမားများက အတိုင်းသား လှမ်းမြင်ကြရသည်။

ဆေးမှုန့်များ၊ ကြိုးများဖြင့် ပတ်ဝိုင်းပြီးသောအခါမှ ၎င်းဗိုလ်တဲတို သစ်ကိုင်းခြောက်များ၊ ဝါးရွက်ဝါးကိုင်းခြောက်များ စုပုံ ရေနံဆီလောင်းကာ မီးရှို့လေတော့သည်။

မီးတောက်ကြီးများက တခဏချင်းမှာပင် သရဲခြောက်သောဗိုလ်တဲတစ်ခုလုံး ဝါးမျိုလေသည်။

မီးတောက်များ တက်လာစဉ် ဗိုလ်တဲပေါ်မှာ ဆောက်တည်ရာမရ ပြေးလွှားနေသော မည်းမည်းသဏ္ဍာန်နှစ်ကောင်ကို အတိုင်းသားလှမ်းမြင်နေရသည်။

၎င်းသရဲနှစ်ကောင်မှာ အိမ်ပေါ်မှ အောက်သို့ဆင်းပြေးလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းစည်းအနီးရောက်သောအခါ ကြောက်လန့်တကြားနှင့် နောက်ဆုတ်သွားပြီး ဆောက်တည်ရာမရဖြစ်ကာ အိမ်ပေါ် ပြန်တက်သွားလိုက်ဖြစ်နေသည်။

နောက်ဆုံးတော့ အောက်ကိုလည်း ဆင်းပြေးလို့မရ၊ အိမ်ပေါ်လည်း တက်၍မရဘဲ အရှိန်ရလာသော မီးတောက်ကြီးများကြားဝယ် မရှုမလှ အော်ဟစ်ရင်းနှင့် တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

နောက်ဆုံးမှာတော့ ဗိုလ်တဲတစ်ခုလုံးလည်း မီးတောက်ကြီးများ ဝါးမျိုခံရသဖြင့် ပြာပုံဘဝ ရောက်သွားလေတော့သည်။

"ကဲ. . . ဒီက ပြီးပြီဆိုတော့ သစ်ညီနောင်ကို သွားကြရမယ်"

ဟု ပြောကာ မီးတုတ်မီးတိုင်များ ထွန်းကာ ကညင်ပင်ညီနောင်သို့မဟုတ် သစ်ညီနောင် ရှိရာသို့ သွားကြလေသည်။

"ဆရာကြီး. . . သူတို့ကိုလည်း သတိပေးဦးမှာလား"

"သူတို့က သတိပေးလည်း ရမှာမဟုတ်တော့ တစ်ခါတည်းပဲရှင်းရမှာပဲ"

ဟု ပြောကာ သွားကြရာ သစ်ညီနောင်သို့ ရောက်သောအခါ ညဦးပိုင်းအချိန် ရောက်နေချေပြီ။

ထိုနေရာရောက်သောအခါ ထွေထွေထူးထူး လုပ်မနေတော့ဘဲ အသင့်ယူသွားသော ဂမုန်းနက်ဆေးမှုန့်များ၊ ကြိုးများဖြင့် ပတ်ဝိုင်းလိုက်ကြသည်။

"အရင်တစ်ခါ ပရိတ်ချည်ပရိတ်ကြိုးတွေနဲ့ ဝိုင်းတုန်းကတော့ ဆင်းဖြုတ်ပစ်တယ်၊ ဒီတစ်ခါရော ဆင်းဖြုတ်နိုင်မလားဆိုတာ ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

ဟု ပြောကာ တစ်နေရာမှ စောင့်ကြည့်ကြလေသည်။

သူတို့ ဂမုန်းနက်ဆေးမှုန့်များ၊ ကြိုးများဖြင့် ပတ်ဝိုင်းပြီးသော အခါ သစ်ပင်ပေါ်မှ မည်းမည်းသဏ္ဍာန်နှစ်ကောင် အောက်သို့ ဆင်းလာသည်။

သူတို့နှစ်ကောင်အပြင် အပင်အောက်ခြေမှာလည်း တောအုပ် အဝတ်အစား ဝတ်ထားသော မည်းမည်းသဏ္ဍာန်တစ်ကောင်ပါ ရှိနေလေသည်။

"ဟန်ကျတာပဲ. . . သုံးကောင်စလုံး သစ်ပင်နားမှာ ရှိနေတယ်"

ဟု ဦးဗန်ကောင်းက ကျေနပ်စွာ ပြောလိုက်သည်။

အပေါ်မှ ဆင်းလာသော မည်းမည်းသဏ္ဍာန်နှစ်ကောင်မှာ အခြားမဟုတ်ပေ။

သစ်ညီနှောင်မှာ နေသော သဘက်နှစ်ကောင်ပင်ဖြစ်သည်။ အောက်ဘက်၌ ရှိသောသဏ္ဍာန်မှာ တောအုပ်မောင်ထွန်း ဝိညာဉ်ပင် ဖြစ်သည်။

သဘက်နှစ်ကောင်မှာ ဒေါသတကြီးနှင့် သစ်ပင်ပေါ်မှာ ဆင်း လာပြီး ဝိုင်းထားသောကြိုးများကို ဖြက်ဆီးရန် သွားသည်။ အနီးသို့ ရောက်သွားအခါ မတတ်နိုင်သောကြောင့် နောက်ပြန်ပြေးရသည်။

ခဏကြာတော့ ကြိုးဝိုင်းနား သွားပြန်သည်။

မရသဖြင့် ချက်ချင်းနောက်ပြန်ပြေးရပြန်သည်။

ဤသို့ဖြင့် တစ်ညလုံး ပြောင်းဆန်အောင် ရှိနေလေရာ သန်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ယံအချိန်ရောက်သောအခါ သစ်ညီနောင်အပေါ်သို့ ပြန်တက်သွားကြလေသည်။

"ဒင်းတို့ အပြင်မထွက်နိုင်တော့ဘူး . . မီးရှို့ကြရအောင်"

ဟု ပြောကာ သစ်ကိုင်းခြောက်များ၊ ဝါးကိုင်းဝါးရွက်များကို စုပုံကာ မီးရှို့ကြလေသည်။

ဝါးရွက်ခြောက်များမှတဆင့် မီးတောက်များက တခဏချင်း တောက်လောင်လာကာ သစ်ပင်ညီနောင်ကို စွဲလောင်လေတော့သည်။

ထိုအခါမှ အပင်အောက်မှာ ရှိသော မည်းမည်းသဏ္ဌာန်က ပင် အပေါ်သို့ တက်ပြေးသည်။

အပင်ပေါ်မှ သဘက်နှစ်ကောင်က အောက်သို့ ဆင်းလာသည်။ သို့သော် မီးတောက်အပူရှိန်ကြောင့် အပေါ်သို့ ပြန်တက်ပြေးရသည်။

အပင်အောက်မှ မီးတောက်များက အပင်များကို လောင်ပြီး အပေါ်သို့ တက်ကာ သစ်ကိုင်းများ ရှိရာသို့ ရောက်သွားကြသည်။ ထိုအခါ အပင်ပေါ်မှာ ရှိနေကြသော မကောင်းဆိုးဝါးသုံးကောင်မှာ နေစရာ မရှိတော့ဘဲ သစ်ကိုင်းများပေါ်မှာ ဟိုကူးဒီကူး ဖြစ်နေကြသည်။

"မကောင်းဆိုးဝါးတွေတော့ နေစရာ မရှိတော့ဘူး"

"အလုပ်သမားတွေ လူတွေကို ကောင်းကောင်းဒုက္ခပေးနေတဲ့ မိစ္ဆာကောင်၊ ဒီတစ်ခါတော့ မင်းတို့အလှည့်ပဲ"

"ဂမုန်းနက်နဲ့ တွေ့မှပဲ ရန်အေးရတော့မယ်"

သစ်ပင်ပေါ်မှ အခြေအနေများကို အတိုင်းသွားမြင်နေရသော စောထီးနှင့်ငမဲအောင်တို့က ဝမ်းသာစွာ ပြောဆိုနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ မီးတောက်မီးလျှံများက သစ်ပင်ပေါ်မှာ သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များကို တစ်ရှိမ့်ကျန် စွဲလောင်လေရာ သဘာက်များမှာ ပြေးစရာပုန်းစရာ နေရာမရှိတော့ဘဲ မီးတောက်ကြီးများ၏ဝါးမျိုခြင်း ခံကြရလေရာ အသံမကြားရသော်လည်း စူးစူးဝါးဝါး အော်ဟစ်နေကြပုံများကို အတိုင်းသား မြင်နေရသည်။

အတန်ကြာသောအခါ ၎င်းတို့သဏ္ဍာန်များမှာ မီးခိုးလုံးများနှင့် ရောနှောကာ တဖြည်းဖြည်းနှင့် ကွယ်ပျောက်သွားလေတော့သည်။ မီးတောက်မီးလျှံများကလည်း နာမည်ဆိုးဖြင့် သတင်းကြီးနေသော သစ်ညီနောင်အမည်ခံ ကညင်ပင်ညီနောင်ကြီးနှစ်ပင်ကို အပင်ခြေမှ အစ အပင်ပေါ် နေရာလပ် မကျန်အောင် ဝါးမျိုပစ်လိုက်ရာ နောက်ဆုံး တအိအိနှင့် မြေပြင်ပေါ်သို့ ဗုန်းဗုန်းလဲကျသွားလေတော့သည်။

ထိုအခါမှပင် မီးတောက်မီးလျှံများလည်း တဖြည်းဖြည်းနှင့် ငြိမ်းကျသွားလေတော့သည်။

နောက်ဆုံးမှာတော့ သစ်ညီနောင်နှစ်ပင်မှာ အမှိုပြုနေသော သဘာက်နှစ်ကောင်မှာ သစ်ပင်များနှင့်အတူ နိဂုံးချုပ်သွားခဲ့လေတော့သည်။

နောက်ပိုင်းမှာတော့ ထိုနေရာတဝိုက်မှ သစ်တောများအတွင်းသို့ အလုပ်သမားများ ဝင်ရောက်၍ သစ်များ ထုတ်လုပ်ကြရာ မည်သည့်အနှောင့်အယှက်မှ မကြုံတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

# ပဌမံကျမ်းနှင့် ဖြစ်ပွားတတ်သော လက္ခဏာများ

ဂမုန်းနက် ဆေးတန်ခိုးဖြင့် အနှောင့်အယှက် ပေးနေသော မိစ္ဆာများကို ရှင်းလင်းသုတ်သင်ပြီးသည့်နောက်ပိုင်းတွင် အလုပ်လုပ်ရာတွင် ခါတိုင်းလို အနှောင့်အယှက်များ မတွေ့ရတော့သဖြင့် အလုပ်သမားများမှာ စိတ်ပျော်ရွှင်လျက် ရှိနေကြလေသည်။

အလုပ်စခန်းမှာ မပျော်ရွှင်သူတစ်ယောက်တော့ ရှိသည်။ ၎င်းမှာ နီမောင်ပင်ဖြစ်သည်။

နီမောင်မှာ ဂမုန်းဂူမှ ပြန်ရောက်လာကတည်းက ခါတိုင်းကဲ့သို့ လန်းဆန်းတက်ကြွမှုနှင့် ကြည်လင်ရွှင်ပျမှု မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ခွင်မှာ အလုပ်လုပ်နေချိန်မှာလည်း မျက်နှာက မှိုင်နေလေ့ရှိပြီး အလုပ်နားသောအခါမှာလည်း အခြားလူများနှင့် ရောရောနှောနှော မနေဘဲ သီးခြားနေလေ့ရှိကာ ငေးမှိုင်နေတတ်သည်။

ထိုအခါ စခန်းတာဝန်ခံလည်းဖြစ်၊ အလုပ်သမားခေါင်းဆောင်လည်းဖြစ်သည့် ဦးမွန်ထော်က ဆရာကြီးဦးဗန်ကောင်းအား တိုးတိုးတိတ်တိတ် မေးရသည်။

"ဆရာကြီး. . . ခုတလော နီမောင်ကြည့်ရတာ အခြေအနေသိပ်မဟန်လှဘူး၊ ဟိုမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ တစ်ဆိတ်လောက်ပြောပြပါဦး"

"ကျုပ်နဲ့သူနဲ့ မင်္ဂလာပွဲတစ်ခု သွားကြတယ်ဗျာ၊ ဟိုရောက်တော့ သူက မိန်းကလေးတစ်ယောက်နဲ့ မင်္ဂလာဆောင်ပေးရတယ်၊ နောက်တော့ ကျုပ်တို့နှစ်ယောက်ကို သူတို့နေတဲ့ရွာကို ခေါ်သွားတာပါပဲ"

ဦးဗန်ကောင်းက တွေ့ကြုံခဲ့ရသောအကြောင်းများကို ဦးမွန်ထော်အား ပြန်ပြောပြလိုက်လေသည်။

"ဒါ. . ဒါဖြင့် သူနဲ့ မင်္ဂလာဆောင်ခဲ့တဲ့ မိန်းကလေးက လူအစစ်မဟုတ်ဘူးပေါ့"

ဦးဗန်ကောင်းက ကွမ်းဝါးရင်းနှင့် ခေါင်းခါပြသည်။

"ဒါဖြင့် ဘာလဲဟင်"

"ဘုမ္မိယ သိုက်နန်းနဲ့ အဆက်အသွယ်ပြုနိုင်တဲ့ ပရလောကသားတစ်မျိုးပါပဲ"

"သိုက်နန်းနဲ့ အဆက်အသွယ်ပြုနိုင်တဲ့သူဆိုတော့ သိုက်စောင့်တွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သိုက်စောင့်စစ်စစ် မဟုတ်ပြန်ဘူး"

"ဒါဖြင့် ဘယ်လိုလဲဟင်"

"သူတို့ရဲ့ဝိညာဉ်တွေက လူတွေနဲ့ အဆက်အသွယ်ပြုနိုင်သလို ခန္ဓာကိုယ်ကလည်း လူတွေနဲ့ အတူတကွ နေလို့ရနိုင်တယ်၊ ပြောရရင်တော့ ဘုမ္မိယတစ်ဝက် လူတစ်ဝက် ဖြစ်နေတဲ့လူမျိုးတွေပေါ့"

ထိုစကားကြားသောအခါ ဦးမွန်ထော်မှာ စိတ်လှုပ်ရှားသွားလေတော့သည်။

"ကျုပ်တို့ ကြားဖူးတာကတော့ နေ့အချိန်မှာ လူလို နေနိုင်ပြီး ညအချိန် ရောက်လာရင် ငရဲခံရတဲ့ အသူရကာယ်ဘုံသားတွေအကြောင်းပဲ ကြားဖူးပါတယ်၊ လူတစ်ပိုင်း ဘုမ္မိယတစ်ပိုင်းဖြစ်နေတဲ့လူတွေအကြောင်းတော့ အခုမှပဲ သိရတော့တယ်"

"သုံးဆယ့်တစ်ဘုံမှာ ကျုပ်တို့ဉာဏ် တစ်ထွာတစ်မိုက်နဲ့ မသိနိုင်သေးတဲ့ ဘုံဘဝမျိုးတွေ အများကြီး ရှိသေးတာပဲ ဦးမွန်ထော်ရယ်၊ ဒါက ဘာများ ဆန်းမလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ သူ့တို ပယောဂ တစ်ခုခု စွဲကပ်နေတယ်လို့ ထင်မိလို့ပါ"

"မဟုတ်ပါဘူး. . . ကျုပ်အကဲခတ်ကြည့်ပြီးပါပြီ၊ ပယောဂနှောင့်ယှက်လို့ မဟုတ်ပါဘူး၊ စိတ်စွဲလမ်းမှုကြောင့် အခုလို ဖြစ်နေတာပါ၊ ပယောဂ စွဲကပ်နေတယ် မှန်ရင် သိနိုင်တဲ့အချက်တွေ ရှိပါတယ်"

"ဘယ်လိုအချက်တွေလဲ ဆရာကြီးရဲ့၊ ဗဟုသုတ ရအောင် ပြောပြပေးပါဦး"

ထိုအခါ ဆရာကြီးဦးဗန်ကောင်းက လူတစ်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com



ပယောဂ စွဲကပ်နေပါက သိနိုင်သည့်အချက်များကို ပြောပြလေသည်။ ထိုပညာရပ်များသည် မဟာပဋ္ဌာန်းထွက်ရပ်ပညာမှ ဖြစ်ပေသည်။

(၁) ဆေးမိခံရသောအခါ. . .

နံနက်စောစော မှိုင်ခြင်း၊ ထမင်းကောင်းကောင်းမစားခြင်း၊ စကားကောင်းစွာမပြောခြင်း၊ ညနေစောင်းလာပါက ငိုယိုခြင်း စသော လက္ခဏာမျိုးရှိသည်။

(၂) အစာမိသောအခါ. . .

နံနက်အော့အန်ခြင်း၊ ရေများများသောက်ခြင်း၊ ညအချိန် ချွေးထွက်များခြင်း၊ ဝမ်းဗိုက်ထဲမှအောင့်ခြင်း၊ နာခြင်းလက္ခဏာမျိုး ရှိသည်။

(၃) ဘူးသွင်းခံရသောအခါ. . .

နံနက်၊ နေ့လည်၊ ညအချိန် အော့အန်ခြင်း၊ အခြားသူများ၏ မျက်နှာကို ရဲရဲမကြည့်ဝံ့သော လက္ခဏာမျိုးရှိသည်။

(၄) စုန်း၊ နတ် ဖမ်းစားခြင်း ခံရသောအခါ. . .

နံနက်ပိုင်း ကြည်လင်၍ နေ့လည်ပိုင်းအချိန် ရောက်လျှင် စိတ်ထဲမှ နောက်ကျိလာခြင်း၊

ညပိုင်းအချိန် ခြေလက်ကုတ်ခြင်း၊ ရှုန်းကန်ခြင်း၊ လူးလှိမ့်ခြင်း၊ တက်ခြင်း အစရှိသော လက္ခဏာမျိုးရှိသည်။

(၅) ကဝေဖမ်းစားခြင်း ခံရသောအခါ. . .

ဆရာနှင့် တွေ့က ပူးခြင်း၊ ခွာခြင်း၊ ငိုခြင်း၊ ရယ်ခြင်း၊ ခြမ်းနဲ့ လေးစား အမူအယာ လက္ခဏာမျိုးရှိသည်။

(၆) ဇော်ဂျီ ဖမ်းစားခြင်း ခံရသောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



နေ့ညမပြတ် အမြဲပူးကပ်နေခြင်း၊ ညည်းညူခြင်း၊ မကြည်မလင် လက္ခဏာမျိုးရှိသည်။

(၇) ဆယ့်နှစ်ကြိုးကဝေ ဖမ်းစားခံရသောအခါ. . .
နေ့စဉ်အောင့်ခြင်း၊ စကားခက်ထန်မာကြောစွာ ပြောခြင်း၊ အစားအစာ စားသောက်၍မရခြင်း၊ ပြာပူထဲ ငါးအရှင်ချသကဲ့သို့ တဖျပ်ဖျပ် လူးနေရသည့် လက္ခဏာမျိုးရှိသည်။

(၈) (၃၇)မင်းနတ်များ ဖမ်းစားခြင်း ခံရသောအခါ. . .
အသားအရေ အမြဲပူနေပြီး အညိုရောင်အသားအရေများ ဖြစ်လေ့ရှိခြင်း၊ အစားအစာ မစားသောက်နိုင်ခြင်း၊ မျက်လုံး မျက်ဆံအိမ် နီခြင်း၊ စကားပြောလျှင် မာကြောခြင်း၊ အမြဲတစေ အော်ငေါက်နေခြင်း အစရှိသော လက္ခဏာမျိုးရှိသည်။

(၉) သရဲတစ္ဆေ ဖမ်းစားခံရသောအခါ. . .
ပူးကပ်ခြင်း၊ ငိုယိုခြင်း၊ အစားအသောက်များ ကြမ်းတမ်းစွာ စားသောက်သည့် လက္ခဏာမျိုးရှိသည်။

(၁၀) မှင်စာဖမ်းစားခြင်း ခံရသောအခါ. . .
ခြေဖဝါး ယားယံခြင်း၊ ဝမ်းဗိုက်နာခြင်း၊ လူကို ရဲရဲမကြည့်ရဲခြင်း အစရှိသော လက္ခဏာမျိုးရှိသည်။

(၁၁) သူယောင်ဖမ်းစားခြင်း ခံရသောအခါ. . .
အမြဲပူးကပ်၍ ဆေးကုသ,သလို ပုံသဏ္ဍာန်မျိုး လုပ်ခြင်း၊ ဘဝင်မြင့်၍ မာနကြီးသောစကားမျိုးကို အမြဲပြောဆိုသော လက္ခဏာမျိုးရှိသည်။

(၁၂) ဥစ္စာစောင့် ဖမ်းစားသော်. . .



www.burmeseclassic.com

www.burmeseclassic.com



အမြဲပူးကပ်၍ မူရာမာယာ များတတ်ခြင်း၊ အစဉ်သဖြင့် အလှပြင်ခြင်း၊ လူများနှင့် ရောရောနှောနှော မနေလိုပဲ သီးသန့် နေထိုင်ခြင်း အစရှိသော လက္ခဏာမျိုးရှိသည်။

(၁၃) (. . . . )အတိုက်ခံရသောအခါ. . .

အိမ်၌ ရှိသောလူများ တစ်ယောက်ပြီးတစ်ယောက် ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ပစ္စည်းများ ထိခိုက်ပျက်စီးခြင်း၊ မူးဝေအော့အန်ခြင်း၊ အစဉ်သဖြင့် မှိန်းနေခြင်း အစရှိသော လက္ခဏာမျိုး ရှိသည်။

(၁၄) ရုက္ခစိုး အကိုင်ခံရသောအခါ. . .

တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ ၎င်းကို လူနှစ်ယောက် ဖက်၍ မနိုင်ခြင်း၊ ဆီးပေါက်ခြင်း၊ ဝမ်းသွားခြင်း စသည်တို့ မနိုင်မနင်း ဖြစ်ခြင်း၊ အမြဲတစေ တအီအီနှင့် ငိုကြွေးခြင်း လက္ခဏာများ ရှိပေသည်။

(အထက်ပါ အရိပ်လက္ခဏာများဖြင့် ရောဂါ၏အကြောင်း အရင်းများကို အကဲခတ် သိနိုင်ကြပေမည်)

"အင်း. . . ဆရာကြီး ပြောပြမှပဲ ပယောဂ လက္ခဏာတွေကို သိရတော့တယ်၊ ဒီအတိုင်းဆိုရင် နီမောင်ဟာ ဘုမ္မိယ အဆက်အနွယ် ဖြစ်နေတဲ့ မိန်းကလေးကို စွဲလမ်းမှု ဖြစ်နေတာ အမှန်ပဲပေါ့၊ ဘယ်လို လုပ်ကြမလဲ ဆရာကြီး"

ဟု ဦးမွန်ထော်က မေးလိုက်သည်။

"ဒါက အမှောင့်ပယောဂကြောင့် ဖြစ်နေတာ မဟုတ်ဘဲ သူ့ရဲ့ စိတ်အစွဲအလမ်းကြောင့် ဖြစ်နေတာဆိုတော့ သူ့စိတ်ကို သူပဲ ပြုပြင်မှ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊

စိတ်အစွဲအလမ်းတစ်ခုကို ဆေးဝါးနဲ့ ကုသလို့မရဘူး စိတ်ဖြေရာနည်းတွေနဲ့ သူကိုယ်တိုင် ကုမှပဲ ရတော့မယ်ဗျာ"

"အင်း . . ဒီလိုဆိုတော့လည်း သဗ္ဗေသတ္တာ ကမ္မသကာပေါ့ ဆရာကြီးရယ်"

ဟု ပြောလိုက်လေသည်။

နောက်ထပ် ရက်အနည်းငယ်ကြာသောအခါ နီမောင်တစ်ယောက် စခန်းမှ ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။

ဦးဗန်ကောင်းတို့က နေရာအနှံ့ လိုက်လံရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ကြရတော့ပေ။

နီမောင်တစ်ယောက် သူစွဲလမ်းနေသော ဘုမ္မိယ အဆက်အနွယ်ဖြစ်သော မြသင်းကြူ ရှိရာသို့ပဲ သွားလေသလား။ ဒါမှမဟုတ် တစ်နေရာရာသို့ ထွက်သွားလေသည်လား မသိရတော့ပေ။

အချို့ကလည်း ဦးပန်းမောင်တို့ နေသော ကျတ်ကုန်းရွာ ရောက်အောင် သွား၍ သတင်းစုံစမ်းကြည့်ကြသည်။

အချို့ကလည်း ဂမုန်းဂူ ရှိရာဘက်သို့ သွားရောက်ရှာဖွေကြသော်လည်း နီမောင်ကို မဆိုထားနှင့်၊ ဂမုန်းဂူကိုပင် မတွေ့ခဲ့ကြရပေ။

သို့ကြောင့် လက်လျှော့ကာ ပြန်ခဲ့ကြရသည်။

သူနှင့် လုပ်ဖော်ကိုင်ဖက်များကတော့ သဘောမနောကောင်းပြီး စိတ်ထားဖြူစင်သော နီမောင်အတွက် စိတ်မကောင်း ဖြစ်နေခဲ့ကြလေသည်။

နောက်ထပ် လအနည်းငယ် ကြာသောအခါ တောထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေကြသူအချို့မှာ တောတွင်းတစ်နေရာ၌ လှပသော အမျိုးသမီးတစ်ဦးနှင့် အတူတူ တွဲသွားသောနီမောင်ကို လှမ်းမြင်လိုက်ကြသည်။

အတော်ဝေးဝေးမှ လှမ်းမြင်လိုက်ရသဖြင့် နှုတ်ဆက်ခွင့်တော့ မရလိုက်ကြပေ။

အားလုံးကတော့ နီမောင်တစ်ယောက် သူစွဲလမ်းနှစ်သက်သော ဂမုန်းဂူမှ မြသင်းကြူ ရှိရာသို့ ရောက်သွားလေပြီဟုသာ မှတ်ချက်ချလိုက်ကြတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကညင်ညီနောင်)အမည်ရှိ ပရဆန်းကြယ်ဝတ္ထုမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီးယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ (၂၀၀၉)ခုနှစ် ဇွန်လ(၂၄)ရက်။
ကြာသပတေးနေ့ နေ့လည်(၂း၃၀)နာရီ။

www.burmeseclassic.com